# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကိုယ်စောင့်ရှောက်**

မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏။ တစ်ပါးသူသည် အဘယ်မှာ ကိုးကွယ်ရာဖြစ်နိုင်အံ့နည်း။ မိမိသာလျှင် မိမိ၏ လဲလျောင်းရာဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းမြင်းများကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကိုယ် စောင့်ရှောက်လေလော့။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၈၀)


၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၆၆)


# ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် မူးယစ်ဆေးဝါးပြဿနာကို သိသာထင်ရှားစွာ လျော့နည်းကျဆင်းအောင် ဆက်လက်ကြိုးပမ်းသွားရမည်

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် မူးယစ်ဆေးဝါးပြဿနာကို သိသာထင်ရှားစွာ လျော့နည်းကျဆင်းအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတက တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အနေဖြင့် ဘိန်းစိုက်ပျိုးမှုတိုက်ဖျက်ရေး စစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံရေးနည်းလမ်းများအရ အမျိုးသားပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်များကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်မှုရရှိလာသည်နှင့်အမျှ မူးယစ်ဆေးဝါးထိန်းချုပ်မှုများသည်လည်း ပိုမိုခိုင်မာအားကောင်းလာမည် ဖြစ်ပါကြောင်း။

ထို့ပြင် ကမ္ဘာ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းပါ

*စာမျက်နှာ ၃ ကော်လံ ၁* ■




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)**

# ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု လူနေအိမ်ခန်း ၆၀၀ ကျော်ပါ တာဝါကြီးဖွင့်




**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံ၌ ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည့် မြန်မာပလာဇာ တတိယမြောက်တာဝါကို မိတ်ဆက်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

"Hoang Anh Gia Lai (HAGL)Myanmar နဲ့အဆင့်မြင့် လူနေတိုက်ခန်းတွေရှိတဲ့ The Lake Suites မှ တတိယမြောက် တာဝါကြီးဖြစ်ပါတယ်။ အဆင့်မြင့် လူနေအိမ်ခန်းပေါင်း ၆၆၆ ခန်း ပါဝင်မှာဖြစ်ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

# ယူရိုငွေ ၃ ဒသမ ၁၂ သန်း တန်ဖိုးရှိ ပုလဲအတွဲပေါင်း ၃၁၂ တွဲ ရောင်းချ

**နေပြည်တော် ဇွန် ၂၆**

(၅၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့၌ ယူရိုငွေ ၃ ဒသမ ၁၂ သန်း တန်ဖိုးရှိ ပုလဲအတွဲပေါင်း ၃၁၂ တွဲကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်များဖြင့် ရောင်းချနိုင်ခဲ့သည်။

ယနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၁၁၃ တွဲကို ဆက်လက်ရောင်းချရာ ယူရိုငွေ ၀ ဒသမ ၇၆ သန်း တန်ဖိုးရှိ ပုလဲအတွဲ ၈၉ တွဲကို လည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့် ပုလဲအတွဲ ၂၇ တွဲကို ရောင်းချရာ ယူရိုငွေ ၀ ဒသမ ၆၀ သန်း တန်ဖိုးရှိ ပုလဲအတွဲ ၂၃ တွဲကိုလည်းကောင်း ရောင်းချပေးခဲ့သည်။

ပြပွဲစတင်ကျင်းပချိန်မှ ယနေ့အထိ ပုလဲအတွဲပေါင်း ၃၃၈ တွဲအနက် အတွဲပေါင်း ၃၁၂ တွဲကို ဈေးပြိုင်စနစ်၊ အိတ်ဖွင့်တင်ဒါစနစ် တို့ဖြင့် ရောင်းချခဲ့ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ✪




မြန်မာ့အလင်း

# အကူးအပြောင်းကာလနှင့် ဒီမိုကရေစီကိုယ်ခံအားမြှင့်တင်ရေး

အစိုးရသစ်၏ရည်မှန်းချက်များတွင် အဓိကအားဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးတို့ဖြစ်ကြောင်း ဧပြီလ ၁ ရက်နေ့က နိုင်ငံတော်သမ္မတမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောစကားတွင် ထိုအချက်များအပြင် ဒီမိုကရေစီရှင်သန်အမြစ်တွယ်ရေးကိုပါ ထည့်သွင်းပြောကြားခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ၁၄ နှစ်တာမျှ ကျင့်သုံးဖူးသော နိုင်ငံဖြစ်ပေသည်။ ပါလီမန်စနစ်အခြေခံသော ဒီမိုကရေစီအုပ်ချုပ်မှုနှင့် ဒီမိုကရေစီအခြေခံ အတော်များများကို တည်ဆောက်ခဲ့ဖူးသောနိုင်ငံဟု ဆိုနိုင်ပါသည်။ ထိုအချိန်က ပြည်တွင်းစစ်ရှိနေသည့်တိုင် စီးပွားရေးတိုးတက်မှုရှိခဲ့ပြီး ဒေသတွင်းသြဇာအရှိန်အဝါရှိခဲ့သော နိုင်ငံဖြစ်ခဲ့ပေသည်။

ဖဆပလအစိုးရလက်ထက်တွင် လွတ်လပ်ရေးရသည်မှစ၍ ဒီမိုကရေစီပြန့်ပွားရေးလုပ်ငန်းများကို အားစိုက်လုပ်ဆောင်ခဲ့သည်ကိုလည်း တွေ့နိုင်ပါသည်။ ၁၉၅၁ ခုနှစ်မှစ၍ ဒီမိုကရေစီဂျာနယ်ကို ထုတ်ဝေခဲ့ပြီး ထိုစာအုပ်များကို ၁၉၅၇ ခုနှစ်လောက်အထိထုတ်ခဲ့သောအထောက်အထားများ တွေ့ရသည်။ ထို့ပြင် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးစာစောင်များကိုလည်း ၁၉၅၄ ခုနှစ် ဩဂုတ်လမှစ၍ အတွဲ ၁၊ အမှတ် ၁ ကို ထုတ်ဝေခဲ့ပြီး ၁၉၅၈ခုနှစ်လောက်အထိ တွေ့ရှိရသည်။ အစိုးရထုတ်ဝေခဲ့သော စာစောင်များဖြစ်သည့်အတွက် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချိခဲ့မည်ဟု မှန်းဆနိုင်ပါသည်။ ထိုစာစောင်များတွင် 'ဒီမိုကရေစီကို ကျွန်ုပ်တို့အဘယ်ကြောင့် လက်ခံသင့်သနည်း' ဟူသော ၂၀ ရာစုအတွေးအခေါ်ပညာရှင် ဘာထရန်ရပ်ဆဲလ်၏ ဆောင်းပါးမျိုးကအစ၊ အချက် ၃၀ ပါ ပဲရစ်လူ့အခွင့်အရေးကြေညာစာတမ်းမျိုးအထိ ဘာသာ ပြန်ဆိုချက်များပါဝင်သည်ကို တွေ့ရသည်။ ထို့ပြင် လူ့အခွင့်အရေးဆိုင်ရာ သဘောထားများ၊ လူများစု လူနည်းစုဆိုင်ရာ အမြင်များအပြင် အခြားဝတ္ထု၊ ကဗျာ၊ ဆိုရိုးများ၊ နီတိများစုံစုံလင်လင် တွေ့မြင်ရသည်။ ထိုခေတ်က အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများ၊ မိန့်ခွန်းများ အများအပြားကိုလည်း တွေ့နိုင်ပါသည်။

သို့သော် တိုင်းပြည်မှာ ၁၉၆၂ ခုနှစ်ကစ၍ ဒီမိုကရေစီဆိတ်သုဉ်းသော နိုင်ငံဖြစ်ခဲ့ရသည်။ ပြည်တွင်းနိုင်ငံရေးစေ့ဆော်မှုများနှင့်နိုင်ငံတကာ နိုင်ငံရေးဖြစ်စဉ်လမ်းကြောင်းများက ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများကို အာဏာရှင်စနစ်များအောက် တွန်းပို့ခဲ့သည်။ အာဏာရှင်များဆိုရာတွင် ဆူဟာတို၊ ပတ်ချုံဟီးတို့ကဲ့သို့ လက်ယာယိမ်း အာဏာရှင်များရှိခဲ့သလို ကတ်စထရိုလိုလက်ဝဲအာဏာရှင်များလည်း ရှိခဲ့သည်။ မြန်မာနိုင်ငံတွင်မူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဟူသော လမ်းစဉ်တစ်ခုအောက် ၂၆ နှစ်ကျရောက်ခဲ့ရသည်။ ထို့အပြင် နောက်ထပ်အနှစ် ၂၂နှစ်တာမျှ ဒီမိုကရေစီ စနစ်နှင့်ဝေးခဲ့ရသည်။

ယခုလွတ်လပ်ခွင့်များအတွက် လမ်းစပေါ်လာပြီး တစ်ကျော့ပြန် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရတော့မည်။ ယနေ့ကမ္ဘာသည် စစ်အေးကာလကိုကျော်လွန်လာခဲ့ပြီ၊ လစ်ဘရယ်ဒီမိုကရေစီအောင်ပွဲခံသော ခေတ်ဟုဆိုနိုင်သည်။ သို့တိုင်အောင် လူကောင်းလား လူဆိုးလား၊ သူ့လူလား ကိုယ့်လူလား၊ မိစ္ဆာဝင်ရိုးစွန်းလား၊ မဟာမိတ်သူတော်စင်လား ခွဲခြားမှုများကြောင့် ကမ္ဘာတစ်လွှားပဋိပက္ခပေါင်းစုံ ပြွမ်းတီးနေသည်။ အစွန်းရောက်အယူများ ခေါင်းထောင်ထနေသည်။ ခွဲထွက်ရေး၊ ကွဲအက်ရေးအသံများညံနေသည်။ လစ်ဘရယ်ဒီမိုကရေစီပင် ငိုချင်းချရတော့မည့်ကာလလောဟု ပြောလာကြရသည်။

သို့အတွက် ဒီမိုကရေစီကိုယ်ခံအား ကောင်းဖို့လိုလာသည်။ မတူကွဲပြားမှုများကြား သည်းခံခြင်းတရားဖြင့် ဆက်ဆံနိုင်ကြရမည်။ ဘာသာရေး၊ နိုင်ငံရေးအစွန်းတရားများကို ကျော်လွန်၍ ကြည့်မြင်ကြရပါမည်။ တစ်ဦးချင်းလွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်၊ နေပျော်သောဘဝများ ရှင်သန်ဖန်တီးနိုင်ခွင့် အခြေခံသည့် လစ်ဘရယ်သဘောတရားများနှင့် ဒီမိုကရေစီနည်းကျ ကျင့်ထုံးများပေါင်းစပ်နိုင်အောင် ကြိုးပမ်းကြရန်လိုပါသည်။ ဒီမိုကရေစီရှင်သန်အမြစ်တွယ်ရေးအတွက် ယခင်ပါလီမန်ခေတ်က ကြိုးပမ်းမှုထက်မလျော့သော ကြိုးပမ်းမှုမျိုးပြုရန်လိုပါသည်။ သို့မှသာ ရင်ကြားစေ့ရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ အကူးအပြောင်း ဖြစ်စဉ်အားလုံးအတွက် လုံလောက်သော ကိုယ်ခံအားကိုရရှိနိုင်မည်ဟုယူဆပါကြောင်း။ ။



## ရန်ကုန်တိုင်းသတင်းစာဆရာအသင်း ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း၏ အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်လုပ်ငန်းအစည်းအဝေးကို ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်ခမ္မာရုံ၌ ဇူလိုင် ၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဖွဲ့စည်းပြီးသော မြို့နယ်သတင်းစာဆရာအသင်း အလုပ်အမှုဆောင်များထံ ဖိတ်စာ အချိန်မီပေးပို့မည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ပြီး အင်္ကျီအဖြူလက်ရှည်၊ တိုက်ပုံအဖြူ အမျိုးသား ဝတ်စုံဖြင့် တက်ရောက်ချီးမြှင့်ရန် နှိုးဆော်ထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ကျောင်းကျန်းမာရေးအသိပညာပေးဟောပြော

နတ်တလင်း ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မအခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၀ ရက်နံနက်က ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သွားကျန်းမာရေးဆရာဝန်ဒေါက်တာ ခိုင်ခိုင်ညို၊ ကျောင်းကျန်းမာရေးဆရာမ ဒေါ်သင်းသင်းဌေးနှင့်အဖွဲ့က ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ လက်ကိုအစာမစားမီစင်ကြယ်အောင်ဆေးခြင်း၊ သွားတိုက်နည်းများပြသ၍ တစ်ဦးချင်းကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားဆရာဝန်က သွားများစစ်ဆေးခြင်း၊ ကျန်းမာရေးအဖွဲ့ကလည်း သောက်သုံးရေများ၌ အဘိတ်ဆေးခတ်ခြင်း၊ ကျောင်းအိမ်သာများစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ တိုင်းအဆင့်ကျင်းပ

နေပြည်တော် ဇွန် ၂၆

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ကမ္ဘာ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းသုံးခုတွင် ပါဝင်လက်မှတ်ရေးထိုး၍ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းစသည်ဖြင့် ဇွန် ၂၆ ရက် နံနက်ကကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနား၌ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို နေပြည်တော်ရဲတပ်ဖွဲ့ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး စိုးဝင်းက ဖတ်ကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် တိုက်ဖျက် ရေးနေ့ အထိမ်းအမှတ်အတွက် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်မှ ပါဝင်ယှဉ်ပြိုင်ခဲ့သော ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူ ၄၅ ဦးအားနေပြည်တော် ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးဝင်း၊ နေပြည်တော် ရဲတပ်ဖွဲ့ဦးစီး (ပထမတန်း) ဒုတိယရဲမှူးကြီးကျော်တေဇနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

<u>ထင်သာမြင်သာပြုပြင်စရာ</u>

## မော်ကျွန်းသုသာန်တွင် ယာဉ်အဝင် / အထွက် လွယ်ကူစေရေး ပတ်လမ်းထားရှိပေးစေချင်

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နေပြည်သူများ၏ နာရေးကိစ္စအတွက် အသုဘပို့ဆောင်ရာတွင် ကိုယ်ပိုင်ယာဉ်၊ သုံးဘီးယာဉ်၊ လိုင်းဆွဲယာဉ်နှင့် ဆိုင်ကယ်ယာဉ်တန်းများဖြင့် နတ်မင်းကြီးကျေးရွာ ကျီးတစ်ပင်သုသာန်သို့ အသုဘပို့ဆောင်လျက်ရှိကြသည်။

ကျီးတစ်ပင်သုသာန်တွင် ပို့ဆောင်ရေးယာဉ်များအတွက် အဝင်လမ်းသာရှိပြီး အထွက်လမ်း (ပတ်လမ်း)မရှိသဖြင့် အသုဘပို့ဆောင်ကြသော ယာဉ်အားလုံးမှာ သုသာန်အတွင်းပိုင်း လမ်းကွေ့၌ အဝင်ယာဉ်နှင့်အထွက်ယာဉ်များ ပိတ်ဆို့နေသဖြင့် အချိန်အတန်ကြာစောင့်ဆိုင်းပြီးမှ သွားလာကြရသည်။

သို့ဖြစ်၍ မော်လမြိုင်ကျွန်းသုသာန်တွင် နာရေးယာဉ်များ သွားလာမှုအဆင်ပြေစေရေး၊ ယာဉ်လမ်းပိတ်ဆို့မှုမရှိစေရေးနှင့် လိုက်ပါပို့ဆောင်သည့်ယာဉ်များ အချိန်မစောင့်ဆိုင်းရဘဲ ပြန်လည်ထွက်ခွာနိုင်စေရေးအတွက် ယာဉ်အထွက် (ပတ်လမ်း) ထားရှိရေး စီစဉ်ဆောင်ရွက်ပေးရန် မော်ကျွန်းမြို့နေပြည်သူများက လိုလားလျက်ရှိနေကြသည်။

**မော်ကျွန်း-မြင့်အောင်**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၆-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၅၈၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

■ ရှေ့စာမျက်နှာမှ

ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည့် ဥပဒေနည်းဥပဒေများပြဋ္ဌာန်းပြီး အခြားအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးမှုအပြင် စိတ်ကြွရူးသွပ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှု စသည့်စိန်ခေါ်မှုများနှင့် ထပ်မံရင်ဆိုင်လာရခြင်းအပေါ် ၂၀၁၅ ခုနှစ် အာဆီယံဒေသ မူးယစ်ဆေးဝါးကင်းစင်ရေး ရည်မှန်းချက်နှင့် ၂၀၁၅ ခုနှစ်အလွန် မူးယစ်ဆေးဝါးလျှော့ချရေး လုပ်ငန်းစဉ်များနှင့် အညီ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထ ငါးနှစ်စီမံကိန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုကျဆင်းခြင်းဘက်သို့ ဦးတည်လာခဲ့သည်ကို UNODC ၏ အစီရင်ခံစာများ၌ တွေ့ရှိရမည် ဖြစ်ပါကြောင်း။

ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်သုံးစွဲမှုများကို အခြေခံပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ချဉ်းကပ်မှုပုံစံသစ်များကို ရေးဆွဲဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကမ္ဘာ့မူးယစ်ဆေးဝါးဈေးကွက်၊ အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုများကို တန်ပြန်နိုင်မည့် တားဆီးနှိမ်နင်းရေး ရည်မှန်းချက်များကို မဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကကြိုးကိုင်သူများနှင့် ကျူးလွန်သူများကို ဥပဒေနှင့်အညီ တိတိကျကျ ဖော်ထုတ်အရေးယူသွားရန် လိုအပ်ကြောင်း။

လူငယ်ထုအတွင်း မူးယစ်ဆေးဝါး သုံးစွဲမှု လျော့နည်းပပျောက်ရေးနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့်မှုခင်းများလျှော့ချရေးကို အလေးထားဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူ့အသိုင်းအဝိုင်းအတွင်း မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးကို ဦးစားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

မူးယစ်ဆေးဝါး မှုခင်းများသည် နယ်စပ်ဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်သည့် သဘောသဘာဝရှိသည့်အတွက် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်ကုန်ပစ္စည်းများသယ်ဆောင်ရောင်းဝယ်မှု မှုခင်းများသည် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာမှုများအပေါ် အခွင့်ကောင်းယူဆောင်ရွက်လာကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဝင်/ထွက်ပေါက်များ၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကဏ္ဍများတွင် ဌာနချင်းပေါင်းစပ်ညှိနှိုင်းမှု၊ ဒေသတွင်းပေါင်းစပ်ညှိနှိုင်းမှုနှင့် သတင်းဖလှယ်မှုယန္တရားများ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုနောက်ကျနေသေးသည့် ဒေသများ၌ တရားမဝင်ဘိန်းစိုက်ပျိုးမှုလျှော့ချရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံများ၏ယဉ်ကျေးမှု၊ ထုံးဓလေ့နှင့် လူမှုရေးအခြေခံများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေတိုရေရှည်စီမံချက်များဖြင့် အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပြီး ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် အစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဈေးကွက်ရရှိရေး၊ ဝင်ငွေရလုပ်ငန်းများ ဖန်တီးပေးရေး၊ စွမ်းအားမြှင့်တင်ရေး စီမံကိန်းများ၏ Ownership မှ ဒေသခံများ၏ Ownership သို့ လွှဲပြောင်းရောက်ရှိစေရေးနှင့် မြေယာအသုံးချခွင့် စသည့်လုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေး၏ နောက်ဆက်တွဲအန္တရာယ် လျှော့ချရေးလုပ်ငန်းစဉ်များကို ပူးတွဲဆောင်ရွက်ကြရမည်ဖြစ်ပြီး ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ဝန်ဆောင်မှုအခွင့်အရေးများ လက်လှမ်းမီစေရေးနှင့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စနစ်ကျသည့် ကုသရေးစနစ်များ တည်ထောင်ရန်လိုအပ်ပြီး လူထုအခြေပြု မူးယစ်ဆေးစွဲကုသရေးလုပ်ငန်းစဉ်များ ဖော်ဆောင်သွားကြရန်နှင့် လူမှုရေးပံ့ပိုးမှုများပါဝင်သည့် လူမှုဖူလုံရေးလုပ်ငန်းစဉ်များကိုပါ ပေါင်းစပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာဆောင်ရွက်သွားရန် တာဝန်ရှိမည်ဖြစ်ပါကြောင်း၊ သို့မှသာ အစိုးရနှင့် လူအဖွဲ့အစည်းများအကြား ပွင့်လင်းမြင်သာမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း။

မူးယစ်ကင်းစင် ကမ္ဘာတစ်ခွင် ဖြစ်လာရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် မိမိနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အမျိုးသားမဟာဗျူဟာလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. JeremyDouglas က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး ဆုရရှိသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)အတွင်း ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုသည်။

(၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်း၌ ကျင်းပလျက်ရှိပြီး ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များ၌ စုစုပေါင်း မြန်မာ ငွေကျပ် ၆၆၇၃၂ သန်းတန်ဖိုးရှိ မူးယစ် ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)**



**(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့၌ ဝယ်ယူသူများအား တွေ့ရစဉ်**

❂ ရှေ့စာမျက်နှာမှ

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ခင်းကျင်းရောင်းချနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ပြပွဲစတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၅၁၂ တွဲကို ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား
## News Channel

၂၇-၆-၂၀၁၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၈:၃၅ - ပြည်သူ့အတွက် ပထမ ရက် (၁၀၀) (နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)
- ၁၁:၁၅ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁:၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃:၃၀ - မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း **တစ်ခိုင်လုံးရွှေအငြိမ့်** (မင်းသမီး-အေးအေးမြင့်၊ လူရွှင်တော်-ချစ်ချော၊ ပွမ်ပွမ်၊ အေးချမ်း၊ ထက်လင်း)

**ညပိုင်း**

- ၁၅:၃၅ - Tasty Trip
- ၁၆:၁၅ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရသစာပေ အရေးအသား အထူးပြု) (မြန်မာကဗျာ-၂)
- ၁၆:၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါ ဂင်ချီ** (အပိုင်း-၄၉)
- ၂၀:၀၀ - ပြည်တွင်းသတင်း
- - နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ** (အပိုင်း-၂၃)
- - နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်တဲ့လား** (အပိုင်း-၇)
- - **နေမဝင်အလှများ** (ဒေါ်တင်တင်နွဲ့၏ နေမဝင်အလှများ(အပိုင်း-၂)

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

● ရှေ့စာမျက်နှာမှ

ဒီတာဝါကြီးမှာ ပြည်သူတွေအနေနဲ့ ဝယ်ယူနေထိုင်နိုင်မှာ ဖြစ်ပါတယ်။ ဇွန် ၁ ရက် ကနေ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ ငှားရမ်းရောင်းချမှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်” ဟု HAGL Myanmar မှ မန်နေဂျင်းဒါရိုက်တာ Mr. Cao Duy Thing က ပြောသည်။

ယခုအခါ ရန်ကုန်မြို့သည် စီးပွားရေးလုပ်ကိုင်ရန် အကောင်းဆုံးမြို့ဖြစ်လာပြီး မြန်မာပလာဇာမှာလည်း ရန်ကုန်မြို့၏ အကောင်းဆုံး နေရာတစ်ခုဖြစ်လာကြောင်းလည်း ၎င်းက ပြောသည်။

ယင်းပလာဇာမှာ ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးတစ်ခု ဖြစ်သည်။

အဆိုပါ ဗီယက်နမ်ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းပုဂ္ဂလိက ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး ဟိုချီမင်းမြို့တော်၏ Stock Exchange တွင်လည်း ဖော်ပြခြင်းခံရသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်ကြောင်း၊ ၎င်း၏ အဓိက စီးပွားရေးလုပ်ငန်းနှစ်ခုမှာ စိုက်ပျိုးရေးနှင့် အိမ်ခြံမြေလုပ်ငန်းဖြစ်ကြောင်း၊ HAGL ကုမ္ပဏီ၏ အိမ်ရာတည်ဆောက်မှုလုပ်ငန်းသည် ဗီယက်နမ်နိုင်ငံတွင်သာမက လာအိုနှင့် ထိုင်းနိုင်ငံ စသော အရှေ့တောင်အာရှဒေသ နိုင်ငံများတွင်လည်း လုပ်ကိုင်လျက်ရှိကြောင်း၊ HAGL ၏ လက်ရှိပိုင်ဆိုင်မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန်ဖိုးရှိကြောင်း သိရသည်။

ယင်းဗီယက်နမ် ကုမ္ပဏီကြီးက မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်း ၄၄၀ ရင်းနှီးမြှုပ်နှံကာ ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု ၁၂ လမ်းထောင့်ရှိ ဧကအားဖြင့် ၁၈ ဒသမ ၁၃၂ ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးအပါအဝင် လူနေအိမ်ခန်းများ၊ ခေတ်မီ Branded အရောင်းဆိုင်ကြီးများ၊ ဘဏ်များ၊ စားသောက်ဆိုင်များပါဝင်သော အဆောက်အအုံများကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

HAGL မြန်မာစင်တာသည် ၁၀၀ ရာခိုင်နှုန်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံထားသည့် အကြီးမားဆုံး ဆောက်လုပ်ရေးလုပ်ငန်းကြီးဖြစ်ကြောင်း၊ ယင်းစီမံကိန်းကို အပိုင်းနှစ်ပိုင်းအဖြစ် ခွဲခြားထားကြောင်း၊ ပထမပိုင်းတွင် A အဆင့်ရှိ ရုံးခန်းတာဝါကြီးနှစ်ခု၊ လက်လီရောင်းချသည့် တာဝါတစ်ခု၊ နိုင်ငံတကာ ကြယ်ငါးပွင့်အဆင့် ဟိုတယ်တစ်လုံး ပါဝင်ကြောင်း၊ တည်ဆောက်မှု၏ ဒုတိယအပိုင်းတွင် A အဆင့်ရှိ ရုံးခန်းတာဝါ အဆောက်အအုံနှစ်ခုနှင့် လူနေအဆောက်အအုံငါးလုံး ပါဝင်ကြောင်း သိရသည်။

## ရက် ၁၀၀ စီမံချက်ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်

ဝ ဇွန် ၂၆

ရက် ၁၀၀ စီမံချက်အဖြစ် ဂွမြို့ အထကကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဂွမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးထွန်းငြိမ်းနှင့် ဝန်ထမ်းများက ၁၀ နှစ်ပြည့်ကလေးများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေး အောင်နှင့် ဝန်ထမ်းများက လက်ကမ်းစာစောင်များ ပေးဝေနေမှု၊ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ နံရံကပ်ဓာတ်ပုံ၊ စာအုပ်များ ပြသထားမှုကို ဇွန်လတတိယပတ်က ဂွမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## နေရာကွက်၍ မိုးကြီးနိုင်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# ဖမ်းဆီးရမိမူးယစ်ဆေးဝါး ကာလတန်ဖိုးငွေကျပ် ၂၃၃၈၉ ဒသမ ၁၉သန်းအား လှိုင်သာယာကုန်တင်ယာဉ်ရပ်နားစခန်း၌ မီးရှို့ဖျက်ဆီး

**ရန်ကုန် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားနှင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကာတွန်းအလွတ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ကုန်တင်ယာဉ်ရပ်နားစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြပြီး Diazepam နှင့် Morphine ထိုးဆေးပုလင်းများအား အုတ်ကန်အတွင်းသို့ ပစ်ပေါက်၍လည်းကောင်း၊ မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်၍ လည်းကောင်း မီးရှို့ဖျက်ဆီးကြသည်။ **(အပေါ်ယာပုံ)**





အဆိုပါ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့နှင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့တို့က ဖမ်းဆီးရမိသော မူးယစ်ဆေးဝါး ၁၆ မျိုးကို မီးရှို့ဖျက်ဆီးခြင်းဖြစ်ပြီး ကာလပေါက်ဈေး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၂၃၃၈၉ ဒသမ ၁၉ သန်းကျော်၊ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇၀ သန်းကျော်ရှိသည်။

ဆက်လက်၍ နံနက် ၉ နာရီခွဲတွင် ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(ရန်ကုန်)၌ ပန်းချီ၊ ကာတွန်း၊ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ကာတွန်း အလွတ်တန်းပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ပြိုင်ပွဲအသီးသီးတွင် ဗဟိုအဆင့် ၄၂ ဆုနှင့် တိုင်းဒေသကြီးအဆင့် ၉၃ ဆုတို့ရရှိခဲ့ကြသည့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၇၂ ဦးနှင့် အလွတ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူ ၁၃ ဦးနှင့် အကဲဖြတ်ဒိုင် အဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ကြပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုအား ပြသကာ ဆုရရှိသူများ၏ ပြိုင်ပွဲဝင်လက်ရာများနှင့် မှတ်တမ်းဓာတ်ပုံပြခန်းများကို အခမ်းအနားသို့ တက်ရောက်လာသူများက ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲများကျင်းပ

**နေပြည်တော် ဇွန် ၂၆**

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် (၂၉) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ တိုင်းဒေသကြီး/ပြည်နယ်များမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့၌ တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားများတွင် ဘိန်း ၅၉၀ ဒသမ ၂၃၂၉ ကီလို၊ ဘိန်းဖြူ ၈၃ ဒသမ ၅၀၈၉ ကီလို၊ အဆင့်နိမ့်ဘိန်း ၄၁ ဒသမ ၈၀၀၂ ကီလို၊ ဘိန်းဆီခဲ ၁၉ ဒသမ ၁၉၈၃ ကီလို၊ ဆေးခြောက် ၁၂၃ ဒသမ ၁၄၀၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၅၅၈၄၄ ဒသမ ၅ ပြား၊ အိုက်စ် ၇၆၈ ဒသမ ၁၈၄၇ ကီလို၊ စိတ်ကြွဆေးပြားအမှုန့် ၁၆၇ ဒသမ ၉၂၈၂ ကီလို၊ ဘိန်းညှိမှုန့် ၂၀ ဒသမ ၃၁၄၉ ကီလို၊ အရိုးမီးသွေး ၁၀၅၀ ဒသမ ၈၉၈၇ ကီလို၊ အက်တက်စီ ၀ ဒသမ ၅ ပြား၊ ဘိန်းရည် ၂၂ ဒသမ ၉၀၄၄ လစ်တာ၊ ဘိန်းဖြူရည် ၀ ဒသမ ၀၀၀၈ လစ်တာ၊ ဘိန်းစာမှုန့် ၂၁၃ ဒသမ ၆၀၁၆ ကီလို၊ ဘိန်းစာရည် ၀ ဒသမ ၀၀၇ လစ်တာ၊ ဘိန်းမျိုးစေ့ ၁၅၆ ဒသမ ၃၃ ကီလို၊ ဘိန်းစစ်ဖတ် ၁၄ ဒသမ ၉၈၆၇ ကီလို၊ ပြုတ်ဖတ် ၀ ဒသမ ၂၄၆၄ ကီလို၊ ကိုဒင်း ၀ ဒသမ ၉၈ လစ်တာ။

ထရာမဒေါလ် ၂၁၅၉၆ ပြား၊ ထရာမဒေါလ်ထိုးဆေး ၇၂ ပုလင်း၊ ဒိုင်ယာဇီပမ် ၄၅၆၁ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး ၅၂၅၈၃ ပုလင်း၊ ဒိုင်ယာဇီပမ်ထိုးဆေး ၀ ဒသမ ၀၀၃ လစ်တာ၊ အယ်ပရာဇိုလမ် ၅၃၈၄ ပြား၊ ဗျူပရီနော်ဖင်း ၁၆၅၃ ပြား၊ မော်ဖင်းထိုးဆေး ၁၄၇၆ ပုလင်း၊ Sedil ဆေးရည် ၀ ဒသမ ၀၀၁ လစ်တာ၊ မက်အက်ဖီတမင်း ဆေးရည် ၀ ဒသမ ၀၇ လစ်တာ၊ ကတ်တမင်း ၈ ဒသမ ၇၉၉၂ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ၀ ဒသမ ၀၁၅ လစ်တာ၊ အက်ဖီဒရင်း ၁၄၁ ဒသမ ၁၅၁၉ ကီလို၊ ကဖင်း ၂၅၄ ဒသမ ၀၄၃၆ ကီလို၊ ဆူဒိုအက်ဖီဒရင်း ၁၂၅၇၈၉၆၃ ပြား၊ ဆူဒိုအက်ဖီဒရင်းအမှုန့် ၁၅၁ ဒသမ ၂၄၉၉ ကီလို၊ အက်စီတစ် အင်ဟိုက်ဒြိုဒ် ၂၅၉ ဒသမ ၆၃၅ ကီလို၊ ဖီနိုင်းအက်စီတစ်အက်စစ်အရည် ၀ ဒသမ ၀၈၈ လစ်တာ၊ ဖီနိုင်းအက်စီတစ် အက်စစ်အခဲ ၈၈ ဒသမ ၉၄၈ ကီလို။

ဆာလဖျူရစ်အက်စစ် ၇၈၄ ဒသမ ၃၇ ကီလို၊ ဟိုက်ဒြိုကလိုရစ်အက်စစ် ၉၁၂၀ ဒသမ ၉၈၅ ကီလို၊ အက်စီတုန်း ၄ ဒသမ ၂၉လစ်တာ၊ ဖော့စဖောရစ်အက်စစ် ၆၃ ဒသမ ၈၈ လစ်တာ၊ အီသိုင်း/အီသာ ၉၈၈၁ ဒသမ ၇၉ လစ်တာ၊ ဖီနိုင်းပရိုပန်းနုန်း ၇၁၈၈ ဒသမ ၂ လစ်တာ၊ သိုင်းအိုနိုင်းကလိုရိုဒ် ၀ ဒသမ ၁၄ လစ်တာ၊အဖြူရောင်အခဲ ၅၄၂၂ ဒသမ ၈၂၈ ကီလိုတို့အား ဖျက်ဆီးနိုင်ခဲ့ပြီး ယင်းမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ မြန်မာငွေကျပ် ၆၆၇၃၂ ဒသမ ၃၈သန်းကျော်(အမေရိကန်ဒေါ်လာ၅၆ဒသမ ၃၁ သန်းကျော်)ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ လှိုင်သာယာမြို့နယ်ရှိ ကုန်တင်ယာဉ်ရပ်နားစခန်း၌ မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို စစ်ဆေးစဉ်**
ဓာတ်ပုံ - သန်းထိုက် (လှိုင်သာယာ)

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားများကျင်းပ

**ရေး**

မွန်ပြည်နယ် ရေးမြို့ မွန်ဓမ္မာရုံ၌ ယနေ့ မွန်းလွဲ ၁ နာရီကအပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်။



အခမ်းအနားတွင်မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ညွှန့်၊ နယ်မြေခံတပ်ရင်းမှ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ မွန်ပြည်သစ်ပါတီထားဝယ်ခရိုင်ဥက္ကဋ္ဌ နိုင်အောင်မငေးတို့က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားနိုင်ရန်ရည်ရွယ်ကာ လူငယ်များ ဦးဆောင်၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ တက်ကြွစိတ်ပါဝင်စားသောလူငယ်များက ကြွေးကြော်သံများဖြင့် မွန်ဓမ္မာရုံမှစတင်ထွက်ခွာကာ ဗိုလ်ချုပ်လမ်းမကြီး ဘုရင့်နောင်လမ်းမှ ဗိုလ်ချုပ်လမ်းမအတိုင်း ရေးမြို့ရွှေဆံတော်စေတီအထိ စုစုပေါင်း ၃၀၀ ခန့်က စုပေါင်းချီတက် လမ်းလျှောက်ခဲ့ကြကြောင်းသိရသည်။

**နေမျိုးထွဋ်(ရေး)**

**မြဝတီ**

ကရင်ပြည်နယ်မြဝတီခရိုင်မြဝတီမြို့သောင်ရင်းခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီကကျင်းပရာ မြဝတီခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်း၊ ဦးသန့်ဇင်အောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ခဲ့ကြသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**ပဲခူး**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပဲခူးမြို့မြို့တော်ခန်းမ၌ကျင်းပရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးက အမှာစကားပြောကြားခဲ့ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် ဧည့်သည်တော်များက မူးယစ်ဆေးဝါးပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**သန့်စင်(ပဲခူး)**

**တန့်ယန်း**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက ဖတ်ကြားပြီး မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို မြို့နယ်မှတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သည် ယခုဆိုလျှင် ၂၉ နှစ်တိုင်ခဲ့ပြီဖြစ်

**အမေး-အရေး၊ မင်းမင်းဇော်(သတင်းစဉ်)**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်**

**နေပြည်တော် ဇွန် ၂၆**
မြန်မာနိုင်ငံသည် ကမ္ဘာ့မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဒေသတွင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကိုကျင်းပရာ မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများနှင့် လေ့လာရေးအဖွဲ့များ၏ စကားသံများကို တင်ပြလိုက်ရပါသည်။



ရဲမှူးကြီး မြင့်သိန်း



ရဲမှူးကြီး ဇော်လင်းထွန်း



ဒေါ်ခင်မျိုးငြိမ်း



မမြယွန်းမို

**ရဲမှူးကြီး မြင့်သိန်း၊ ဒုတိယတပ်ဖွဲ့မှူး**
**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့**

နှစ်စဉ် ဇွန်လ ၂၆ ရက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးဆန့်ကျင်ရေးနေ့မှာ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေကို မီးရှို့ဖျက်ဆီးတဲ့ အခမ်းအနားတွေလုပ်ပါတယ်။ ဒီနှစ်မှာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့တွေမှာ လုပ်ပါတယ်။ မီးရှို့တဲ့မူးယစ်ဆေးဝါး တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၆ သန်းကျော်ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်တွေမှာ ပိုပြီးမိတာက စိတ်ကြွမူးယစ်ဆေးဝါး၊ နောက် အိုက်စ်နဲ့ ဘိန်းစာရွက်တွေဖြစ်တယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုက အင်မတန်အန္တရာယ်ကြီးပါတယ်။ အထူးသဖြင့် လူငယ်တွေအတွက် မူးယစ်ဆေးဝါးကို စမ်းသပ်တာပဲဖြစ်ဖြစ် တစ်စုံတစ်ယောက်ကနေ အားပေးလို့ပဲဖြစ်ဖြစ် မစမ်းသပ်မိကြဖို့ အရေးကြီးပါတယ်။ မူးယစ်ဆေးဝါးဟာ စမိတယ်ဆိုရင် ရုန်းထွက်ဖို့ခက်ပါတယ်။ သူ့ရဲ့နောက်ပိုင်းဆိုးကျိုးတွေက ပညာရေး၊ စီးပွားရေး၊ လူမှုရေးဆိုးကျိုးတွေ အများကြီးဖြစ်ပါတယ်။ နောက်ဆုံးကျန်းမာရေးပြဿနာတွေရှိပါတယ်။ အသက်ဆုံးရှုံးတဲ့အထိ အန္တရာယ်ရှိတဲ့အကြောင်း လူငယ်တွေကို အသိပေးချင်ပါတယ်။

မူးယစ်ဆေးဝါး ပြဿနာက ရှုထောင့်တစ်ခုတည်း မဟုတ်ဘူး၊ အခြားအကြောင်းတရားတွေလည်း အများကြီးရှိတယ်။ အဓိကရင်ဆိုင်နေရတာက ဘိန်းစိုက်ပျိုးမှု ပြဿနာ၊ ဒုတိယက စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာဖြစ်တယ်။ အရင်တုန်းက ဘိန်းစိုက်ပျိုးမှုကိုပဲ အာရုံစိုက်ခဲ့တာ။ နောက်ပိုင်းမှာ စိတ်ကြွရူးသွပ်ဆေးပြဿနာကိုလည်း ထပ်ပြီးရင်ဆိုင်ရတယ်။ ဘိန်းစိုက်ပျိုးမှုပြဿနာရဲ့ အဓိကဇာစ်မြစ်က နယ်စပ်ဒေသတွေဖြစ်ပါတယ်။ သွားလာမှု ခက်ခဲတဲ့ဒေသတွေမှာနေကြတဲ့ တိုင်းရင်းသားတွေဟာ ဖွံ့ဖြိုးမှုနောက်ကျတယ်။ ဆင်းရဲတယ်။ သူတို့ရဲ့ ထွက်ကုန်တွေ ဈေးကွက်ကိုရောက်ဖို့ အလှမ်းကွာတယ်။ ဈေးကွက် မရှိဘူး၊ ဘဝရပ်တည်ချက်အတွက် ဒါကိုစိုက်ရတဲ့ ဘဝမျိုးဖြစ်နေတယ်။

နောက်နယ်စပ်ဒေသတွေမှာ မတည်ငြိမ်တဲ့ ပြဿနာတွေပေါ့။ ဒါကြောင့် ဘိန်းစိုက်ပျိုးမှုတွေ ရှင်သန်နေတာတွေ့ရပါတယ်။ စိတ်ကြွရူးသွပ်ဆေးပြားပြဿနာကတော့ စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်တဲ့ နေရာမှာအသုံးပြုတဲ့ ဓာတုဗေဒပစ္စည်းတွေ ဖြစ်တယ်။ အဲဒါက ကျွန်တော်တို့နိုင်ငံမှာ မထွက်ပါဘူး၊ အိမ်နီးချင်းနိုင်ငံတွေကနေ နည်းမျိုးစုံနဲ့ ဝင်ရောက်လျက်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံထိစပ်နေတဲ့ နယ်စပ်တွေက ရှည်လျားတယ်၊ တောတောင်တွေ ထူထပ်တယ်၊ သွားလာမှုခက်ခဲတယ်၊ တားဆီးနှိမ်နင်းရေးတွေ လက်လှမ်းမမီဘူး၊ အဲဒီအပြင် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပွားနေတယ်၊ တရားဥပဒေစိုးမိုးမှုအားနည်းတယ်။ ဒါကြောင့် ထိန်းချုပ်ဖို့ ခက်ခဲတာဖြစ်ပါတယ်။ နောက်တစ်ချက်က တိုင်းပြည်ဖွံ့ဖြိုးလာတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာတယ်။ နယ်စပ်နဲ့ ပြည်မကို အလွယ်တကူ သွားလာနိုင်တယ်။ ဆက်သွယ်ရေးကိရိယာတွေ၊ တယ်လီဖုန်းလိုင်းတွေ ပိုကောင်းလာတယ်။ အဲဒီလိုကြောင့် ကောင်းရောင်း ကောင်းဝယ်လုပ်တဲ့သူတွေအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ကောင်းတယ်လို့ပြောရပေမယ့် ဒုစရိုက်သမားတွေအနေနဲ့ ဒါကို အခွင့်ကောင်းယူပြီး သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေ ရောပြီး ဝင်လာတဲ့အခါ ထိန်းချုပ်ဖို့ခက်ခဲပါတယ်။ နောက်တစ်ခုက နယ်စပ်ဒေသတွေကနေ ပြည်တွင်းကိုဝင်တဲ့ လမ်းမကြီးတွေမှာ ရှာဖွေရေးစစ်ဆေးရေးစခန်းတွေ လျှော့ချလိုက်တယ်။ အကြောင်းရင်းက ကုန်သွယ်မှုတွေ လျင်မြန်အောင် လျှော့ချလိုက်တာဖြစ်တယ်။ တစ်ဖက်ကကောင်းပြီး အခြားတစ်ဖက်မှာ မူးယစ်ဆေးဝါး ထိန်းချုပ်ဖို့ အခက်အခဲတွေ အများကြီးရှိပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့တွေမှာ ခေတ်မီကိရိယာတွေ တပ်ဆင်ဖို့လိုပါတယ်။ တားဆီးနှိမ်နင်းရေးအဖွဲ့တွေရဲ့ Capacity တွေ မြှင့်တင်ဖို့လိုတယ်။

မူးယစ်ဆေးဝါးပြဿနာကို လက်ရှိဖြေရှင်းနေတဲ့နည်းလမ်းကတော့ ဖမ်းတာ၊ ဆီးတာတစ်ခုတည်း မဟုတ်ပါဘူး။ တခြားကဏ္ဍတွေလည်းပါတယ်။ ထုတ်လုပ်မှု လျှော့ချဖို့အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးတွေ၊ အစားထိုးစိုက်ပျိုးရေးတွေ၊ အစားထိုးမွေးမြူရေးတွေ၊ ဓာတုပစ္စည်းတွေ ထိန်းချုပ်တဲ့လုပ်ငန်းတွေ ဒါတွေက ထုတ်လုပ်မှုလျှော့ချတဲ့လုပ်ငန်းနဲ့ ပတ်သက်တာတွေဖြစ်တယ်။ သုံးစွဲမှုလျှော့ချရေးနဲ့ပတ်သက်ရင် ဆေးကုသမှုပေးရတာရှိတယ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလည်းရှိသေးတယ်၊ သူတို့ကိုပညာပေးတဲ့ လုပ်ငန်းတွေရှိပါတယ်။ ကျောင်းတွေမှာ လူငယ်တွေကို မူးယစ်ဆေးဝါးပညာအသိပေးတဲ့ လုပ်ငန်းတွေလုပ်ပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေမှာ ပြည်သူတွေ ပူးပေါင်းပါဝင်လာအောင်လည်း စေ့ဆော်တဲ့ လုပ်ငန်းတွေဆောင်ရွက်ပါတယ်။ ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်လာအောင်လည်း ကဏ္ဍတစ်ခုအနေနဲ့ ဆောင်ရွက်တယ်။ နောက်ဆုံးတစ်ခုက နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီး မဲခေါင်မြစ်ဝှမ်းဒေသ ခြောက်နိုင်ငံ၊ အာဆီယံ ၁၀ နိုင်ငံ၊ ဘင်းစတက်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

**ရဲမှူးကြီး ဇော်လင်းထွန်း၊ ဌာနမှူး၊ စီမံကိန်းဌာန**
**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့**

၁၉၇၆ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂကနေ ဇွန် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ထားပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ၁၉၇၅ ခုနှစ်မှာ မူးယစ်ဗဟိုအဖွဲ့စဖွဲ့တယ်။ ၂၀၁၁ ခုနှစ်မှာ ပြန်လည်ဖွဲ့စည်းတယ်။ လုပ်ငန်းအနေနဲ့က မူးယစ်ဆေးဝါးလျှော့ချရေးနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးဆိုပြီး လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံပြီး ရှင်းလင်းပွဲတွေ၊ မူးယစ်ဆေးဝါးပြဿနာအပေါ်မှာ ဝိုင်းဝန်းပူးပေါင်းအဖြေရှာဖို့ဆိုတဲ့ ကဏ္ဍတွေ ဆောင်ရွက်နေပါတယ်။

**ဒေါ်ခင်မျိုးငြိမ်း၊ အလယ်တန်းပြဆရာမ**
**အထက (၅) နေပြည်တော်**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပြခန်းကို ကျွန်မတို့ကျောင်းက စုစုပေါင်း ၅၁ ယောက် လာရောက်လေ့လာပါတယ်။ ဒီဓာတ်ပုံတွေကိုကြည့်ပြီး မူးယစ်ဆေးဝါးသုံးစွဲရင် ဘယ်လိုဖြစ်တယ်။ စိတ်ကြွမူးယစ်ဆေးဝါးတွေသုံးစွဲရင် ဘယ်လောက်အန္တရာယ်ရှိတယ်ဆိုတာကို ကျွန်မသိသလောက် ကျောင်းသားကျောင်းသူတွေကို ရှင်းပြပါတယ်။ ကျောင်းမှာလည်း ကလေးတွေကို မူးယစ်ဆေးနဲ့ပတ်သက်ပြီး အသိပညာပေးဆောင်ရွက်ပါတယ်။ မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေ၊ ဒါကိုရှောင်ရှားသင့်တဲ့အကြောင်းတွေကို အမြဲတမ်းအသိပညာပေးသင့်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ စိတ်ဝင်တစားလေ့လာနေကြတာကို တွေ့ရတယ်။ ဒီလိုလေ့လာရတဲ့အတွက် မူးယစ်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပါတယ်။

**မမြယွန်းမို၊ အထက (၅)**

သမီးအမြင်ကတော့ ဒီလိုအသိပညာပေးပြခန်းတွေ၊ ဟောပြောပွဲတွေ များများလုပ်ပေးဖို့ လိုမယ်ထင်ပါတယ်။ လူတွေအတွက် မူးယစ်ဆေးဝါးဆိုတာက အန္တရာယ်ကြီးတစ်ခုဖြစ်နေတယ်။ လူငယ်တွေ လမ်းမှားကိုရောက်သွားမှာ စိုးရိမ်ရပါတယ်။ လေ့လာဖို့ကျန်နေတဲ့ ကျောင်းသား ကျောင်းသူတွေကို မူးယစ်ဆေးဝါး အန္တရာယ်ရှောင်ရှားနိုင်ဖို့အတွက် ကျွန်မပြန်ပြောပြမယ်။ ဒီပြခန်းကပေးဝေတဲ့ စာရွက်တွေကိုလည်း မျှဝေဖတ်ရှုစေပါမယ်။ အိမ်နီးချင်းတွေကိုလည်း သမီးသိထားတဲ့မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးဗဟုသုတတွေကို ပြန်လည်ဝေမျှသွားမယ်။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားများကျင်းပ

**မောင်တော**

(၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီခွဲတွင် မောင်တောမြို့ အထက ကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။



မြို့နယ်ဆရာဝန်ကြီးက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာပေးဟောပြောပြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံး၊ ကျပန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ဆုများ ချီးမြှင့်ပေးသည်။

**(ခရိုင် ပြန်/ဆက်)**

**သီပေါ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ထံမှပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က ဖတ်ကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များအား ရှင်းလင်းပြသသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

**စိုင်း(သီပေါ)**

## ဆေးရုံနှင့်ကျောင်းများတွင် လစဉ်သန့်ရှင်းရေးလုပ်အားဒါန မြန်မာ-ဂျပန်အသင်း ပြုလုပ်မည်

**ရန်ကုန် ဇွန် ၂၆**
မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (SEDA) အနေဖြင့် မြန်မာနိုင်ငံ၌ ပညာရေးနှင့် စီးပွားရေးအပိုင်းတို့တွင် ပါဝင်ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ လူမှုရေးကဏ္ဍ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် သန့်ရှင်းရေးလုပ်အားဒါနပြုလုပ်ခြင်းကိုလည်း ဘုရားစေတီပုထိုးများ၊ ကျောင်းများနှင့် ဆေးရုံကြီးများတွင် လစဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းက ပြောသည်။

"ကျွန်တော်တို့ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းကြီးအနေနဲ့ မြန်မာနိုင်ငံမှာ လူမှုရေးအပိုင်းတွေအဖြစ် မျက်စိခွဲစိတ်ခြင်း၊ သွေးလှူဒါန်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးဒါန ပြုလုပ်ခြင်းတွေကို ပါဝင်လုပ်ဆောင်နေတာပါ။ ဒီနေ့ သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီးမှာ လုပ်တဲ့သန့်ရှင်းရေးဒါနကတော့ တတိယအကြိမ်မြောက် ပြုလုပ်တဲ့နေရာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လကတော့ ရွှေတိဂုံဘုရားမှာလုပ်ခဲ့ပါတယ်။ လာမယ့်လတွေမှာလည်း တစ်လတစ်ကြိမ်၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ ဘုရားတွေမှာ သင့်လျော်တဲ့နေရာတွေကို ရွေးချယ်ပြီး ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဂျပန်နိုင်ငံမှာနေပြီး ပြန်လာကြတဲ့သူတွေဖြစ်လို့ ကိုယ့်နိုင်ငံမှာလည်း ကိုယ်တတ်နိုင်သလောက် ကူညီပေးရင်း အမှိုက်ကို သန့်ရှင်းအောင်ပြုလုပ်ခြင်းဖြင့် ဘယ်လိုအကျိုးရှိတယ်ဆိုတာတွေကိုပါ လူတိုင်းကို သိစေချင်ပါတယ်။ ဒီအတွက်ကြောင့်လည်း သန့်ရှင်းရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းတွေမှာလည်း သန့်ရှင်းရေးနဲ့ပတ်သက်ပြီး အသိပညာပေးတာတွေ၊ လက်ကမ်းစာစောင်ဖြန့်ချီတာတွေ ဆက်လက်ပြုလုပ်သွားမှာ ဖြစ်ပါတယ်" ဟု ဦးအေးမင်းက ထပ်မံပြောသည်။

"ကျွန်မတို့ဆေးရုံကြီးက ခုတင် ၅၀၀ ဆေးရုံကြီးပါ။ သို့ပေမယ့် လူနာတွေကတော့ အမြဲတမ်း ၇၀၀ နဲ့ ၈၀၀ ကြားမှာ ရှိပါတယ်။ ယခုလိုလူနာတွေ၊ လူနာဆောင်တွေတိုးလာတာနဲ့အမျှ သန့်ရှင်းရေးကိုလည်း အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ လိုအပ်ပါတယ်။ အခုလိုပရဟိတအသင်းတွေ၊ ဌာနဆိုင်ရာတွေလာရောက်ပြီး သန့်ရှင်းရေးပြုလုပ်ပေးရင်တော့ ပိုပြီးကောင်းပါတယ်" ဟု ဆေးရုံအုပ် ဒေါ်နွယ်လှမြင့်က ပြောသည်။

အဆိုပါ မြန်မာချစ်ကြည်ရေးအသင်းကြီးအနေဖြင့် မြန်မာနိုင်ငံသူနိုင်ငံသားများ အကျိုးစီးပွားအတွက် လုပ်ငန်းကြီးသုံးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးအပိုင်းအဖြစ် လူငယ်လူရွယ်များအား ဂျပန်စာ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်းများ ပို့ချပေးခြင်း၊ စီးပွားရေးအပိုင်းအဖြစ် ဂျပန်နိုင်ငံတွင် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့က မြန်မာနိုင်ငံသို့ လာရောက်သည့်အခါ မြန်မာစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ပေးခြင်း၊ လူမှုရေးအပိုင်းအဖြစ် မျက်စိခွဲစိတ်ခြင်း၊ သွေးလှူဒါန်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းစသော ကဏ္ဍများခွဲခြားကာ ထိရောက်စွာလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# စု၊ တု၊ ပြုနှင့် မူပိုင်ခွင့်

**မြတ်မျိုးလတ်**

မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းနိုင်ရန် ဥပဒေကြမ်းများ ရေးဆွဲလျက်ရှိပြီး အဆိုပါဥပဒေကြမ်းများကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးလည်းဖြစ်သည်။ 'မူပိုင်ခွင့်' ဆိုရာတွင် စာပေအနုပညာမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များကိုသာ ကျွန်တော်တို့ ရင်းနှီးမှုရှိပြီး ကျန်အခွင့်အရေးများနှင့်မှု အနည်းငယ်စိမ်းလျက်ရှိနေခဲ့သည်။ စာပေအနုပညာ မူပိုင်ခွင့် (Copyright)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် (Trademark)၊ တီထွင်မှုမူပိုင်ခွင့် (Patent) နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် (Industrial Design) စသည့် အခွင့်အရေးအားလုံး ခြုံငုံမိစေသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် (Intellectual Property Rights-IPRs) ဟူ၍ သုံးနှုန်းခေါ်ဝေါ်ကြသည်။

မူပိုင်ခွင့်ဟူသည် မူလဖန်တီးသူ၊ တီထွင်သူတစ်ဦး ရရှိသင့်ရရှိအပ်သော အခွင့်အရေးများကို ဆိုလိုခြင်းဖြစ်ပါသည်။ လူသားအကျိုးပြုမည့် အသစ်အသစ်သော တီထွင်မှုများ၊ ဖန်တီးမှုများပေါ်ပေါက်ထွန်းကားလာစေရေးအတွက် အဆိုပါမူလတီထွင်ဖန်တီးသူများ၏ အခွင့်အရေးများကို ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ကာကွယ်မှုပြုပေးရန် လိုအပ်လာပါသည်။ ထို့ကြောင့် မူလဖန်တီးသူ၏ မူပိုင်ခွင့်၊ အဆိုပါမူပိုင်ခွင့်မှ ဆက်စပ်ပေါ်ပေါက်လာသည့် အခွင့်အရေးများကို တရားမဲ့ချိုးဖောက်မှုများမှ ကာကွယ်ရန်အတွက် မူသဘောတရားများ၊ သတ်မှတ်ချက်များ၊ ဥပဒေများ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာမူပိုင်ခွင့်သဘောတရားများကို အတည်ပြုပြဋ္ဌာန်းရန် ဆောင်ရွက်လာကြသောအခါ အချို့သောသူများက စိုးရိမ်တကြီးပူပန်ကြသည်။ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းလိုက်သည့်အခါ မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေအရ အဆင်ပြေအလုပ်ဖြစ်လျက်ရှိသည့် မူပိုင်ခွင့် ချိုးဖောက်ကာ ရောင်းဝယ်ဖောက်ကားနေကြသည့် ဈေးကွက်ပျောက်သွားပြီး ဆင်းရဲသားပြည်သူများက မူရင်းပစ္စည်းများ ဝယ်မသုံးနိုင်ခြင်း၊ တရားမဝင်ကူးယူဖြန့်ချိနေသည့် ဈေးကွက်ကြီးကို မှီခိုနေရသူများအတွက် အလုပ်အကိုင်လက်မဲ့ဖြစ်သွားခြင်း စသည့်လတ်တလော ကြုံတွေ့ရင်ဆိုင်ရမည့် ပြဿနာများအတွက် စိတ်ပူသံများကို ကြားရလေ့ရှိသည်။ ထို့ပြင် နည်းပညာနယ်ပယ်တွင်လည်း ဈေးပေါပေါနှင့် ကူးယူအသုံးပြုနေကြသည့် ကွန်ပျူတာဆော့ဖ်ဝဲများ၊ ပညာရပ်အထောက်အကူပြုစာအုပ်စာတမ်းများ ဈေးသက်သက်သာသာနှင့် အလွယ်တကူမရရှိနိုင်တော့မည့် အခြေအနေများအတွက်လည်း စိုးရိမ်ပူပန်ပြောဆိုသံများကို ကြားရသည်။

နိုင်ငံတကာနယ်ပယ်၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကာကွယ်မှုစနစ် ပြည့်စုံခိုင်မာကောင်းမွန်မှုသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်လာသည်ကို ထင်ရှားစွာတွေ့မြင်နိုင်ကြမည် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများကို ကြည့်လိုက်လျှင် စီးပွားရေးထိပ်တန်းနိုင်ငံများသည် ပြည့်စုံခိုင်မာကောင်းမွန်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ကာကွယ်မှုစနစ် တည်ထောင်ထားနိုင်သည့် နိုင်ငံများဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၎င်းတို့ပိုင်ဆိုင်သည့် တီထွင်ဖန်တီးမှုများကို ထိထိရောက်ရောက်ကာကွယ်နိုင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ကာကွယ်မှုစနစ်ကို ခိုင်မာအောင်တည်ထောင်ထားကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကမူ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ကာကွယ်မှုစနစ်ကို ခိုင်မာအောင်တည်ဆောက်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခေါ်ယူကြရသည်။ ထိုသို့ ဆွဲဆောင်ခေါ်ယူခြင်းဖြင့် ရောက်ရှိလာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ရရှိလာမည့် နည်းပညာများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ အခွန်အခများကို နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးတွင်အကျိုးရှိရှိအသုံးချနိုင်ရန် ကြိုးပမ်းကြရပါသည်။ အဓိက အရေးကြီးသည့်အချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် ရရှိလာမည့် နည်းပညာများ၊ တီထွင်မှုများ၊ ဖန်တီးမှုများမှတစ်ဆင့် 'စု၊ တု၊ ပြု' နည်းဖြင့် မိမိတို့ကိုယ်ပိုင်နည်းပညာများ၊ တီထွင်မှုများ၊ ဖန်တီးမှုများ ဖြစ်လာစေရန်နှင့် မိမိတို့ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံမှုများဖြစ်လာစေရန် အချိန်မီကြိုးပမ်းဆောင်ရွက်ကြရန်ပင် ဖြစ်သည်။

ကျွန်တော်တို့ စာပေများ ရေးသားဖန်တီးကြသောအခါ 'စု၊ တု၊ ပြု'ဆိုသော ဖြစ်စဉ်ကို ဖြတ်သန်းကြရသည်။ စာပေရေးသားလိုသူများသည် စာများများဖတ်ကြရသည်။ စာဖတ်ရင်း မိမိကြိုက်နှစ်သက်သည့်စကားလုံး၊ အရေးအသားများကိုစုဆောင်းမှတ်သားထားရသည်။ ထိုမှတစ်ဆင့် အဆိုပါ စကားလုံး၊ အရေးအသား၊ ရေးဟန်စသည်တို့ကို အတုခိုးကြရသည်။ ထို့ကြောင့် စာပေရေးသားခါစတွင် ကျွန်တော်တို့၏

> **ကျွန်တော်တို့ စာပေများ ရေးသားဖန်တီးကြသောအခါ 'စု၊ တု၊ ပြု'ဆိုသော ဖြစ်စဉ်ကိုဖြတ်သန်းကြရသည်။ စာပေရေးသားလိုသူများသည် စာများများဖတ်ကြရသည်။ စာဖတ်ရင်း မိမိကြိုက်နှစ်သက်သည့် စကားလုံး၊ အရေးအသားများကို စုဆောင်းမှတ်သားထားရသည်။ ထိုမှတစ်ဆင့် အဆိုပါစကားလုံး၊ အရေးအသား၊ ရေးဟန် စသည်တို့ကို အတုခိုးကြရသည်**

ဖန်တီးမှုများတွင် ထင်ရှားသောစာရေးဆရာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ လွှမ်းမိုးနေတတ်သည်။ တဖြည်းဖြည်းနှင့် အဆိုပါစာရေးဆရာကြီးများ၏ လောင်းရိပ်မှလွတ်အောင်ကြိုးပမ်း၍ မိမိကိုယ်ပိုင်ဟန်ဖြင့် ရေးသားဖန်တီးနိုင်အောင် ရုန်းထွက်ကြရသည်။ ထို့ကြောင့် 'စု၊ တု၊ ပြု' ဖြစ်စဉ်သည်မူလစာရေးဆရာ၏ အရေးအသားကို တိုက်ရိုက်ကူးချကာမိမိနာမည်တပ်လိုက်ခြင်း၊ တစ်နည်းဆိုရလျှင် "စာခိုးခြင်း" မဟုတ်၍ မူပိုင်ခွင့်ဥပဒေအရလည်းခွင့်ပြုနိုင်သည့်ဖြစ်စဉ်ပင် ဖြစ်သည်။

ကျွန်တော်သည် ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်တွင် မဟာဥပဒေသင်တန်းသွားတက်စဉ်က စာတမ်းရေးသားနည်းသင်တန်း (Academic Writing) လေးခုတက်ခဲ့ရသည်။ ပထမဆုံးသင်တန်းကိုပို့ချပေးသူမှာ ပါမောက္ခမာစုရာဖြစ်သည်။ ဆရာသည် အမေရိကန်နိုင်ငံ တက္ကသိုလ်တစ်ခုတွင် ဘွဲ့လွန်တက်ရောက်ခဲ့သူဖြစ်၍ အင်္ဂလိပ်ဘာသာစကားကို ကောင်းမွန်စွာ ပြောဆိုသင်ကြားပေးနိုင်သူဖြစ်သည်။ သူက သုတေသနစာတမ်းတစ်စောင်ရေးသားရာတွင် အထူးသတိပြုရမည့် အချက်တစ်ချက်ကို သင်တန်းတွင်အလေးပေး ပို့ချခဲ့ပါသည်။ ထိုအကြောင်းအရာမှာ စာခိုးခြင်း (Plagiarism) ကိုလုံးဝရှောင်ကြဉ်ကြရန်ဖြစ်ပြီး စစ်ဆေးတွေ့ရှိလျှင် ဘုတ်အဖွဲ့က ဘွဲ့အတွက် ထောက်ခံမည်မဟုတ်၍ ဘွဲ့မရဘဲ ပြန်ရမည်ဖြစ်ကြောင်း ရှင်းပြသတိပေးသည်။ တစ်ဆက်တည်းပင် စာခိုးခြင်း (Plagiarism) မမြောက်အောင် မည်သို့မည်ပုံ ရေးသားရမည်ကိုလည်း သေသေချာချာရှင်းလင်းပြောပြခဲ့သည်။

ဆရာကသူတို့ဂျပန်နိုင်ငံကို နည်းပညာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြရသည့်နမူနာဖြင့် ရှင်းပြသည်။ ဂျပန်နိုင်ငံသည် ကားထုတ်လုပ်မှုနည်းပညာ၊ ရုပ်မြင်သံကြားစက် ထုတ်လုပ်မှုနည်းပညာများမရှိခင်က ဂျာမနီနိုင်ငံ၊ အမေရိကန်နိုင်ငံစသည့်အနောက်နိုင်ငံများမှ ကားတစ်စီး၊ တီဗွီတစ်လုံးကိုဝယ်သည်။ ထို့နောက် တစ်စစီဖြုတ်၊ တပ်ခြင်းများပြုလုပ်ကြပြီး စက်အစိတ်အပိုင်းတစ်ခုချင်း၏ အလုပ်လုပ်ပုံကို လေ့လာသည်။ ထို့နောက် စက်ကိရိယာတစ်ခုချင်းအလိုက် ပိုမိုအဆင်ပြေကောင်းမွန်သော၊ ပိုမို၍တာရှည်ခံသော၊ ပိုမို၍အကြမ်းခံသော စက်အစိတ်အပိုင်းများအဖြစ် ပြောင်းလဲထုတ်လုပ်ခဲ့သောအခါ ကိုယ်ပိုင်တီထွင်မှု၊ ဖန်တီးမှုများဖြစ်သွားပြီး ကိုယ်ပိုင်နာမည်တံဆိပ်နှင့် ကိုယ်ပိုင်ထုတ်ကုန်ပစ္စည်းများ ဖြစ်လာသည်ဟု ဆိုသည်။ ထိုသို့ဆောင်ရွက်ခြင်းကို Reverse Engineering ဟုခေါ်ဆိုပြီး ယင်းသဘောတရားမှာလည်း ကျွန်တော်အထက်တွင်တင်ပြခဲ့သည့် 'စု၊ တု၊ ပြု' ၏ သဘောမျိုးပင်ဖြစ်သည်။ ထိုနည်းတူပင် သုတေသနစာတမ်း ရေးသားရာတွင်လည်း အခြားပညာရှင်များ ရေးသား ပြုစုထားသည့် ဆောင်းပါးနှင့်စာအုပ်များစွာကို ဖတ်ရှုလေ့လာပြီး အတုယူခြင်း၊ ကိုးကားခြင်း၊ ထိုမှတစ်ဆင့် မိမိကိုယ်ပိုင်ဆင်ခြင်သုံးသပ်မှုဖြင့် ကောက်ချက်ဆွဲ အဖြေ ထုတ်ခြင်းများ ပြုလုပ်မည်ဆိုလျှင် စာခိုးခြင်း (Plagiarism) နှင့် လွတ်ကင်းမည်ဖြစ် ကြောင်း ဆရာက လမ်းညွှန်ခဲ့သည်။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ကာကွယ်သည့်စနစ်တွင် 'စု၊ တု၊ ပြု' ဖြစ်စဉ်ကဲ့သို့သော လူသားအကျိုးပြုအသစ်တီထွင်မှုများ၊ အသစ်ဖန်တီးမှုများအား အားပေးခွင့်ပြုထားသည့် သတ်မှတ်ချက်များ ရှိပြီးဖြစ်သည်။ စာပေအနုပညာမူပိုင်ခွင့်တွင် မျှတစွာအသုံးပြုခြင်း (Fair Use)၊ ကာကွယ်မှု သက်တမ်းကုန်ဆုံးသွားသည့် ကာလအတွက် အများပိုင်ဖြစ်ခြင်း (Public Domain) နှင့် လိုင်စင်ဖြင့်ခွင့်ပြုခြင်း (Compulsory License) စသည့် မူပိုင်ခွင့်ရှိသော ပစ္စည်းတစ်ခုကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသော ခြွင်းချက်များရှိသည်။ ထို့အပြင် တီထွင်မှုမူပိုင်ခွင့် (Patent) တွင်လည်း ကာကွယ်မှုသက်တမ်းနှစ်ပေါင်း ၂၀ ကျော်သွားသောအခါ အများပိုင်ဖြစ်သွားခြင်း၊ ကာကွယ်မှုပေးထားသည့် နှစ် ၂၀ အတွင်းမှာပင် သုတေသနပြုလုပ်မှုများအတွက် ကင်းလွတ်ခွင့်ပေးထားခြင်း စသည့်ကင်းလွတ်ချက်များ ရှိပါသည်။ မူပိုင်ခွင့် ကာကွယ်မှုစနစ်တွင် အသစ်အသစ်သော တီထွင်ဖန်တီးမှုများအတွက် ခွင့်ပြုထားသည့် အလားတူသတ်မှတ်ချက်များရှိသည်။ အဆိုပါ သတ်မှတ်ချက်များကို အသုံးချ၍ မိမိကိုယ်ပိုင်တီထွင်မှုများ ဖြစ်လာစေရန် ကြိုတင်အစီအမံများ ရှိရန်လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းများရေးဆွဲပြီး မကြာခင် ပြဋ္ဌာန်းနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ ဥပဒေများ ထွက်ပေါ်လာသည့်အခါ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူဝါဒနှင့် နည်းဗျူဟာများကိုလည်း ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာအဖွဲ့ (WIPO) ၏ အကူအညီဖြင့် ရေးဆွဲထားကြောင်း သိရသည်။ အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပြီးနောက် ဥပဒေများ အတည်ပြုဆောင်ရွက်ခြင်းဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လည်း အရေးကြီးလှပါသည်။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကာကွယ်မှုစနစ်သည် နိုင်ငံတစ်နိုင်ငံ ဂုဏ်သိက္ခာရှိရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော သော့ချက်တစ်ခုဖြစ်ပေသည်။ သို့ရာတွင် မိမိနိုင်ငံမှစွန့်ဦးတီထွင်သူများ၊ လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းမည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာဥပဒေများမှ 'စု၊ တု၊ ပြု' နည်းလမ်းဖြင့် ရယူနိုင်မည့် အခွင့်အရေးများကို လေ့လာသိရှိပြီး ကြိုတင်ပြင်ဆင်ထားကြမှသာ ဥပဒေများကို အကျိုးရှိရှိအသုံးချနိုင်မည် ဖြစ်ပါသည်။ ။

## လယ်ယာမြေမှုခင်းများစွာဖြစ်ပွားနေသည့်ကျေးရွာတွင် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ရှင်းလင်းဆွေးနွေး

**ရေတာရှည် ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာအနီးရှိ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လက်အောက်ခံတပ်ရင်း/တပ်ဖွဲ့များအား လုပ်ပိုင်ခွင့်ပေးထားသည့် လယ်မြေများအား ဒေသခံများကကျူးကျော်လုပ်ကိုင်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီးဆွာနယ်မြေရဲစခန်းတွင် လယ်ယာမြေမှုခင်း ၂၆ မှုအထိရှိသွားပြီဖြစ်ကြောင်း သိရသည်။

ယခုအချိန်မှာ မိုးရာသီစပါးစိုက်ပျိုးချိန်ဖြစ်သည်နှင့်အညီ ယခုကဲ့သို့ လယ်ယာမြေကိစ္စ အငြင်းပွားမှုများကြောင့် စိုက်ပျိုးလုပ်ကိုင်သူများ အနေဖြင့် စိုက်ပျိုးချိန်နောက်ကျနိုင်သည့်အပြင် အခြားမလိုလားအပ်သော ပြစ်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် ဇွန် ၂၄ ရက် ညနေပိုင်းက တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ဝင်းနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီဝင်များက အေးသာယာကျေးရွာ မူလတန်းကျောင်းတွင် ဒေသခံတောင်သူများအား တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဒေသခံတောင်သူများ၏ တင်ပြချက်များနှင့်ပတ်သက်၍ ခရိုင်ရဲတပ်ဖွဲ့မှူးက မိမိတို့လယ်များ ပြန်လည် ရရှိရေးအတွက် ဥပဒေအရသာ ဆောင်ရွက်သင့်ကြောင်း၊ ဥပဒေပြင်ပမှ ဆောင်ရွက်သည့်အခါ နစ်နာသူများမှာ တောင်သူများသာဖြစ်ကြောင်း ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအနေဖြင့် ဥပဒေအတိုင်းသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ တောင်သူများကလည်း နားလည်သဘောပေါက်သွားပြီ ဖြစ်သည့်အတွက် နောက်နောင်အလားတူ ကျူးကျော်လုပ်ကိုင်မှုများကို ဆောင်ရွက်တော့မည်မဟုတ်ကြောင်း တင်ပြဆွေးနွေးသွားခဲ့သည်။

ကျေးလက်နေ တောင်သူတို့အနေဖြင့် မိမိတို့၏ အသိအမြင်ဗဟုသုတ နည်းပါးမှုကို အခွင့်အရေးယူကာ သွေးထိုးမြှောက်ပင့်ပေးသူများကိုလည်း ရှောင်ရှားကြရန်လိုအပ်၍ အမှန်တကယ်အမှုဖြစ်ပွားပါက တောင်သူများသာ နစ်နာကြရကြောင်း သုံးသပ်ပြောဆိုမှုများလည်း ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

## ပြည်ပမုန့်များအစား မြန်မာမုန့်များအစားထိုးနိုင်ရန်အတွက် မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်းဖွင့်

**လွိုင်ကော် ဇွန် ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက ပြည်ပမုန့်များအစား မြန်မာမုန့်များအစားထိုးနိုင်ရန် မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်းကို ဇွန် ၂၅ရက်က လွိုင်ကော်မြို့ ကုန်သွယ်မှုသင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးညိုညိုက အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခမ်းလျန်စွမ်းက မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။



ဆက်လက်ပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ နည်းပြဆရာမများက သင်တန်းသို့လာရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများကို မုန့်လုပ်နည်းနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်း ၁/၂၀၁၆ သို့ သင်တန်းသား သင်တန်းသူ ၁၁၀ တက်ရောက်ကြပြီး မြန်မာ့ရိုးရာ မုန့်လုပ်နည်း ခုနစ်မျိုးကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် ၂/၂၀၁၆ ကို ဘော်လခဲမြို့တွင် သွားရောက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ပိုစတာစိုက်ထူ

**ရန်ကုန် ဇွန် ၂၆**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက်က ဗဟန်းမြို့နယ်မြို့မရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် ဦးထောင်ဘိုအဝိုင်းအနီး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်၊ အတွင်းရေးမှူး ဒေါ်နွဲ့ခင်မာဝင်းနှင့်အဖွဲ့ဝင် ဒေါ်နှင်းဇာခြည်ဦးတို့က အထိမ်းအမှတ်မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဇွန် ၂၆**

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီများအနေဖြင့် လွတ်လပ်စွာ ညှိနှိုင်းဆွေးနွေးကြပြီး အများသဘောတူညီချက်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။ **(ယာပုံ)**

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ကျင်းပသည့် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ် ဈေးရောင်းပွဲတော်ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက စာအုပ်ဈေးရောင်းပွဲတော်သည် ပထမအကြိမ်ကျင်းပခြင်းဖြစ်ပြီး အောင်အောင်မြင်မြင်ဖြစ်သွားပါက ဆောင်းရာသီစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဆက်လက်ကျင်းပသွားရန် မျှော်မှန်းထားပါကြောင်း၊ ထိုသို့ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲကျင်းပရေး ကော်မတီနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကျင်းပရေးကော်မတီများမှ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။



အဆိုပါ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သုတေသနပြင်ပပညာရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲမှ သုတေသနပြုထားသည့် အချက်အလက်များ၊ ဆောင်းပါးများ၊ စာတမ်းများ အစရှိသည့် အကြောင်းအရာများကို သုတေသနပြုရုံသက်သက်မဟုတ်ဘဲ နိုင်ငံတကာမှ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို သိလိုသည့်သူများအတွက်ပါ မျှဝေပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်သည့် သီရိဝံသ ရာဇဝင်ဇာတ်ကြီးဖြင့် ဖျော်ဖြေတင်ဆက်

**ရန်ကုန် ဇွန် ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်နှင့် အညီ ကျင်းပပြုလုပ်သည့် ဖျော်ဖြေပွဲတွင် သီရိဝံသရာဇဝင်ဇာတ်ကြီးကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်သည်။ **(အပေါ်ပုံ)**

ယနေ့ခေတ်လူငယ်များ မြန်မာ့ရိုးရာယဉ်ကျေးမှုကို သိရှိခံစားပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အနုပညာကို ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ အဆိုပါပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဆွေက "ဝန်ကြီးဌာနအနေနဲ့ ကိုယ့်အမျိုးဘာသာသာသနာကို စောင့်ရှောက်မယ်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်တွေကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းမြှင့်တင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်တဲ့ ရိုးရာရှေးဟောင်း ဆိုဝိုပြောကိုအခြေခံတဲ့ သီရိဝံသရာဇဝင်ဇာတ်ကြီးကို ပြည်သူတွေကို အခမဲ့ ဖျော်ဖြေတင်ဆက်တာပါ"ဟု ပြောသည်။

ယနေ့ညတွင် ကျင်းပသည့် ဖျော်ဖြေပွဲတွင် သီရိဝံသရာဇဝင်ဇာတ်ကြီးအပြင် ကဗျာလွတ်ယိမ်းအက၊ နဝရတ်ကိုးသွယ်လှမျိုးခြယ်အက၊ ပွဲဦးအလင်္ကာအက(မင်းညီနောင်)၊ မျိုးကွဲလှပသေတ္တာအက၊ ကောင်းချီးသင်္ခနန်းတွင်းယိမ်းအက၊ စည်တိုအတီး စုံတွဲအက၊ ထာဝရမြန်မာယိမ်းအက (တိုင်းရင်းသားအက) များ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြသည်။

ယနေ့ ကပြဖျော်ဖြေတင်ဆက်သည့် သီရိဝံသရာဇဝင်ဇာတ်ကြီးသည် အင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် မကျီးစင်ရွာကို နောက်ခံရာဇဝင် အခြေခံထားသည့် ဇာတ်ကြီးဖြစ်ပြီး ဇူလိုင် ၉ ရက်တွင်လည်း မန္တလေးမြို့တွင် ဆက်လက်ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း အနုပညာဦးစီးဌာန မှသိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ-ဇော်မင်းလတ်**

# ပုဏ္ဏားကျွန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**စစ်တွေ ဇွန် ၂၆**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ခရိုင်များ အားလုံး ဖွံ့ဖြိုးတိုးတက်မှ ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးမှာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိရန် အရေးကြီးကြောင်း ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူများနှင့် ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက ပုဏ္ဏားကျွန်းမြို့နယ်ခန်းမ၌တွေ့ဆုံစဉ် အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအနေဖြင့် ဒေသနှင့် လိုက်လျောညီထွေသော မူဝါဒများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် ပွင့်လင်းမြင်သာစွာပြောဆိုဆောင်ရွက်ကြခြင်းဖြင့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်သတ်လုပ်ဆောင်ခြင်းထက် တည်ငြိမ်အေးချမ်းရေးကိုလည်း အထူးသဖြင့်အာရုံစိုက်လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်ကော်မတီ အဖွဲ့အစည်း ဆောင်ရွက်နေခြင်းဖြစ်၍ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများကပါ အာရုံစိုက် ဆောင်ရွက်နေသည်များကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အစိုးရအပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများကပါ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်သွားမည် ဖြစ်၍ ပြည်သူ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဏ္ဏားကျွန်းမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးက မြို့နယ် ဆိုင်ရာအချက်အလက်များကို တင်ပြခဲ့သည်။ ဆက်လက်၍ မြို့မိမြို့ဖများက မြို့နယ်၏ လိုအပ် ချက်များအား တင်ပြဆွေးနွေးကြသည်။

ယင်းနောက် မဟာဇေယျာသိဒ္ဓိ အဓိဋ္ဌာန်ပညာဒါနအခမဲ့ ကွန်ပျူတာသင်တန်းကျောင်းအတွက် ပြည်နယ်အစိုးရအဖွဲ့က ပရိဂျက်တာနှင့် ကွန်ပျူတာငါးစုံကို ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းကျောင်းတာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းဝင်း(ပြန်/ဆက်)**






# အောင်ပွဲရ မြန်မာလှေလှော်အဖွဲ့အား ဂုဏ်ပြု

**ရန်ကုန် ဇွန် ၂၆**

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် နန်နင်း-အာဆီယံနိုင်ငံတကာ နဂါးလှေလှော်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာလှေလှော်အဖွဲ့အား ဂုဏ်ပြုပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် အောင်ပွဲရ မြန်မာလှေလှော်အဖွဲ့နည်းပြချုပ် ဦးဝင်းဇေကပြိုင်ပွဲအတွေ့အကြုံအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနှင့် လှေလှော်အားကစား လုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် အောင်ပွဲရမြန်မာလှေလှော်အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အောင်ပွဲရအားကစားသမားများ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

မြန်မာလှေလှော်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် ရွှေနှစ်ခုရရှိခဲ့ပြီး အမျိုးသား (၁၂) တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် တစ်ခု၊ မီတာ ၅၀၀ ပြိုင်ပွဲတွင်တစ်ခုတို့ရရှိခဲ့သည်။

**သတင်း - ရဲရင့်ရှိုင်း၊ဓာတ်ပုံ-ချစ်ကိုကို**

◯ ကျောဖုံးမှ

ထို့နောက် ဒုတိယသမ္မတသည် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံစဉ် ကွမ်းခြံကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးက ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်စဉ်က မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် လက်ရှိ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်နေမှု၊ ပြည်တွင်းပြည်ပ INGOs၊ NGOs အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ မီဒီယာများနှင့် မိုဘိုင်းဖုန်းများ၌ သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ကြိုတင်အသိပေးသတင်းထုတ်ပြန်ဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း၊ ကျေးရွာသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီဝင်များက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အစိုးရနှင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းပေးထားသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ် မကျရောက်မီကတည်းက ထိထိရောက်ရောက်အသုံးပြုနိုင်ရန် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ထားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကိုကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုသည် အရေးကြီးကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ယခင်ကထက် ပိုမိုသတိဝီရိယထားရှိရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ် မော်ဘီကျေးရွာ၌ဆောက်လုပ်ထားသည့် (၅၀×၃၃) ပေရှိ သံကူကွန်ကရစ်နှစ်ထပ် မုန်တိုင်းဒဏ်ခံအဆောက်အအုံအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဇဟိုသိုလှောင်ရုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဦးစီးဌာန၏ လုပ်ငန်းတာဝန်နှင့် ဖွဲ့စည်းပုံ၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်မှု၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများတည်ဆောက်ပြီးစီးမှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် နိုင်ငံခြားအလှူငွေရရှိ၊ သုံးစွဲ၊ လက်ကျန်စာရင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ထောက်ပံ့ပေးလျက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ အလေအလွင့်မရှိစေရန်နှင့် စနစ်တကျထားရှိရန် မှာကြားပြီး ဇဟိုသိုလှောင်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် လူကုန်ကူးမှုများမဖြစ်ပေါ်ရေး အိမ်တွင်းမှုသက်မွေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး(**ယာပုံ**) သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့သို့ ရောက်ရှိပြီး သာသနသောဘဏိကာရုံ ကျောင်း၌ ပြုလုပ်သော အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမျိုးသမီးများ၊ အိမ်တွင်းမှုသက်မွေးပညာရပ်များတတ်မြောက်ပြီး မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရန်၊ လူကုန်ကူးမှုကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် အိမ်တွင်းမှုသက်မွေးသင်တန်းများကို သင်တန်းကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုပုံစံနှစ်မျိုးဖြင့် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ ယခု သင်တန်းမှ သင်ကြားပို့ချပေးသည်များကို ဂရုတစိုက်သင်ယူကြစေလိုကြောင်း၊ အဆင့်မြင့်သင်တန်းကိုလည်း ထပ်မံဖွင့်လှစ်ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့နောက် သင်ထောက်ကူပစ္စည်းများအားကြည့်ရှုကာ သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသူ ၇၅ ဦးအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။



မွန်းလွဲပိုင်းတွင် ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူအားလုံး လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများအောင်မြင်ရေးအတွက် အစိုးရ၊ ပြည်သူနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး လူမှုရေးကိစ္စရပ်များ၊ သဘာဝဘေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၂၄ နာရီ ဖွင့်လှစ်ထားရှိသည့် Hotline တယ်လီဖုန်းအမှတ် ၀၆၇-၄၀၄၆၆၆၊ ၀၆၇-၄၀၄၇၇၇ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးပြောကြားသည်။

ဆက်လက်၍ ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ ရောက်ရှိပြီး ကျောင်းတာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးသည်။

ယင်းနောက် ကျောက်တံခါးမြို့နယ် ဖဒိုမြို့သို့ရောက်ရှိပြီး ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ပါ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားကာ ဒေသခံပြည်သူများ၏မေးမြန်းချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အခြေခံစက်ချုပ်သင်တန်း ၂၂ ကြိမ် ဖွင့်လှစ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းအနီး အင်းကုန်းရွာ၌ မိရိုးဖလာကြာချည်မျှင် ထုတ်လုပ်သူလျော့နည်းလာ

**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းအနီး အင်းကုန်းရွာ၌ မိရိုးဖလာလုပ်ကိုင်လာသည့် ကြာချည်မျှင်ထုတ်သည့် လက်မှုလုပ်ငန်းလုပ်ကိုင်သူနည်းပါးလာပြီး ဝင်ငွေကောင်းသော လှေဖြင့်ပို့ဆောင်သည့်လုပ်ငန်းဘက်သို့ ကူးပြောင်းလာကြောင်း အင်းကုန်းရွာမှ မသူသူက ပြောသည်။ စွန်ရဲအင်းအတွင်း



အလေ့ကျပေါက်နေသည့် ပဒုမ္မာကြာရိုးများမှ ကြာချည်မျှင်ထုတ်ခြင်း၊ ငါးဖမ်းခြင်းတို့သည် ဒေသခံများ၏အဓိက အသက်မွေးဝမ်းကျောင်းများ ဖြစ်သော်လည်း ယခုအခါတွင် စွန်ရဲအင်းသို့ လာရောက်လည်ပတ်သူများပြားလာ၍ လှေဖြင့်ပို့ဆောင်ပေးရသည့်လုပ်ငန်းမှာ တစ်နေ့တခြားဝင်ငွေ ကောင်းလာသည်။

"ကြာမျှင်ထုတ်သူက တစ်နှစ်နဲ့တစ်နှစ်လျော့လာပြီ။ ကြာချည်မျှင်ကို အထည်ချုပ်ရောင်းတော့ ဈေးကောင်းရကြတယ်။ ကြာသင်္ကန်းအစစ်ဆိုရင် ကြာချည်မျှင်နဲ့ ရက်တာပါ။ ကြာမျှင်ထုတ်တဲ့ဝင်ငွေက လှေပို့တာလောက်မရလို့ လုပ်ငန်းပြောင်းသူများလာပြီး တစ်ချိန်ချိန်မှာ မိရိုးဖလာ ကြာချည်ထုတ်လုပ်ငန်း ပျောက်ကွယ်သွားနိုင်တယ်" ဟု မသူသူက ပြောသည်။

စွန်ရဲအင်းဝန်းကျင်၌ ရွာပေါင်းလေးရွာရှိကာ အင်းကုန်းရွာ၌ အိမ်ခြေ ၁၇၀ ရှိ၍ ကြာချည်မျှင်ထုတ်လုပ်သူ ၂၀ ခန့်သာကျန်ရှိပြီး ၃၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း၊ ယင်းကြာချည်မျှင်များကို တောင်ကြီးနှင့်အင်းလေးဒေသတို့မှ ပင်တိုင်ဝယ်ယူ၍ ကြာသင်္ကန်းနှင့်အဝတ်အထည်များ ရက်လုပ်ပြီး ပြန်လည်ရောင်းချကြောင်း သိရသည်။

"ကြာချိုးရင် ကြာပင်က ဆူးသေးသေးလေးတွေကြောင့် ယားတယ်။ မနက်စောစောကနေ တစ်နေကုန်လုပ်မှ ကြာချည်မျှင် နှစ်ကျပ်သားလောက်ရပြီး ရောင်းရင်ငွေကျပ် ၅၀၀၀ လောက်ပဲရတာ။ လှေပို့တာက နားနားနေနေနဲ့ ပိုက်ဆံပိုရတယ်"ဟု စွန်ရဲအင်းလှေသမားတစ်ဦးက ပြောသည်။ ကြာရိုးများရရှိရန် နံနက် ၅ နာရီမှ ၁၀ နာရီခန့်အထိ လှေတစ်စင်းနှင့်အင်းထဲသို့ သွားရောက်ခူးယူရကြောင်း၊ နေအိမ်သို့သယ်ဆောင်၍ ဓားအသေးစားဖြင့် ကြာချည်မျှင်ထုတ်ယူကာ ငါးမိနစ်ခန့်ကြာအောင် နေလှမ်းပြီး ကြာမျှင်ဝယ်ယူသည့် ပွဲစားများထံတစ်ဆင့် ရောင်းချရကြောင်း သိရသည်။ ကြာချည်မျှင် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၀၀ မှ ယခုနှစ်တွင် ငွေကျပ် ၂၈၀၀ ရရှိပြီး တစ်ရက်ဝင်ငွေကျပ် ၅၀၀၀ ကျော် ရရှိသော်လည်း လှေနှင့် ပို့ဆောင်သည့် တစ်ရက်ဝင်ငွေကျပ် ၁၀၀၀၀ ခန့်ရရှိကြောင်း၊ စွန်ရဲအင်းသည် ကြာပွင့်ကြာပန်းများဖြင့် လှပသည့် ရှုခင်းများကြောင့် လာရောက်လည်ပတ်သူများပြားလာကြောင်း သိရသည်။
**မင်းထက်အောင်(မန်းကိုယ်ပွား)**

❁ ကျောဖုံးမှ

ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ၅၁ကီလိုတန်းတွင် လေးပွဲ၊ ၆၀ ကီလိုတန်းတွင် လေးပွဲနှင့် ၆၇ ကီလိုတန်းတွင် လေးပွဲ စုစုပေါင်းတွဲဆိုင်း ၁၂ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး နောက်ဆုံးပွဲစဉ်ဖြစ်သည့် နိုင်ငံတကာအထူးစိန်ခေါ်ပွဲတွင် စိုးလင်းဦး(မြန်မာ)က တာဝမ်ချိုင်(ထိုင်း)ကို ဒုတိယအချီမှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲတွင် စိုးလင်းဦးသည် ထုံးစံအတိုင်းပထမအချီတွင် တစ်ဖက်ကစားသမားအထာကို အကဲစမ်းသည့်အသွင်ဖြင့် ဖိုက်တာပုံစံမကစားဘဲ ကောင်တာအသွင်ဖြင့်ကစားခဲ့သည်။ ဒုတိယအချီအစတွင် ပွဲစသည်နှင့် စိုးလင်းဦး ကောင်တာမှ ဖိုက်တာပုံစံပြောင်းကာ တိုက်စစ်ဖွင့်ကစားခဲ့သဖြင့် ပွဲစပြီး ၂ မိနစ်တွင် တာဝမ်ချိုင် ညာထောက်လက်သီးမိကာအနားတောင်းခဲ့ရသည်။ အနားတောင်းပြီးပွဲပြန်စသည်နှင့် စိုးလင်းဦးသည် တာဝမ်ချိုင်ပူးကပ်အချုပ်ကို အခွင့်ကောင်းယူကာ ညာပင့်ထောက်လက်သီးတစ်လုံး ရင်စူးသို့ပစ်သွင်းခဲ့ရာ တာဝမ်ချိုင်ကြမ်းပြင်သို့လဲကျခဲ့ပြီး ပြန်မထနိုင်တော့သဖြင့် စိုးလင်းဦး ဒုတိယအချီ ၂ မိနစ် ၄၆ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယနေ့ ရွှေခါးပတ်ချန်ပီယံကွာတားဖိုင်နယ် ၅၁ ကီလိုတန်းပြိုင်ပွဲများဖြစ်သည့် သက်ပိုင်အောင်(တောင်ကလေး)နှင့် သိန်းစိုးတို့ပွဲတွင် သိန်းစိုး သတ်မှတ်ကီလိုဝိတ်တန်းကျော်လွန်သဖြင့် လာရောက်ယှဉ်ပြိုင်ထိုးသတ်ခြင်းမရှိဘဲ သက်ပိုင်အောင်(တောင်ကလေး)အား အလဲထိုးဖြင့် အနိုင်ပေးခဲ့သည်။ ရွှေဖားစည်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် မိုက်မိုက် (STL)တို့ပွဲ၌ တတိယအချီ ၁ မိနစ် ၅၉ စက္ကန့်တွင် မိုက်မိုက် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့သဖြင့် ရွှေဖားစည်အနိုင်ရကာ ဆီမီးသို့ တက်လှမ်းသွားပြီဖြစ်သည်။ စိုးဝင်းသန်း(ရန်စစ်ငြိမ်း) နှင့် စိန်လင်းအောင်(တိုက်ဂါး)တို့ပွဲ၌ စိုးဝင်းသန်းက တတိယအချီ ၂ မိနစ် ၂၅စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ တိမ်တိုက်(ထွန်းသွင်)နှင့် စွမ်းထက်နိုင်(ဗမာ့သွေး)တို့ပွဲတွင် ငါးချီပြည့်သည်အထိ တစ်ဦးနှင့်တစ်ဦး အလဲထိုးပွဲပြတ်အနိုင်ယှဉ်ပြိုင်ထိုးသတ်ခြင်းမရှိသဖြင့် ဖိုက်တာတိမ်တိုက်အား ကောင်တာဖြင့် ယှဉ်ပြိုင်ကစားခဲ့သောစွမ်းထက်နိုင်(ဗမာ့သွေး) က အမှတ်ပေးဒိုင်နှစ်ဦး၏ အကဲဖြတ်မှုဖြင့် အနိုင်ရခဲ့သည်။

၆၀ ကီလိုတန်းဒုတိယနေ့ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ရွှေထွန်းယုံ(ရန်စစ်ငြိမ်း) နှင့် နေရှူဘီ(STL) တို့ပွဲ၌ နေရှူဘီ သတ်မှတ်ဝိတ်တန်းကျော်လွန်၍ ယှဉ်ပြိုင်ခွင့်မရှိခဲ့သဖြင့် ရွှေထွန်းယုံ ဆီမီးသို့အလွယ်တကူတက်လှမ်းနိုင်ခဲ့သည်။ တစ်ဖန် စည်သူအောင်(ရွှေမိုးထိ)နှင့်စိုးလေး(တိုက်ဂါး)တို့ပွဲတွင် ပထမအချီ ၅၅ စက္ကန့်မှာပင် စည်သူအောင် ညာထောက်လက်သီးတစ်လုံးတည်းဖြင့် အနိုင်ယူခဲ့သည်။ စောထူးဇော်(ဒို့ရိုးရာ) နှင့် ဇော်ချစ်အောင်(ဗမာ့သွေး)တို့ပွဲတွင်လည်း သမ္ဘာရင့် စောထူးဇော်က ပထမအချီမှာပင် အလဲထိုးဖြင့်နိုင်ခဲ့ပြီး စောဒါဝိတ် (တောင်ကလေး)နှင့် ဂျိုကာ(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)တို့ပွဲတွင် မာဂုဏ်မြင့် စောဒါဝိတ် တတိယအချီ ၂၈ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရကာ ဆီမီးသို့ တက်လှမ်းနိုင်ခဲ့သည်။

ကွာတားဖိုင်နယ် ၆၇ ကီလိုတန်းဒုတိယနေ့ပွဲစဉ်များဖြစ်သည့် ဗိုစိုးအောင်(ဗမာ့သွေး)နှင့် သွေးသစ်ဝင်းလှိုင် (ရွှေမိုးထိငြိမ်းချမ်းရေး)တို့ပွဲတွင် ပရိသတ်ထင်ထားသည့်အတိုင်း ပထမအချီပွဲစသည်နှင့် သွေးသစ်ဝင်းလှိုင် အလဲထိုးဖြင့် နိုင်ခဲ့သည်။ ဖိုးလပြည့်(ရွှေဖူး)နှင့် စောဘဦး(တောင်ကလေး)တို့ပွဲတွင် ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ပေးဒိုင်သုံးဦး၏ ဆုံးဖြတ်ချက်အရ ဖိုးလပြည့်ကို ဆီမီးသို့ တက်ရောက်ခွင့်ပေးခဲ့ပြီး စောလူမင်း(တိုက်ဂါး) နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်)တို့ပွဲ၌ ဒုတိယအချီ ၅၈ စက္ကန့်တွင် ရဲတံခွန်အလဲထိုးဖြင့်အနိုင်ရခဲ့ကာ ဉာဏ်လင်းအောင်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ထွန်းနိုင်ဦး(STL) တို့ပွဲတွင် ဒုတိယအချီ ၁ မိနစ် ၃၉ စက္ကန့်၌ ဉာဏ်လင်းအောင် ဆက်လက်ယှဉ်ပြိုင် ထိုးသတ်နိုင်စွမ်းမရှိတော့ဘဲ ဒိုင်အား အမှတ်ရေခိုင်းကာ အရှုံးပေးခဲ့သဖြင့် ထွန်းနိုင်ဦး အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ရွှေခါးပတ်ချန်ပီယံလုပွဲ ၂၀၁၆ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၃ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် သိမ်ဖြူရိုးရာလက်ဝှေ့ရုံ၌ပင် ဝိတ်တန်းအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

✻ ကျောဖုံးမှ

နေရပ်ပြန်သူ ၂၆၆ ဦး၊ လွတ်ငြိမ်းသက်သာခွင့်ရသည့် ၃၁-၁၂-၂၀၁၆ ရက်နေ့ မတိုင်မီ နေရပ်သို့ ပြန်မည့်သူဦးရေ ၃၆၉ ဦးနှင့် Work Permit ရရှိရန်ဆောင်ရွက်ဆဲဦးရေ ၁၇၆၈ ဦး ရှိကြောင်း သိရသည်။

ယင်း Work Permit ရရှိရန်ကျန်ရှိသူများအား ဇူလိုင် ၂၉ ရက်တွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ ဥပဒေအရ Work Permit ရရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသူများသည် နေရပ်နိုင်ငံသို့ ပြန်ရမည်ဖြစ်ကြောင်း၊ နေရပ်သို့ပြန်ပို့ခံရသူများသည် မလေးရှားနိုင်ငံသို့ တရားဝင်အလုပ်သမားအဖြစ် ပြန်လည်သွားရောက်ရန် ငါးနှစ်သက်တမ်း ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ တရားမဝင်အလုပ်သမားများအား တရားဝင်အလုပ်သမားအဖြစ် လုပ်ကိုင်ခွင့်ရရှိရန် မလေးရှားအစိုးရသို့ ပေးဆောင်ရသည့် ငွေကြေးပမာဏမှာ မလေးရှား ရင်းဂစ် ၄၀၀၀ (မြန်မာငွေကျပ် ၁၂ သိန်းခန့်) နှင့် ဝန်ဆောင်မှုစရိတ်ရင်းဂစ် ၈၀၀ (မြန်မာငွေကျပ်နှစ်သိန်းဝန်းကျင်) ကုန်ကျနိုင်၍ တရားဝင်အလုပ်သမားအဖြစ် ဆောင်ရွက်ပေးနေသော်လည်း လာရောက်၍ Work Permit လျှောက်ထားမှုမှာ နည်းနေသေးကြောင်း သိရသည်။

အဆိုပါ အကျိုးဆောင်ကုမ္ပဏီအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်အရ လွန်ခဲ့သော နှစ်နှစ်မှစတင်ကာ မြန်မာလုပ်သားများ တရားဝင်လုပ်ကိုင်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ **မြင့်မောင်စိုး**

**သဘာဝပတ်ဝန်းကျင် စိမ်းလန်းဖို့ သစ်တောသစ်ပင်စိုက်ကြစို့**

# သောက်ရေသန့်သုံးစက်ကိရိယာများဝယ်ယူမည့် ငွေများသိမ်းဆည်းခံရရာမှ ပြန်လည်ရရှိ

**တာချီလိတ် ဇွန် ၂၆**

တာချီလိတ်မြို့ဆမ်ကျန်ခမ်း သောက်ရေသန့်လုပ်ငန်း အတွက် ကိုအိုက်ပွန်းနှင့် လုပ်ငန်းရှင်တစ်စုသည် ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တွင် လုပ်ငန်းသုံးစက်ကိရိယာများ ဝယ်ယူရန်အတွက် ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၈ သိန်းကို ယူဆောင်သွားပြီး အဆိုပါ စက်ပစ္စည်းများအတွက် ငွေပေးချေရန်ဆောင်ရွက်စဉ် ထိုင်းရဲတပ်ဖွဲ့မှ တွေ့ရှိထားပြီး ငွေကြေးပမာဏများပြားနေသည့်အတွက် အဆိုပါ ငွေများမှာ တရားဝင်ရရှိထားသော ငွေများဖြစ်ကြောင်း မှန်ကန်မှု ရှိမရှိ စစ်ဆေးရန်အတွက် မယ်ဆိုင်မြို့ ရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကူညီမှုပေးနိုင်ပါရန် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ(CNCMC)သို့ ဆက်သွယ်အကူအညီတောင်းခံမှုကြောင့် CNCMC ကော်မတီ၊ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး ဦးစည်သူမောင်က မယ်ဆိုင်ရဲစခန်းသို့ သွားရောက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ငွေကြေးများ တစ်စုံတစ်ရာ ဆုံးရှုံးမှုမရှိဘဲ ပြန်လည်ရရှိခဲ့သည်။



အဆိုပါ ငွေကြေးများနှင့်ပတ်သက်၍ အမှတ်(၂) လှည့်ကင်းအဖွဲ့ခေါင်းဆောင်ရဲမှူး Tom Surinpao နှင့် တာဝန်ရှိသူများ၊ (CNCMC)၏ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူးနှင့် ငွေရှင်များ တွေ့ဆုံညှိနှိုင်းကာ တရားမဝင်ရရှိထားသော ငွေကြေးများမဟုတ်ခြင်း၊ စက်ကိရိယာများဝယ်သည်မှာ မှန်ကန်ခြင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအရ ထိုင်းဘက်တာဝန်ရှိသူများက ဘတ်ငွေ ၁၈ သိန်းအား လက်ဝယ်အရောက်ပြန်လည်ပေးအပ်ခဲ့သည်။ ထိုင်းနိုင်ငံ အကောက်ခွန်ဌာန၏ သတ်မှတ်ချက်အရ နိုင်ငံခြားသားများအနေဖြင့် ထိုင်းနိုင်ငံအတွင်းသို့ ဘတ်ငွေများ ယူဆောင်လာပါက ဘတ် ငါးသိန်းအထိသာ ခွင့်ပြုပြီး ငါးသိန်းထက်ပိုမိုပြီး ယူဆောင်လိုပါက အကောက်ခွန်ဌာနတွင် တရားဝင်ကြေညာလွှာတင်သွင်းပြီး ခွင့်ပြုချက်ရမှသာ သယ်ယူခွင့်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# လူမှုရေးလုပ်ဆောင်ချက်များဖြင့် ဆမ်ဆောင်းက အာရှထိပ်တန်း ၁၀၀၀ တွင် ငါးကြိမ်မြောက်ပထမရရှိ

**ရန်ကုန် ဇွန် ၂၆**

အာရှ၏ ထိပ်တန်း အမှတ်တံဆိပ် ၁၀၀၀ တွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နံပါတ်(၁)နေရာ၌ ငါးနှစ်ဆက်တိုက် ရပ်တည်နိုင်သော အမှတ်တံဆိပ်အဖြစ် ဆမ်ဆောင်းရပ်တည်လျက်ရှိကြောင်း နိုင်ငံတကာ စစ်တမ်းများကောက်ယူသော ကုမ္ပဏီဖြစ်သည့် Nielson နှင့် Campaign Asia မှ သတင်းထုတ်ပြန်သည်။

Samsung သည် ၂၀၁၅ ခုနှစ်တွင် Galaxy S6 Edge Plus နှင့် Note 5 တို့အား မိတ်ဆက်ခဲ့ပြီး အဆိုပါနည်းပညာမြင့်စမတ်ဖုန်းများသည် အသစ်ထွက်ရှိခဲ့သည့် iPhone တို့အား ကျော်လွန်၍ ဈေးကွက်အတွင်း တစ်လနီးပါး ရောင်းအားကောင်းမွန်ခဲ့သည်။ ၂၀၁၆ ဇန်နဝါရီလတွင် Galaxy S7 Edge အား ထပ်မံမိတ်ဆက်ခဲ့ရာ အဆိုပါဖုန်း၏ ထပ်မံတိုးမြှင့်ထားသည့် storage yrmP၊ dual-pixel ကင်မရာ၊ 3,600 mAh ဘက်ထရီနှင့် always-on display အစရှိသည့် အရည်အသွေးမြင့် လုပ်ဆောင်ချက်များအပေါ် သုံးစွဲသူများက အထူးသဘောကျနှစ်ခြိုက်ကြပြီး ကောင်းမွန်သည့် သုံးသပ်ချက်အမြောက်အမြားကို Samsung အနေဖြင့် လက်ခံရရှိခဲ့သည်။

မကြာသေးခင်က ထုတ်ပြန်ကြေညာလိုက်သော အဆိုပါ အာရှထိပ်တန်းအမှတ်တံဆိပ် ၁၀၀၀ စာရင်းအရ မိုဘိုင်းထုတ်ကုန်ပစ္စည်းဈေးကွက်များတွင် Samsung အနေဖြင့် ဈေးကွက် ၁၃ ခုအတွင်း ကိုးခုတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပြီး အိမ်သုံးပစ္စည်းဈေးကွက်များတွင် ကင်မရာနှင့် ရေခဲသေတ္တာဈေးကွက် နှစ်ခုမှလွဲ၍ အခြား ဈေးကွက်များတွင် ထိပ်တန်းအမှတ်တံဆိပ် ငါးခုစာရင်းတွင် ရပ်တည်လျက်ရှိသည်။

ထို့အပြင် Samsung သည် လုပ်ငန်းလည်ပတ်ဆောင်ရွက်သော သက်ဆိုင်ရာနိုင်ငံများတွင် လူမှုအကျိုးပြုလုပ်ငန်းများကို ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် လူငယ်၊ ပညာရေး၊ နည်းပညာကဏ္ဍများကို မြှင့်တင်ပေးလျက်ရှိရာ ယင်းကဏ္ဍသည်လည်း ဆမ်ဆောင်းအမှတ်တံဆိပ်လူကြိုက်များလာရေးအတွက် များစွာအထောက်အကူဖြစ်နိုင်ကြောင်း သိရသည်။

**သွန်းဝသန်**

# ခန့်မှန်းရခက်နေသော မြန်မာ့ကျောက်မျက်ရတနာဈေးကွက်

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဇွန် ၂၄ ရက်က စတင်ကျင်းပသည့် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကျင်းပနေပြီဖြစ်သည်။ ပြပွဲ၌ တင်သွင်းရောင်းချသည့် ကျောက်မျက် ရောင်းဝယ်သူများသည် ကျောက်စိမ်း ဈေးကွက်ဝယ်ယူလိုမှု အားနည်းနေသည့်အတွက် ရောင်းချသောကျောက်မျက်များ ဈေး ခုန် မခုန်၊ ဈေးကောင်း မကောင်းရရှိရန် ခန့်မှန်းရခက်နေကြောင်း ကုန်သည်များထံမှ သိရသည်။



ယခုအချိန်သည် ကျောက်မျက်တူးဖော်မှုလုပ်ငန်းများကို မိုးရာသီအတွင်း ရပ်နားထားရပြီး နောင်ဆက်လက်တူးဖော်ဆောင်ရွက်ရန် အခြေအနေများမှာ အတိအကျမပြောနိုင်သေးကြောင်း လုံးခင်းနှင့်ဖားကန့်ရှိ ကျောက်မျက်တူးဖော်ခြင်းလုပ်ကိုင်သူ ကျောက်မျက် အသိုင်းအဝိုင်းမှ ကြားသိရသည်။

ယခု မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တင်သွင်းရောင်းချသော ကုမ္ပဏီများသည် ကုမ္ပဏီ၏ ကျောက်ဂိုဒေါင်လက်ကျန်စာရင်းကိုတွက်ပြီး အချိုးကျ တင်သွင်း ရောင်းချခွင့်ပြုကြောင်း ယခင်က ကျောက်တွဲ အရေအတွက်များများ တင်သွင်းရောင်းချခွင့် ရှိသော်လည်း ယခုအခါ အရေအတွက်အနည်းငယ်သာ ခွင့်ပြုကြောင်း သိရသည်။

ကျောက်ဈေးကွက် ကျဆင်းနေသည့်အတွက် ဈေးနှုန်းရရှိမည့်အခြေအနေကို မခန့်မှန်းနိုင်ကြကြောင်းနှင့် ကျောက်တွဲများ ပိုမိုရောင်းချရမှုလည်း ကုမ္ပဏီ လည်ပတ်မှုအဆင်ပြေမည်ဖြစ်ကြောင်း ကျောက်မျက် ကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးက ပြောသည်။

ယခုပြပွဲတွင် ပြည်တွင်း ကျောက်မျက်ကုမ္ပဏီများမှ ကျောက်မျက်အတွဲပေါင်း ၆၀၆၂ တွဲ တင်သွင်းရောင်းချပြီး အတွဲပေါင်း ၅၈၇၆ တွဲကို တစ်နေ့လျှင် အတွဲ ၁၀၀၀ ကိုတင်ဒါဈေးနှုန်းပေးသွင်း၍ ရောင်းချပေးမည်ဖြစ်ပြီး ကျောက်တွဲ ၅၉၉၇ မှ တစ်နေ့လျှင် အတွဲပေါင်း ၆၀ ကို လေလံစနစ်ဖြင့် ဈေးပြိုင်ရောင်းချခြင်းကို ပြုလုပ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲသို့ ပြည်တွင်း ပြည်ပ ကျောက်မျက်ရတနာကုန်သည် ၁၂၀၀ ခန့် တက်ရောက် ဝယ်ယူကြမည်ဟု သိရှိရပြီး နိုင်ငံတော်အစိုးရကလည်း ယခင်ကအကျိုးတူ လုပ်ဆောင်ရာတွင် ပုဂ္ဂလိကမှ ၆၀ ရာခိုင်နှုန်း၊ အစိုးရက ၄၀ ရာခိုင်နှုန်းခွဲဝေခံစားမှုကို ယခုအခါ ပုဂ္ဂလိကမှ ၇၅ ရာခိုင်နှုန်း၊ အစိုးရက ၂၅ ရာခိုင်နှုန်းအဖြစ် ပြောင်းလဲသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**




## မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသမီးနိုင်ငံခြားရေးဝန်ကြီး (သို့မဟုတ်) မျှော်လင့်ခြင်းမီးအိမ်




"မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသမီး နိုင်ငံခြားရေးဝန်ကြီး (သို့မဟုတ်)မျှော်လင့်ခြင်း မီးအိမ်စာအုပ်"ကို ရဲကျော်မြင့် ရေးသားထားသည်။ ယင်းစာအုပ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့်လည်းကောင်း၊ သမိုင်းမှတ်တမ်းတင်အပ်သော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်လည်းကောင်း ရေးသားရခြင်း ဖြစ်ကြောင်း စာရေးသူက အမှာစာတွင် ဖော်ပြထားသည်။

၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့ ပြည်သူ့လွှတ်တော် ခန်းမဆောင်အတွင်းမှ ကြည်နူးဖွယ် ပုံရိပ်များနှင့်အတူ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်လာသည့် နိုင်ငံခြားရေးဝန်ကြီး ၂၃ ဦးတွင် ပထမဦးဆုံးသော အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီးအဖြစ် ဝင်ရောက်လာခဲ့ပုံ၊ ဒေါ်အောင်ဆန်းစုကြည်၏ မြစ်ဆုံကိစ္စ သဘောထား၊ ကမ္ဘာ့လွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ် ၁၀၀ အနက် တတိယမြောက်နေရာ ရရှိထားသည့် အကြောင်းတရားများ စသည်ဖြင့် အနာဂတ်လူငယ်များ စံနမူနာပြု ဖတ်ရှုသင့်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် မဇ္ဈိမစာပေက ထုတ်ဝေသည်။

## အစိုးရအဖွဲ့သစ်၏ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံခြင်း




Sky Net ရုပ်သံအစီအစဉ်မှ ထုတ်လွှင့်ပြသခဲ့ပြီး ဒီမိုကရေစီတူဒေးသတင်းစာ၌ ဖော်ပြခဲ့သည့် ကိုကို(စက်မှုတက္ကသိုလ်) တွေ့ဆုံမေးမြန်းထားသော အစိုးရအဖွဲ့သစ်၏ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံခြင်း စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇)(ပထမထပ်-ဝဲ) ၃၉ လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ကိုကို(စက်မှုတက္ကသိုလ်) က ၎င်း၏ အမှာစာတွင် "အစိုးရအဖွဲ့သစ်ဘာတွေ လုပ်မလဲ။ ဝန်ကြီးအသစ်တွေက မိမိတို့ တာဝန်ယူရသည့်ဌာနနှင့် သက်ဆိုင်သော နယ်ပယ်တွေကို တိုးတက်အောင်လုပ်ဖို့ ဘာတွေစိတ်ကူးထားကြသလဲ။ တစ်ဦးချင်းစီ၏ စိတ်နေသဘောထား ခံယူချက်တွေက ဘယ်လိုတွေလဲ စသည့်ဖြင့် ထိုသိချင်သော အရာများ၏ အဖြေများကို ရယူပြီး ပြည်သူများထံ တင်ပြလိုလာသည်"ဟု ဆိုထားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်(ပြန်ကြားရေးတာဝန်ခံ) မုံရွာအောင်ရှင်ကလည်း သူ၏အမှာတွင် "ပြည်ထောင်စု ဝန်ကြီးများ၏ ဖြေကြားချက်များတွင် တိုင်းပြည်တည်ဆောက်ရေးအတွက် ခွန်အားကိုပေးသော အတွေးအခေါ်များ၊ အယူအဆများ၊ ယုံကြည်မှုများ၊ မျှော်မှန်းချက်များမှ မည်သို့မျှ သွေဖည်သွားမည် မဟုတ်သော စိတ်ဓာတ်နှင့် လက်တွေ့ကျသည့် ဆုံးဖြတ်ချက်များကို တွေ့ရသည်"ဟု ဆိုထားပြန်သည်။


အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ၎င်းတို့၏ ရှေ့လုပ်ငန်းစဉ်နှင့်ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို အချိန်ပေး ဖြေကြားပေးထားသည့်အတွက် နိုင်ငံသားတိုင်း ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်သည်။

## ကျွန်တော်သိသော လွှတ်တော် ကိုယ်စားလှယ်များစာအုပ်ထွက်ရှိ




မောင်တွေးထက်၏ ကျွန်တော်သိသော လွှတ်တော်ကိုယ်စားလှယ်များ စာအုပ်ထွက်ရှိလာသည်။ ပြည်သူ့အစိုးရ သို့မဟုတ် ဒီမိုကရေစီ အစိုးရလက်ထက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဘဝအဖုံဖုံကို ရှုထောင့်စုံက ချဉ်းကပ်ကာ ထုံမွမ်းထားသော စာစုဖြစ်ကြောင်း စံတော်ချိန် နေ့စဉ်သတင်းစာ အယ်ဒီတာချုပ်က အမှာစာရေးသားထားသည်။ လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးတို့၏ ခံယူချက်၊ ရည်မှန်းချက်နှင့် ဘဝပုံရိပ်များ၊ နောက်ခံအကြောင်းအရာများကို ရသဆန်ဆန် ရေးဖွဲ့ထားသည်။ မဇ္ဈိမစာပေက တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ထုတ်ဝေသည်။

## သတင်းသမားမြင့်မားဂုဏ်ရည် ဒီမိုကရေစီနိုင်ငံတော်နှင့်စတုတ္ထမဏ္ဍိုင်




သတင်းသမားမြင့်မားဂုဏ်ရည် ဒီမိုကရေစီနိုင်ငံတော်နှင့်စတုတ္ထမဏ္ဍိုင်သတင်းဆောင်းပါးများစာအုပ်ကို စာရေးဆရာ ဦးဟန်ညွန့် (ဥပဒေ) က ရေးသားထားပြီး ဦးခင်မောင်ကြွယ်(၀၀၈၅၆) အမှတ် ၅၉ (မြေညီထပ်) ခြံအမှတ် (၂၇) ယောမင်းကြီးလမ်းသွယ် ဒဂုံမြို့နယ်က ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါစာအုပ်သည် သတင်းသမားတို့ သိသင့်သိထိုက်သည်ကို စုစည်းဖော်ပြထားသောကြောင့် သတင်းသမားများအတွက် စာအုပ်ကောင်းတစ်အုပ်ဟု ပြောရ ပေမည်။ ကောင်းသန့် စာပေ အမှတ် ၂၀၉၊ ပ-ထပ်(ယာ)၊ ၃၈လမ်း (ထက်) ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၃၄၂၃ က တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။

# ဗာဂျီးနီးယားပြည်နယ်အနောက်ပိုင်းတွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်၊ လူ ၂၄ ဦးသေဆုံး



**ဗာဂျီးနီးယား ဇွန် ၂၆**

ဗာဂျီးနီးယားပြည်နယ် အနောက်ပိုင်းတွင် ရာစုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ လူ ၂၄ ဦး သေဆုံးခဲ့သဖြင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ်တစ်ရပ်ဟု သမ္မတ အိုဘားမားကိုယ်တိုင် ထုတ်ဖော်ပြောကြားသည်။

ပြည်နယ် အုပ်ချုပ်ရေးမှူး အားလ်ရေးတွန်(ဘ်)လင်း၏ အကူအညီတောင်းခံမှုအရ နိုင်ငံအတွင်း ဆိုးရွားစွာ သဘာဝဘေးအန္တရာယ်ခံစားနေရသော သုံးနေရာကို အကူအညီများပေးရန် ပြည်နယ်အစိုးရကို သမ္မတက အမိန့်ပေးထားသည်။ ဒေသခံများအနေဖြင့် ယခုအခါ ယာယီအိမ်များ လက်ခံရရှိမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများနှင့် အိမ်ပေါင်း ၃၀၀၀၀ မှာ လျှပ်စစ်စွမ်းအင်ပြတ်တောက်လျက်ရှိသည်။ ကြာသပတေးနေ့ကတည်းက အဆက်မပြတ် ရွာသွန်းခဲ့သောမိုးကြောင့် မြစ်များ၊ ချောင်းများမှ ရေများ လျှံကျလာခဲ့ပြီး မြို့ပေါင်းများစွာကို ဖြတ်သန်းစီးဆင်းခဲ့သည်။ ယခုရေလွှမ်းမိုးမှုမှာ ရာစုနှစ် တစ်ခုအတွင်း အဆိုးရွားဆုံးဖြစ်ပြီး လူရာပေါင်းများစွာကို ကယ်ဆယ်ခဲ့ရသည်။

ရွှံ့နွံ ဖုံးလွှမ်းမှု မြေပြိုမှုနှင့် မုန်တိုင်းဒဏ်ကို ခံစားနေရသောဒေသများ ပြန်လည်ထူထောင်နိုင်ရေးအကူအညီများပေးရန် သမ္မတ အိုဘားမားက ညွှန်ကြားထားသည်ဟု အိမ်ဖြူတော်မှ သတင်းထုတ်ပြန်သည်။ မစ္စတာတွန်(ဘ်)လင်းက ပြည်နယ်အစိုးရ အကူအညီပေးမှုများတွင် ကန်နာဝါ၊ ဂရင်းဘီရီယာနှင့် နီကိုးလပ်စ်တို့တွင် ခိုလှုံစရာနေရာ ဆောက်လုပ်ပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးအထောက်အပံ့များပေးခြင်းတို့ပါဝင်ကြောင်း ပြောသည်။

ယခုအခါ အာဏာပိုင်များသည် သဘာဝဘေးအန္တရာယ်ခံစားနေရသော ဒေသများ၌ အပျက်အစီးများကို တွက်ချက်နေပြီး နောက်ထပ်အကူအညီများ ထပ်မံရရှိမည်ဟုလည်း ၎င်းကပြောသည်။

**(ဘီဘီစီ)**

# အဆိုတော် ပရင့်စ်၏ ဂစ်တာကို ဒေါ်လာ ၁၃၇၅၀၀ ဖြင့် လေလံပွဲ၌ ရောင်းချ



**ကယ်လီဖိုးနီးယား ဇွန် ၂၆**

ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်သူ ပရင့်စ်၏ အဝါရောင်လျှပ်စစ်ဂစ်တာကို လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၁၃၇၅၀၀ ရရှိခဲ့ကြောင်း သတင်းများတွင်ဖော်ပြထားသည်။ ကယ်လီဖိုးနီးယားပြည်နယ် ဘီဘာလီဟေးလ်၌ ရှေးဟောင်းပစ္စည်းများ လေလံတင်ရောင်းချသူများက အဆိုပါဂစ်တာမှာ ဂီတပညာရှင်များအကြိုက် တူရိယာတစ်ခုဖြစ်သည်ဟု ပြောသည်။

ယင်းဂစ်တာကိုအမေရိကန် ဘောလုံးကလပ်တစ်ခုပိုင်ရှင်ဖြစ်သူ ဂျင်အာဆေးကဝယ်ယူခဲ့သည်ဟု အေပီသတင်းဌာနက ပြောသည်။ ပရင့်စ်သည် ဧပြီလအတွင်းက မင်နီဆိုတားရှိ ၎င်း၏နေအိမ်၌ သေဆုံးခဲ့သည်။

ယင်းဂစ်တာကို ၁၉၈၀ ပြည့်လွန်နှစ်များက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၀ ပြည့်လွန်နှစ် အလယ်နှစ်များတွင် ပြုလုပ်သော ဂီတဖျော်ဖြေပွဲများစွာ၌ အသုံးပြု၍ ဖျော်ဖြေခဲ့သည်။

ပရင့်စ်၏ ဂစ်တာကိုဝယ်ယူသူမှာ ဂီတတူရိယာပစ္စည်းအမြောက်အမြားကို စုဆောင်းသူအဖြစ် ကျော်ကြားသူလည်းဖြစ်သည်။

**(ဘီဘီစီ)**

# ဆိုမာလီရှိ ဟိုတယ်တစ်လုံး တိုက်ခိုက်ခံရ

## လူ ၁၄ ဦးသေဆုံး

**မိုဂါဒစ်ရှူး ဇွန် ၂၆**

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်ခု၌ သေနတ်သမားများ ဝင်ရောက်ပစ်ခတ်ခဲ့ရာ လူ ၁၄ ဦးထက်မနည်းသေဆုံးခဲ့သည်။

ဆိုမာလီနိုင်ငံ အခြေစိုက် အကြမ်းဖက်အုပ်စု အယ်ရှာဘတ်က ယင်းတိုက်ခိုက်မှုမှာ ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု ပြောသည်။ သေနတ်သမားများသည် တိုက်ခိုက်မှုမစတင်မီ ဟိုတယ်ဂိတ်ဝ၌ ပေါက်ကွဲစေတတ်သော ပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်ဖြင့် ဖောက်ခွဲခဲ့သည်။

၎င်းတို့သည်ဧည့်သည် များကို ဓားစာခံများအဖြစ် ဖမ်းဆီးကာလုံခြုံရေးတပ်ဖွဲ့များကို လက်နက်ချရန် ပြောခဲ့သည်။ သေဆုံးသူများထဲတွင် သေနတ်သမား နှစ်ဦးလည်းပါဝင်သည်။ အခြားလူ ၂၀ မှာ ဒဏ်ရာရရှိခဲ့သည်။

ယင်းဟိုတယ်သည် အစိုးရအရာရှိများနှင့် နိုင်ငံရေးသမားများ မကြာခဏသွားလာလေ့ရှိသော ဟိုတယ်အဖြစ် ကျော်ကြားသည်။ ဇွန် ၁ ရက်ကလည်း ၎င်းအဖွဲ့ကပင် အခြားဟိုတယ်တစ်ခုကို တိုက်ခိုက်ခဲ့ရာ လူ ၁၅ ဦး သေဆုံးခဲ့ရသည်။

ဆိုမာလီတပ်ဖွဲ့ဝင်များသည် အာဖရိကသမဂ္ဂမှ တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း၍ အကြမ်းဖက်သမားများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။ အယ်ရှာဘတ်အုပ်စုက ယခုတိုက်ခိုက်မှုမှာ စစ်ဆင်ရေးများအတွက် လက်စားချေတိုက်ခိုက်ခြင်းဖြစ်သည်ဟု ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ကယ်လီဖိုးနီးယားတောမီးကြောင့် အိမ်ပေါင်းများစွာပျက်စီး



**ဝါရှင်တန် ဇွန် ၂၆**

ကယ်လီဖိုးနီးယားအလယ်ပိုင်း တောင်ခြေတွင် တောမီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်အလုံးပေါင်း ၁၅၀ ခန့် မီးလောင်ကျွမ်းခဲ့ပြီး ၇၅ လုံးမှာလည်း ပျက်စီးခဲ့ရသောကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

ကြာသပတေးနေ့က ကန်းစီရင်စု အရှေ့မြောက်ပိုင်း မိုင် ၄၀အကွာ၌ တောမီးကြောင့် လူနှစ်ဦးသေဆုံးခဲ့ရပြီး မီးသတ်သမားသုံးဦးကိုလည်း ဆေးရုံသို့ ပို့ဆောင်ထားသည်။

စနေနေ့ မွန်းလွဲပိုင်းက တောမီးကြောင့် ဧကပေါင်း ၃၅၇၀၀ လောင်ကျွမ်းခံခဲ့ရပြီး မီးငြိမ်းသတ်ရန် မီးသတ်ဝန်ထမ်း ၁၁၀၀ ကျော် စေလွှတ်ထားကြောင်း ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးအရာရှိ ဂျယ်ရီဘရောင်းက ကန်းစီရင်စုကို အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

တောမီးသည် ပြင်းထန်ကြောင်း၊ လူနေရပ်ကွက်အတော်များများမှာ အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း မီးသတ်ဌာန အရာရှိ တိုင်လာတောင်းဆန့်က ပြောသည်။

**(ရိုက်တာ)**

# အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် တာလီဘန် စစ်သွေးကြွ ၁၆ ဦး သေဆုံး

**ကဘူးလ် ဇွန် ၂၆**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းပြည်နယ် ခန်ဒတ်ဇ်ဒေသ၌ အမေရိကန် မောင်းသူမဲ့လေယာဉ်၏ ညလုံးပေါက် တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၁၆ ဦး သေဆုံးခဲ့ကြောင်း တနင်္ဂနွေနေ့က ထုတ်ပြန်ချက်အရ သိရသည်။

တာလီဘန် ထိပ်တန်းခေါင်းဆောင် မူလာ ဂျနက်ဂူလ်နှင့်အတူ ၎င်း၏ နောက်လိုက် ၁၅ ဦးကို စနေနေ့ညက နိုင်ငံတကာ မောင်းသူမဲ့လေယာဉ်တပ်ဖွဲ့မှ ချေမှုန်းတိုက်ခိုက်နိုင်ခဲ့ကြောင်း ဒေသတွင်းအာဖဂန်ကြည်းတပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

သောင်းကျန်းသူများသည် အဆိုပါဒေသကို ပြန်လည်ရယူနိုင်ရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြချက်တွင်ပါရှိသည်။ စနေနေ့က ပါဝန်ပြည်နယ် အရှေ့ဘက် ဂေါ့ဘန်ခရိုင်ရှိ အာဖဂန်စစ်ဘက်လုံခြုံရေး စစ်ဆေးရေးဂိတ်တစ်ခုတွင် တာလီဘန်ထောက်လှမ်းရေး အေးဂျင့်တစ်ဦးဖြစ်သူ အဗ္ဗဒူလ် ဆာမက်က အသေခံတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ဖမ်းဆီးရမိခဲ့သည့် အဖြစ်အပျက်နှင့် သက်ဆိုင်မှုမရှိကြောင်း စစ်ဘက်ဆိုင်ရာအရင်းအမြစ်က ဆင်ဟွာသို့ အစောပိုင်းက ပြောခဲ့သည်။ ဧပြီလအစောပိုင်းကတည်းက အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေတိုး ဦးဆောင်သည့်တပ်ဖွဲ့ဝင်များနှင့် စစ်ဆင်ရေးအတွက် ဒရုန်းများဖြင့် စစ်သွေးကြွများကို တိုက်ခိုက်ခဲ့သည်။

**(ဆင်ဟွာ)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း တောင်ကြီးမြို့၌ စက်ရေတွင်းနှစ်တွင်းတူး သောက်သုံးရေလိုအပ်သောနေရာများတွင် ဆက်လက်တူးဖော်လှူဒါန်းလျက်ရှိ

**တောင်ကြီး ဇွန် ၂၆**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် သောက်သုံးရေ ရှားပါးပြီး ရေအခက်အခဲရှိသော ကျေးရွာများ၊ မြို့ပေါ်ရပ်ကွက်များ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ ၊ တရားစခန်းများအတွက် စက်ရေတွင်းများ တူးဖော်လှူဒါန်းပေးလျက်ရှိရာ ဇွန် ၂၄ ရက်က တောင်ကြီးမြို့၏ ကျက်သရေဆောင် နှစ်စဉ် စာအောင်သာမဏေကျော်များ မွေးဖွားပေးရာ ဘုန်းကြီးကျောင်းဖြစ်သော သိမ်တောင်ပရိယတ္တိစာသင်တိုက်မှ စက်ရေတွင်းကို ရေအနက် ၅၆၅ ပေ အရောက်တွင် တစ်နာရီ ရေဂါလန် ၁၅၀၀ ဖြင့် လည်းကောင်း၊ တောင်ကြီးမြို့ မဟာစည်သာသနာ့ရိပ်သာတွင် တူးဖော်လှူဒါန်းလျက်ရှိသော စက်ရေတွင်းမှ အနက်ပေ ၉၀ အရောက်တွင် တစ်နာရီရေဂါလန် ၃၀၀၀ နှုန်းဖြင့်လည်းကောင်း စက်ရေတွင်းနှစ်တွင်းမှ သန့်ရှင်းသော သောက်သုံးရေများကို တစ်ပြိုင်နက်တည်း အောင်မြင်စွာ တူးဖော်နိုင်ခဲ့သည်။




ထိုသို့ တူးဖော်လှူဒါန်းမှုသည် သိမ်တောင် ပရိယတ္တိစာသင်တိုက်၌ သံဃာအပါး ၁၇၀ နှင့် အခြား ဘုန်းကြီးကျောင်းများမှ စာဝါလိုက်သော သံဃာများ၊ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်၍ တက်ရောက်သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းတိုက်မှ သံဃာတော်များအတွက် သောက်သုံးရေခက်ခဲမှုနှင့် မဟာစည်သာသနာ့ရိပ်သာ၌ ရိပ်သာဝင်သူတော်စင်များ အေးချမ်းစွာ တရားအားထုတ်စဉ် သုံးစွဲရန်လိုအပ်နေသော သောက်သုံးရေခက်ခဲနေသည်ကို သိရှိသဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းက ရေတူးဖော်လှူဒါန်းပေးခြင်းဖြစ်သည်။

"သိမ်တောင်ပရိယတ္တိ စာသင်တိုက်ဟာ နှစ်စဉ် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ပါဠိပထမပြန်၊ စာချတန်း၊ ဂုဏ်ထူးတန်း၊ MA တန်းအောင် သာမဏေကျော်တွေနဲ့ ရဟန်းတွေကို မွေးထုတ်ပေးတဲ့နေရာဖြစ်ပါတယ်။ အခုလို မွန်မြတ်လှတဲ့ နေရာမှာ ကျွန်တော်တို့ ဖောင်ဒေးရှင်း အနေနဲ့ ရေကောင်းရေသန့်တွေ တူးဖော်လှူဒါန်းခွင့်ရတဲ့အတွက် ရင်ထဲမှာ ကြည်နူးဝမ်းသာရပါတယ်။ ပိုပြီးကြည်နူးဝမ်းသာမိတာကတော့ တစ်ပြိုင်နက်တည်း တူးနေတဲ့ အခြားနေရာဖြစ်တဲ့ တောင်ကြီးမြို့ မဟာစည်သာသနာ့ရိပ်သာမှာ တစ်နေ့တည်း တစ်ချိန်တည်း ရေအောင်ခြင်း ဖြစ်ပါတယ်။ ဒီလို ဘာသာရေးအတွက် အထွတ်အမြတ်နေရာ နှစ်နေရာမှာ တစ်ပြိုင်နက်တည်း ရေအောင်တယ်ဆိုတာ ထူးခြားတဲ့ ဖြစ်စဉ်တစ်ခုပါ" ဟု ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း ရေတူးဖော်ရေး စီမံကိန်းတာဝန်ခံ ဦးကျော်ကျော်စိုးက ပြောသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ယခုအချိန်အထိ မြန်မာပြည်အနှံ့အပြားတွင် အဝီစိရေတွင်းတူးစက်ကြီး ခုနစ်စီးဖြင့် စက်ရေတွင်း စုစုပေါင်း ၁၄၆ တွင်းကို တူးဖော်လှူဒါန်းပေးခဲ့ပြီး လက်ရှိ ဆက်လက်တူးဖော်ဆဲ စက်ရေတွင်း ငါးတွင်း တူးဖော်လျက်ရှိသည့်အပြင် သောက်သုံးရေလိုအပ်နေသော နေရာများတွင် ယနေ့အထိ ရပ်နားမှုမရှိဘဲ ဆက်လက်တူးဖော် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သူရလွင်**

# စလင်းမြို့၌ သစ်ဝါးတင်ယာဉ်မှောက်မှုကြောင့် လူတစ်ဦးသေဆုံး



**စလင်း ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့ စေတုတ္တရာနှင့် စလင်းသွားလမ်း မိုင်တိုင်အမှတ် (၅/၅ နှင့် ၅/၆) ကြားတွင် ဇွန် ၂၆ ရက် နံနက် ၃ နာရီခွဲခန့်က သစ်ဝါးတင်ယာဉ်မှောက်၍ ယာဉ်ပေါ်လိုက်ပါသူ လူတစ်ဦးသေဆုံးခဲ့သည်။

အခင်းဖြစ်ပွားရာသို့ စလင်းရဲစခန်းမှ ဒုရဲအုပ်ကျော်မြင့်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကွဲဦးကျေးရွာနေ ယာဉ်မောင်း ဇော်မျိုး(၂၅ နှစ်) မောင်းနှင်သော သစ်ဝါးတင်ထားသည့် ဟီးနိုးခြောက်ဘီးယာဉ်သည် ပေါင်းတူးကျေးရွာအနီးတွင် တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်လိုက်ပါသူ သာဝ(၁၇ နှစ်)မှာ ရရှိသောဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးခဲ့ပြီး ဦးမောင်စိုး (၄၂နှစ်)နှင့် ဦးခင်မောင်မြင့် (၆၆ နှစ်) တို့မှာ ဒဏ်ရာများရရှိ၍ စလင်းဆေးရုံသို့ပို့ဆောင်ထားကြောင်း၊ ယာဉ်မောင်း ဇော်မျိုးမှာ တိမ်းရှောင်နေသဖြင့် စလင်းရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေး

**သာယာဝတီ ဇွန် ၂၆**

ရက် ၁၀၀ သစ္စာစီမံချက်အရ သာယာဝတီမြို့နယ် ဘီးလင်းကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းခွဲရှိ အသက် (၁၀ နှစ်) ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ဦးစီးမှူး ဦးကျော်မြင့်နိုင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ရာ ကျောင်းသားကျောင်းသူ ၁၆၄ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## MEC Tel မိုးဦးရာသီ ကံစမ်းမဲအထူးအစီအစဉ် ကံထူးရှင်ရွေးပွဲ လေးကြိမ်တိုင်တိုင်ကျင်းပမည်

**ရန်ကုန် ဇွန် ၂၆**

၂၀၁၆ ခုနှစ် MECTel ဖုန်းသုံးစွဲသူများအား မေတ္တာတုံ့ပြန်သောအနေဖြင့် မိုးဦးရာသီ Lucky Draw အစီအစဉ်များကို ယခုနှစ် ဇွန်၊ ဇူလိုင်လတို့တွင် လေးကြိမ်တိုင်တိုင် ပြုလုပ်မည်ဖြစ်သည်။

ဇွန်လအတွက် ပထမအကြိမ် ကံထူးရှင်ရွေးချယ်ပွဲအား နိုင်ငံကျော်အနုပညာရှင်များဖြင့် ကံထူးရှင်များကို ရွေးချယ်ပေးခဲ့သည့် ကံစမ်းပွဲအထူးအစီအစဉ် ရိုက်ကူးမှတ်တမ်းတင်ခဲ့ခြင်းများအား အများပြည်သူသိရှိစေရန်အတွက် ပထမအကြိမ် ကံစမ်းမဲကံထူးရှင်ရွေးပွဲအား ဇွန် ၂၇ ရက် ညပိုင်းတွင် မြဝတီရုပ်မြင်သံကြားလိုင်း၊ မြဝတီ Variety ရုပ်မြင်သံကြားလိုင်း၊ Skynet (Up to Date) ရုပ်မြင်သံကြားလိုင်းတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

MECTel ၏ ကံစမ်းမဲ ဆုကြီးများမှာ SUZUKI ARTIGA ၂၀၁၅ ကားသစ်တစ်စီး၊ ရွှေဒင်္ဂါးပြားများ၊ Samsung Galaxy S7 Edge များ၊ Samsung Galaxy Note 4 များစသော တန်ဖိုးကြီးဆုမဲများအား ကံစမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငွေဖြည့်ကတ်သုံးထောင်နှင့်အထက် သုံးစွဲသူများအားလုံးအတွက် ကံစမ်းမဲကံထူးရှင်ရွေးချယ်ပွဲအား လေးကြိမ်တိုင်တိုင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလတ်**

## အိုလံပစ်နေ့အထိမ်းအမှတ် ဘော်လီဘောပြိုင်

**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီနှင့် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)တို့ ပူးပေါင်း၍ အိုလံပစ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်အမျိုးသားဘော်လီဘောဗိုလ်လုပွဲအဖြစ် မြင့်မိုရ်အသင်းနှင့် အား/ကာ သိပ္ပံ (မန္တလေး)အသင်းတို့ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက အား/ကာသိပ္ပံဘော်လီဘော အားကစားခန်းမ၌ ယှဉ်ပြိုင်ကစားကြရာ မြင့်မိုရ်အသင်းက သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ တတိယဆုရ မန်းစည်ပင်အသင်းအား တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ အတွင်းရေးမှူး ဦးမြင့်ဆွေက ဆုငွေနှင့် အားကစားဝတ်စုံများချီးမြှင့် ပြီး ဒုတိယဆုရ အား/ကာသိပ္ပံ (မန္တလေး)အသင်းကို ဒုတိယကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ဆုငွေနှင့် အားကစားဝတ်စုံများ ချီးမြှင့်ကာ ပထမ ဗိုလ်စွဲသည့် မြင့်မိုရ်အသင်းအား တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ဆုငွေကျပ်တစ်သိန်း ငါးသောင်းနှင့် အားကစားဝတ်စုံများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင် ( မန်းကိုယ်ပွား )**

## နေရာကွက်ကျား မိုးထစ်ချုန်းမည်

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# ဂုတ်တွင်းလမ်းပိုင်း ကျောက်မဲခြောက်ထပ်ကွေ့၌ ၂၂ ဘီးတွဲယာဉ်တိမ်းမှောက်

**ကျောက်မဲ ဇွန် ၂၆**

မူဆယ်မှ ရန်ကုန်သို့ဆင်းမည့် ပလတ်စတစ်ပိုက်များတင်ဆောင်လာသော ၂၂ ဘီး တွဲကားတစ်စီးသည် ဇွန် ၂၆ ရက် မွန်းလွဲပိုင်းက ဂုတ်တွင်းလမ်း ကျောက်မဲဘက် ခြောက်ထပ်ကွေ့ဒုတိယထပ်တွင် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



"မနက်ကလည်း ခရီးသည်ယာဉ်တစ်စီး ကန့်လန့်ခံနေလို့ ရှင်းလင်းရပြီးပြီ။ အခု ကျွန်တော်တို့ နှစ်မျိုးဆောင်ရွက်ရတော့မယ်၊ လမ်းပြင်နေလို့ ယာဉ်ဖြတ်သန်းခွင့် ခေတ္တပိတ်ထားချိန်မှာဖြစ်သွားတာ၊ အခုယာဉ်ပေါ်က ကုန်တွေချနေပါတယ်။ ပြီးတာနဲ့ ယာဉ်ကို ကရိန်းနဲ့ မရမယ်။ အချိန်မီယာဉ်ပြန်ထောင်ဖို့ လုပ်ရမယ်။ ပြီးရင် ယာဉ်တွေအလှည့်ကျလွှတ်ပေးဖို့ ဆောင်ရွက်ရတော့မယ်။ ယာဉ်မောင်းတွေ သတိ၊ အသိလေးရှိဖို့ လိုပါတယ်"ဟု ဒုရဲမှူးချစ်စိန်က ပြောသည်။ ယာဉ်မောင်းတွေ ဂုတ်တွင်းလမ်းမှာ ကျွမ်းကျင်စွာမောင်းတတ်ဖို့လိုသလို ယာဉ်ကြံ့ခိုင်မှုစစ်ဆေးဖို့လည်းလိုပါတယ်။ "ဒီလို ခဏခဏလမ်းပိတ်နေတော့ ကုန်စည်စီးဆင်းမှုတွေ နှောင့်နှေးသလို အကြောင်းအမျိုးမျိုးကြောင့် သွားလာနေရတဲ့ခရီးသွားတွေနဲ့ ယာဉ်မောင်းတွေ အတော်လေး ဒုက္ခရောက်ကြရပါတယ်"လို့ အဝေးပြေးယာဉ်မောင်းတစ်ဦးက ဆိုသည်။

အဆိုပါမန္တလေး - မူဆယ်ပြည်ထောင်စုလမ်းမကြီးကို အော်ရီယမ်တယ်ဟိုင်းဝေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး နေ့စဉ်ယာဉ်အစီးရေ ၅၀၀၀ ခန့် ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည် ။

"ဂုတ်တွင်းလမ်းက တစ်နေ့ရွှေ တစ်နေ့ငွေပါပဲ။ ရက်ခြားဆိုသလိုဖြစ်နေတာ၊ ဒီမြောက်ပိုင်းလမ်းက ပြည်ထောင်စုလမ်းမကြီးပါ။ တစ်နေရာရာမှာ လမ်းပိတ်ပြီဆိုတာနဲ့ ဒုက္ခရောက်ကြရတယ်။ ဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့ မြောက်ပိုင်းလမ်းတိုးတက်ကောင်းမွန်ဖို့အတွက် အလေးထားစီစဉ်ဆောင်ရွက်ပေးသင့်ပါပြီ"ဟု ခရီးသွားတစ်ဦးက ပြောသည်။

**မလတ် (ကျောက်မဲ )**

**( ဓာတ်ပုံ - ကျောက်မဲ ယာဉ်ထိန်းရဲတပ်ဖွဲ့ )**

## ဆွမ်းခံကြွလာသောကိုရင်သုံးပါးအား ခြောက်ဘီးယာဉ်တိုက်၍ နှစ်ပါးပျံလွန်တော်မူ

**ဖြူး ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့တွင် ဇွန် ၂၆ ရက် နံနက်က ဆွမ်းခံကြွလာသော ကိုရင်များအား ခြောက်ဘီးကုန်တင်ယာဉ်က ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၃၂/၀ နှင့် ၁၃၂/၁) ကြား မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးခွန်ကျော်စိုးလွင် (၄၂ နှစ်) ရေယားကျေးရွာ ကလောမြို့နယ် ရှမ်းပြည်နယ်တောင်ပိုင်းနေသူ မောင်းနှင်လာသော 3B/---- အမျိုးအစား ခြောက်ဘီးယာဉ်က ဆွမ်းခံရာမှပြန်လာသော ကညွတ်ကွင်းမြို့ ပိတ်ဖြူတောရကျောင်းတိုက်မှ ဦးဇေဝတ (၂၀ နှစ်)၊ ရှင်ဒီပ (၁၂ နှစ်)၊ ရှင်စန္ဒာသီရိ (၁၃ နှစ်)တို့အား နောက်မှဝင်တိုက်မိခဲ့ရာ ရှင်ဒီပနှင့် ရှင်စန္ဒာသီရိတို့သည် အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူခဲ့ပြီး ဦးဇေဝတတွင် ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## အမြန်လမ်းတွင် အုန်းသီးတင်ကားက လမ်းဘေးရပ်၍ပြုပြင်နေသော ရွှေမန္တလာ ခရီးသည်တင်ယာဉ်ကို ဝင်တိုက်

**နေပြည်တော် ဇွန် ၂၆**

ရန်ကုန်-မန္တလေး အမြန်လမ်း ဒက္ခိဏသီရိမြို့နယ် ပလွေးလမ်းမကြီး ရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၁၉၂/၂ နှင့် ၁၉၂/၃) ကြားတွင် ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ ခန့်က အုန်းသီးများတင်ဆောင်လာပြီး ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကျော်ဖြိုးမောင်းနှင်လာသော ကင်တာအမျိုးအစားယာဉ်က အရှိန်မထိန်းနိုင်ဘဲ လေအိတ်ပေါက်ပြီး လမ်းဘေးတွင်ရပ်၍ ပြုပြင်နေသည့် ရွှေမန္တလာခရီးသည်တင်ယာဉ်အား နောက်မှ ဝင်ရောက်တိုက်မိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

ယာဉ်တိုက်မှုကြောင့် ကင်တာယာဉ်ပေါ်မှ ယာဉ်မောင်းပါ နှစ်ဦးမှာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ ရွှေမန္တလာယာဉ်ပေါ်မှ ယာဉ်မောင်းပါအမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၂၀ ပေါင်း ၃၂ ဦးအနက် အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် သေဆုံးသွားသူ ရုပ်အလောင်းနှင့် ဒဏ်ရာရရှိသူ နှစ်ဦးကို အမြန်လမ်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီအဖွဲ့များက နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်တိုက်မှုအား ပလွေးအမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**






## ပြွန်တန်ဆာမြို့၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ညောင်လေးပင် ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့မ(၄)ရပ်ကွက် ခြောက်တန်တံတားအနီး ဇွန် ၂၅ ရက် မွန်းလွဲ ၁၂ နာရီခန့်က တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ရန်ကုန်-မန္တလေးကားလမ်းမြို့မ(၄) ရပ်ကွက် ခြောက်တန်တံတားအနီး ဒိုက်ဦးမြို့နယ် သစ်တော ဦးစီးဌာန ဦးစီးမှူး ဦးမြဝင်းကောင်းနှင့် အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ယာဉ်မောင်း ဦးသိန်းထွန်း(ခ)သားကြီးနှင့် ယာဉ်နောက်လိုက် ကိုနေ ကျွဲပွဲမြို့နယ် အုတ်တွင်းမြို့နေသူတို့ မောင်းနှင်လာသော ယာဉ်အမှတ် 2B/--- ဖရူဆို အမျိုးအစားယာဉ်အား ရပ်တန့်ရှာဖွေရာ ပိတောက်သစ်ခွဲသား ၂၈ ချောင်း စုစုပေါင်း တန်ချိန် ၈ ဒသမ ၁၉၈၂ တန်အား ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်သစ်များ သယ်ဆောင်လာသော ယာဉ်မောင်း သိန်းထွန်း(ခ) သားကြီးနှင့် ယာဉ်နောက်လိုက် ကိုနေတို့ကို သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ထားသည်။

**နေလင်း(ညောင်လေးပင်)**

## စိတ်ကြွရူးသွပ်ဆေးပြားငါးသောင်းကျော် ခရီးသည်တင်ယာဉ်မှ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၅ ရက်က ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ဝင်းထိုက်ဝင်း၏ ခရီးဆောင်သေတ္တာနှစ်လုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၀ ကိုလည်းကောင်း။ **(ယာပုံ)**

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် မိုင်တိုင် အမှတ် (၈၀/၄)တွင် စောဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀၅ ပြားကို လည်းကောင်း၊ အလားတူ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် နှင်းဆီ(၉)လမ်း အမှတ်(၆၂၉)နေ စိုးနိုင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ အောင်မျိုးမြင့်အားတွေ့ရှိပြီး နေအိမ်အပေါ်ထပ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၃ ပြားကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ဇွန် ၂၄ ရက်က ဟိုပုံးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဟိုပုံးမြို့ မြို့ဦး ရပ်ကွက်နေ အုံးမောင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ သိန်းလွင်အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## တစ်နေရာတည်းကဝယ်ယူသော မုန့်ဖတ်မသန့်မှုကြောင့် ဘုတလင်မြို့နယ် ကျေးရွာနှစ်ရွာမှ လူ ၁၂၉ ဦး ဝမ်းပျက်ဝမ်းလျှောဖြစ်

**ဘုတလင် ဇွန် ၂၆**

မုံရွာခရိုင် ဘုတလင်မြို့နယ် ကျွန်းချောင်းကျေးရွာတွင် ပြုလုပ်သော မင်္ဂလာဆောင်နှင့် ရွှေတောင်ကျေးရွာတွင် ပြုလုပ်သော အသုဘရက်လည်တို့တွင် ကျွေးမွေးဧည့်ခံသည့် မုန့်ဟင်းခါးစားသောက်အပြီးတွင် လူ ၁၂၉ ဦး ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ဇွန် ၂၅ ရက်က ဘုတလင်မြို့နယ် မကျီးအုပ်ကျေးရွာအုပ်စု ကျွန်းချောင်းကျေးရွာမှာ ပြုလုပ်တဲ့ မင်္ဂလာဆောင်မှာ ကျွေးတဲ့ မုန့်ဟင်းခါးစားရာက သတို့သမီးအပါအဝင် ကျွန်းချောင်းရွာက အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၇၂ ဦး စုစုပေါင်း ၁၁၃ ဦး ဝမ်းလျှောခဲ့ပါတယ်။ အလားတူဖြစ်စဉ်မျိုး နေပူကုန်းကျေးရွာအုပ်စု ရွှေတောင်ကျေးရွာက အသုဘရက်လည်မှာ မုန့်ဟင်းခါးကျွေးတာ အမျိုးသား ခြောက်ဦး အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၆ ဦး ဝမ်းလျှောခဲ့ပါတယ်။ ဖြစ်စဉ်နဲ့ပတ်သက်ပြီး စုံစမ်းတော့ မုန့်ဟင်းခါးဖတ်တွေကို ဘုတလင်မြို့နယ် လွှတ်တဲကျေးရွာ မုန့်တီလုပ်ငန်းကဝယ်ခဲ့တာဖြစ်ပြီး သန့်ရှင်းလတ်ဆတ်မှုမရှိတာကို စစ်ဆေးတွေ့ရတဲ့အတွက် မုန့်ဟင်းခါးဖတ်နဲ့ ဟင်းရည်နမူနာတွေကို မြို့နယ် ကျန်းမာရေးဦးစီးဌာနက ဓာတ်ခွဲစမ်းသပ်နေပါတယ်" ဟု ဘုတလင်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး တင်မောင်သောင်းက ပြောသည်။

ကျွန်းချောင်းကျေးရွာတွင် ပြုလုပ်သာ မင်္ဂလာဆောင်မှကျွေးသည့် မုန့်ဟင်းခါးစားသောက်ရာမှ သတို့သမီးအပါအဝင် အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၇၂ ဦး စုစုပေါင်း ၁၁၃ ဦး ဝမ်းလျှောရောဂါဖြစ်ပွားခဲ့ရာ ဘုတလင်မြို့နယ် ပြည်သူ့ဆေးရုံသို့ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၃၄ ဦးတင်ပို့ခဲ့ရပြီး အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၇၉ ဦးကို ကျွန်းချောင်းကျေးရွာ ယာယီဆေးပေးခန်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းဌေး (ဆေးရုံ အုပ်ကြီး)နှင့် သူနာပြုဆရာ ဆရာမအဖွဲ့က ဆေးကုသဆောင်ရွက်ပေးနေကြောင်း သိရသည်။

အလားတူ နေပူကုန်းကျေးရွာအုပ်စု ရွှေတောင်ကျေးရွာတွင် အသုဘရက်လည်တွင် မုန့်ဟင်းခါး ကျွေးရာမှ ရွှေတောင်ကျေးရွာမှ အမျိုးသားနှစ်ဦး၊ အမျိုးသမီး ခုနစ်ဦး၊ ကံသာရွာမှ အမျိုးသားနှစ်ဦး၊ အမျိုးသမီး သုံးဦး၊ ကုန်းသာရွာမှ အမျိုးသားတစ်ဦး၊ ဘုတလင်မြို့မှ အမျိုးသား တစ်ဦး စုစုပေါင်းအမျိုးသား ခြောက်ဦး၊ အမျိုးသမီး ၁၀ ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သည့်အတွက် ဘုတလင်မြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ကျွန်းချောင်းကျေးရွာ မင်္ဂလာဆောင်တွင် ကျွေးသော မုန့်ဟင်းခါးနှင့် ရွှေတောင်ကျေးရွာ အသုဘရက်လည်တွင် ကျွေးသောမုန့်ဟင်းခါးအဖတ်များကို လွှတ်တဲကျေးရွာ ဦးအောင်စိုး-ဒေါ်တာ နေအိမ်မုန့်တီလုပ်ငန်းမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**


## လူပျောက်ကြော်ငြာ

ဦးတင်မျိုးဝင်း၏ သမီး မဖြူဖြူဝင်း အသက်(၃၃)နှစ်သည် မီးဖွားပြီးစ ခြောက်ရက်သမီးလေးနှင့်အတူ ၂၄-၆-၂၀၁၆ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်)
မိခင်-ဒေါ်မူမူမြင့်(ခ)မမူ
တောင်ငူမြို့
ဖုန်း-၀၉-၄၃၀၄၁၈၅၃
၀၉-၇၉၈၂၄၆၉၂၇
၀၉-၇၈၉၈၈၁၈၉၅

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၅)၊ ဦးပိုင်အမှတ်(၁၆)၊ ၅၈×၅၉ကြား၊ စံပြနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဦးထွန်းဝင်း အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ရောက်လျှံ ၁၃/ကလတ(နိုင်) ၀၂၅၈၁၇မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၅)၊ ဦးပိုင်အမှတ်(၄)၊ ၅၈×၅၉ကြား၊ စံပြနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဦးထွန်းကြည်လေး အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ရောက်လျှံ ၁၃/ကလတ(နိုင်) ၀၂၅၈၁၇မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးအောင်ကျော်မြင့် ၁၂/အစန(နိုင်)၁၅၁၇၃၈ အမှတ် ၅၇၁၊ လေးလွှာ (B)၊ ဗိုလ်သူရလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေသူနှင့် မော်တော်ယာဉ်အမှတ် (3F/1914) Honda Fit GE-6 လက်ဝယ်ရှိသူတို့ သိရှိနိုင်ရန် အသိပေးအကြောင်းကြားကြေညာချက်

ကျွန်ုပ်အား အမှုလွှဲအပ်ထားသူ ဦးရာဇာလင်း ၁၂/ရပသ(နိုင်)၀၃၆၇၅၆ အမှတ် ၁၀/၃၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသော (3F/1914) Honda Fit, GE-6 မော်တော်ယာဉ်အား ဦးအောင်ကျော်မြင့်မှ ငှားရမ်းသုံးစွဲသဖြင့် ၇-၆-၂၀၁၅ရက်စွဲဖြင့် မော်တော်ယာဉ်ငှားရမ်းခြင်းကတိစာချုပ် ပြုလုပ်၍ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ငှားရမ်းသုံးစွဲသူ ဦးအောင်ကျော်မြင့် အနေဖြင့် မော်တော်ယာဉ်စတင်ငှားရမ်းစဉ်က ငှားရမ်းခ ကျသင့်ငွေ(၁)လ အတွက် ကျပ်(၃)သိန်း(ကျပ်သုံးသိန်း)၊ ဒုတိယလအတွက် ကျပ်(၃)သိန်း (ကျပ်သုံးသိန်း) ပေးအပ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဩဂုတ်လမှစ၍ ယနေ့အချိန်အထိ ငှားရမ်းခများ ပေးအပ်ခဲ့ခြင်းလည်းမရှိပါ။ ထို့အတူ ဦးအောင်ကျော်မြင့်သည် ကျွန်ုပ်အမှုသည်ထံသို့ ဆက်သွယ်ခြင်း၊ ငှားရမ်းအသုံးပြုနေသော မော်တော်ယာဉ်ကိုလည်း လာရောက်ပြသခြင်း အလျှင်းမရှိပါ။

ကျွန်ုပ်အမှုသည်အနေဖြင့် ဦးအောင်ကျော်မြင့်ပေးအပ်ထားသော နေရပ်လိပ်စာသို့ သွားရောက်စုံစမ်းရာတွင် ရှာဖွေတွေ့ရှိခြင်းမရှိတော့ပါ။

ဦးအောင်ကျော်မြင့်သည် ကျွန်ုပ်အမှုသည်ပိုင် မော်တော်ယာဉ်အမှတ် (3F/1914) Honda Fit, GE-6 အား မရိုးမဖြောင့်သောသဘောဖြင့် မော်တော်ယာဉ်အား လိမ်လည်ရယူသွားပြီး တိမ်းရှောင်နေကြောင်း သိရပါသည်။

အချင်းဖြစ်မော်တော်ယာဉ်နှင့်ပတ်သက်၍ လက်ဝယ်လက်ရှိသုံးစွဲနေသူများလည်း မှားယွင်း၍ ပါဝင်ပတ်သက်မှုမရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိစိုး** / **တရားလွှတ်တော်ရှေ့နေ** / **(စဥ်-၉၇၀၁)**

**ဦးမြင့်စိုး** / **တရားလွှတ်တော်ရှေ့နေ** / **(စဥ်-၄၅၀၄)**

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**

## ဦးခင်မောင်မြင့်(ခ)အဘားနူး ၁၂/လမန(နိုင်)၁၂၃၇၅၄ အမှတ်(၁၈၉)၊ အောင်မေတ္တာ ၃လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေသူနှင့် ယာဉ်အမှတ် (6G/1134) Suzuki pk အဖြူရောင်၊ (6D/1439) ကာဒီးနား ST 210 ၊ (FF/4901) ဗီဒါ၊ (8C/7270)Light Truck လက်ဝယ်ရှိသူများသိရှိနိုင်ရန် အသိပေးကြေညာချက်

ကျွန်ုပ်အား အမှုလွှဲအပ်ထားသူ ဦးစိုင်းထွန်းအေး ၁၂/အစန(နိုင်)၀၄၄၈၂၁ အမှတ်(၄၄၅)၊ မင်းကြီးလမ်း၊ ဘိုကုန်း၊ အင်းစိန်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက် အရ အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်မြင့်(ခ)အဘားနူးသည် ကျွန်ုပ်၏အမှုသည်နှင့် ရင်းနှီးမှုရယူပြီး အောက်ဖော်ပြပါ မော်တော်ယာဉ်များ၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မူရင်းများကို ပြသပေးအပ်၍ ငွေကျပ်သိန်း(၂၁၀) (ကျပ်သိန်းနှစ်ရာ့တစ်ဆယ်) ရယူသွားခဲ့ပါသည်။

(၁) မော်တော်ယာဉ်အမှတ် (6G/1134) Suzuki pk အဖြူရောင်အမည်ပေါက် ဒေါ်ခင်ခင်လတ် ၁၂/သလန(နိုင်)၀၆၇၈၉၉ အတွက် ယူငွေကျပ်သိန်း(၄၀) (ကျပ်သိန်းလေးဆယ်တိတိ)

(၂) မော်တော်ယာဉ်အမှတ် (6D/1439) ကာဒီးနား ST 210 အမည်ပေါက် ဦးရဲဝင့်ကို ၁၂/ကမရ(နိုင်)၀၅၃၂၁၆ အတွက် ယူငွေကျပ်သိန်း(၅၀) (ကျပ်သိန်းငါးဆယ်တိတိ)

(၃) မော်တော်ယာဉ်အမှတ် (FF/4901)ဗီဒါ(အငှားယာဉ်)အမည်ပေါက် ဒေါ်သင်းမြတ်ကြူ ၁၂/တကန(နိုင်)၁၆၂၈၃၃ အတွက် ယူငွေကျပ်သိန်း ၇၀ (ကျပ်သိန်းခုနစ်ဆယ်)

(၄) မော်တော်ယာဉ်အမှတ်(8C/7270)Light Truck အမည်ပေါက် ဦးစံလင်း ၁၂/ကတတ(နိုင်) ၀၀၀၉၂၇အတွက် ယူငွေကျပ်သိန်း ၅၀ (ကျပ်သိန်းငါးဆယ်)

ယခုအခါတွင် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်များပေးအပ်ပြီး ငွေယူသွားသူ ဦးခင်မောင်မြင့်(ခ)အဘားနူးသည် ကျွန်ုပ်အမှုသည်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိ ရှာဖွေစုံစမ်းရာတွင်လည်း တွေ့ရှိရခြင်းမရှိပါ။ ထို့ကြောင့် ဖော်ပြပါမော်တော်ယာဉ်များ လက်ဝယ်ရှိ သူ (သို့မဟုတ်) အမည်ပေါက်ပိုင်ရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်စိုး (တရားလွှတ်တော်ရှေ့နေ၊ စဥ်-၄၅၀၄)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**

## သေးသည် အသက်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၈၄၇၀၈ Toyomax 125 MCယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်မိုး ၉/ခမစ(နိုင်)၀၃၆၂၁၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ရုံးရပ်ကွက်၊ မြေကွက်အမှတ် ၂-က၊ ဖြူးဈေးမြောက်၊ ဦးပိုင်အမှတ် ၅၂၊ ဧရိယာ ၀ဒသမ ၀၆၃၉ဧကရှိ အရှေ့လားသော်လမ်းကြား၊ အနောက်လားသော်(၃)လမ်း၊ တောင်လားသော် ဦးစိုးမင်း၊ မြောက်လားသော် မစန်းဦး(ပါ-၂)မြေအား လူနေဂရန်ရရှိရန် ဦးဝင်းတင်(ပါ-၃)ဦးမှ လျှောက်ထားလာမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ကြော်ငြာသည့်ရက်မှစပြီး ၁၀ရက်အတွင်း ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် စနိုက်ပါတပ်ဆင်ထားသောပွိုင့် ၂၂ သေနတ်နှင့် ယင်းကျည်ကတ်များ မော်လမြိုင်မြို့တွင် ဖမ်းဆီးရမိ

**မော်လမြိုင် ဇွန် ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်တွင် မသင်္ကာဖွယ်ရာ မောင်းနှင်လာသော ယာဉ်တစ်စီးအားရပ်တန့်စစ်ဆေးရာဖွေရာ WY စာတန်းပါစိတ်ကြွ ရူးသွပ်ဆေးပြား ၁၀၀၀ ကျော်၊ သေနတ်တစ်လက်နှင့် ယင်းသေနတ်ကျည်ကတ်များကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် ည ၁၀ နာရီ ၄၅မိနစ်ခန့်က မော်လမြိုင်မြို့ မုပွန်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကံရွှင် ဦးစီးတပ်ဖွဲ့ဝင်များသည် ညဉ့်ဦးလှည့်ကင်းဆောင်ရွက်နေစဉ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ဒေါင်းဇရပ် ဝဲကလာသချိုင်းအနီး စက်မှုဇုန်လမ်းမပေါ်တွင် ယာဉ်တစ်စီးရပ်တန့်ထားသည်ကိုတွေ့ရှိရ၍ မသင်္ကာသဖြင့် စစ်ဆေးရာ ကြည်သူ(၂၉နှစ်) အရောင်းအဝယ်လုပ် မော်လမြိုင်မြို့နေသူ မောင်းနှင်ပြီး ဟိန်းမင်းစိုး(၂၇နှစ်) မော်လမြိုင်နေသူလိုက်ပါလာသော ယင်းကားအားစစ်ဆေးရာ BSA တံဆိပ်ပါ စနိုက်ပါပြောင်း တပ်ဆင်ထားသည့် ပွိုင့် ၂၂ အမျိုးအစားပြောင်း ရှည် သေနတ်တစ်လက်နှင့် ကျည်ကတ်တစ်ခု၊ ယင်းကျည်ခြောက်တောင့်၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၈ ပြား အလေးချိန် ၃ဒသမ ၈ ဂရမ်ခန့်နှင့် သားရေအိတ်အတွင်းမှ ငွေစက္ကူရေရာ ၁၂၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ထို့နောက်ကြည်သူအားစစ်ဆေးရာ ၎င်းနေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား သိမ်းဆည်းထားကြောင်း ပြောပြထွက်ဆိုသဖြင့် ပူးပေါင်းအဖွဲ့သည်၎င်း၏နေအိမ်သို့ ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၉၇၈ ပြား အလေးချိန် ၉၇ ဒသမ ၈ ဂရမ်ခန့် နှင့် ပွိုင့် ၂၂ကျည် အတောင့် ၄၀၊ ၉မမ ကျည်နှစ်တောင့်တို့ကို ထပ်မံတွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မုပွန်နယ်မြေရဲစခန်းက ကြည်သူ(၂၉နှစ်) နှင့် ဟိန်းမင်းစိုး(၂၇နှစ်)တို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကိုသိန်း(မော်လမြိုင်)**



## ပုဗ္ဗသီရိမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် ဆိုင်ကယ်နှစ်စီးကို ကားဝင်တိုက်၍ နှစ်ဦးသေဆုံး

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း Power-9 ဆီဆိုင်အနီး၌ ဇွန် ၂၅ ရက် မွန်းလွဲ ၂ နာရီက ယာဉ်တိုက်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဗ္ဗသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း နှင်းဆီအဝိုင်းဘက်မှ ဘောဂသီရိကားဝင်းဘက်သို့ အောင်ပြည့်ဖြိုး(ခ)နွားကြီး ပျဉ်းမနားမြို့နေသူ မောင်းနှင်သော 8F/-------- ယာဉ်သည် မျက်နှာချင်းဆိုင်ဘက်မှ တ------- တကက တင်ထွန်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဥပဒေချုပ်ရုံး နေပြည်တော်နေသူမောင်းနှင်ပြီး နောက်တွင် တ------ တကက ရဲမင်းထွေး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဥပဒေချုပ်ရုံး နေပြည်တော်နေသူတို့လိုက်ပါစီးနင်းလာသော ဆိုင်ကယ်နှင့်ဝင်ရောက်တိုက်မိခဲ့သည်။ ထပ်မံ၍ မျက်နှာချင်းဆိုင်ဘက်မှ ကျော်ဇင်ဦး ကံဦးရပ်ကွက် ပျဉ်းမနားမြို့နေသူ မောင်းနှင်ပြီး နောက်တွင် ရာဇာ၊ ကံဦးရပ်ကွက် ပျဉ်းမနားမြို့နေသူလိုက်ပါလာသော ဆိုင်ကယ်ကို ဆက်လက်ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် တင်ထွန်း၊ ရဲမင်းထွေးတို့နှစ်ဦးမှာ အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးခဲ့ပြီး ကျော်ဇင်ဦး၊ ရာဇာတို့နှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# သာစည်မြို့နယ်ကျွဲတပ်ဆုံတိုးဂိတ်အနီးတွင် ငွေကျပ်သိန်းပေါင်း ၁၂၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ရှာဖွေဖမ်းဆီးရမိ

**သာစည် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ဇွန် ၂၆ ရက်က ငွေကျပ် သိန်းပေါင်း ၁၂၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာစည်မြို့နယ် ကျွဲတပ်ဆုံတိုးဂိတ်အနီးတွင် ဇွန်၂၆ ရက် ည၁၂ နာရီ ၄၅ မိနစ်ခန့်က ရတနာပုံ စစ်ဆင်ရေး (၃) အဖွဲ့မှ ဒုတိယရဲမှူး စောမိုးအောင် ဦးစီးသည့်အဖွဲ့နှင့် သာစည်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ် ရန်သိန်းဦးစီးသော ပူးပေါင်းအဖွဲ့တို့သည် ယာဉ်ကြီး၊ ယာဉ်ငယ်များကို ပိတ်ဆို့စစ်ဆေးရှာဖွေစဉ် တောင်ကြီးဘက်မှ ယာဉ်မောင်း ကျော်သိုက်(ခ) သကျော် (၅၀) နှစ် လွယ်လင်မြို့ နေသူမောင်းနှင်လာသည့် ယာဉ် အမှတ် 9D/----ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၄၂၀၀၀၊ အလေးချိန် ၄ ဒသမ ၂ ကီလိုဂရမ်ခန့်ရှိ တန်ဖိုးငွေကျပ် သိန်းပေါင်း ၁၂၆၀ တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။ ကျော်သိုက်(ခ) သကျော်က အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများကို တစ်ရွာတည်းနေ အိုက်ကော်(၃၀)နှစ် ရွှေဥဒေါင်း ကျေးရွာ လွယ်လင်မြို့နေသူက ဘားအံ မြို့သို့ ပို့ဆောင်ပေးရန် ပြောသဖြင့် ငွေကျပ် ၁၀ သိန်းဖြင့်လက်ခံ၍ ယခုကဲ့သို့သယ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း အစစ်ခံထွက်ဆိုသဖြင့် ကျော်သိုက်(ခ) သကျော်နှင့်ကွင်းဆက်ပစ်မှုကျူးလွန်သူ အိုက်ကော်တို့နှစ်ဦးကို သာစည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူပြီး အိုက်ကော်အား အမြန်ဆုံး ဖမ်းဆီးရမိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ကို (သာစည်)**

## ဘားအံမြို့နယ်အတွင်း မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီး

**ဘားအံ ဇွန် ၂၆**

ကရင်ပြည်နယ် ရဲတပ်ဖွဲ့ဘားအံမြို့နယ်မှ ဇွန် ၂၂ ရက် နံနက် ၅ နာရီခွဲခန့်က မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် သက်စိုးဦးနှင့်ပူးပေါင်းအဖွဲ့သည် သ တင်းအရ ဘားအံမြို့နယ် သံလွင်တံတား ကော့ကျိုက်လမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် ဘားအံဘက်မှ စောထွန်းငြိမ်း(ခ)ပလက်(၂၄နှစ်) မောင်းနှင်ပြီး အာကာဦး(၂၂နှစ်) ဇာသပြင်ကျေးရွာ ဘားအံမြို့နယ်နေသူ တို့ လိုက်ပါလာသော ဆိုင်ကယ်အား စစ်ဆေးရန် ရပ်တန့်စေခဲ့ရာ ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့နှစ်ဦးကို ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉ ပြား၊ ဆိုင်ကယ်သော့မျိုးစုံ အချောင်း ၄၀၊ မူးယစ်ဆေးရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဆင်းကတ်ပါ ဟန်းဆက်နှစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ စောထွန်းငြိမ်းနှင့် အာကာဦးတို့ကို ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## နန့်ကျဲချောင်းကမ်းအနီး မိုးကြိုးပစ်၍ နွားတစ်ကောင်သေဆုံး

**မော်လူး ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ သူရောင်းကျေးရွာအုပ်စု နန့်ကျဲချောင်းကမ်းအနီး သူရောင်း-ဖောင်းပြင်ကွင်းတွင် လယ်ထွန်နေစဉ် မိုးခြိမ်းလျှပ်စီးလက်ရာမှ ခိုင်းနွားတစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၆ရက် နံနက် ၅ နာရီခွဲက မော်လူးကျေးရွာအုပ်စု မင်းသာကျေးရွာနေ ဇော်ထက်(၃၅)နှစ်သည် နန့်ကျဲချောင်းကမ်းအနီး သူရောင်း-ဖောင်းပြင်ကွင်းတွင် လယ်ထွန်နေစဉ်မိုးခြိမ်းလျှပ်စီးလက်ရာမှ မိုးကြိုးလျှပ်စီး စက်ကွင်းမိသဖြင့် ဇော်ထက်မှာနေရာတွင် ထိုင်လျက်အနေအထားဖြင့် ငါးမိနစ်ခန့်သတိလစ်ခဲ့ပြီး သတိပြန် ရချိန်တွင် အသက်(၁၀)နှစ်ခန့်ရှိ နွားထီးတစ်ကောင်သေဆုံးနေကြောင်း၊ ဇော်ထက်မှာ ထိခိုက်မှုဒဏ်ရာတစ်စုံတစ်ရာမရရှိသော်လည်း ဦးခေါင်းပိုင်းတွင် အနည်းငယ် နာကျင်ခဲ့သဖြင့် မော်လူးတိုက်နယ်ဆေးရုံသို့ ဆေးဝါးကုသခံယူလျက်ရှိကြောင်း သိရသည်။

**နီတိုး**


MCC Institute

B.Sc (Hons) Business IT (ကွန်ပျူတာသိပ္ပံဘွဲ့)

University of Greenwich (UK)



School of Computing

♦ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကလိုအပ်သော ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် (Myanmar ICT Talent Development Program) ကို MCC နှင့် နိုင်ငံတကာပညာရှင်များပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

♦ မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍတွင်အကြီးဆုံး ICT နည်းပညာများ သင်ကြားပေးနေသော MCC Institute ၏ B.Sc (Hons) Business IT (ကွန်ပျူတာသိပ္ပံဘွဲ့) ကိုတက်ရောက်သင်ကြားအောင်မြင်ပြီးသူများသည် ပြည်တွင်း၊ ပြည်ပကုမ္ပဏီကြီးများတွင် နာမည်ကောင်းဖြင့် အလုပ်အကိုင်ကောင်းများ ရလျက်ရှိနေကြပါသည်။

Enroll Now www.facebook.com/mcc.institute

Yangon Campus Ph - 01-245762, 249152, 395512, 01-246634
Mandalay Campus Ph - 09-402671562, 011-202113, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966

ဖွင့်ရက်(ဇွန်လ- ၂၇ရက်)

Hot-Line : 01-246634, 01-2304156 (အနယ်နယ်အရပ်ရပ်မှ ကျောင်းသားကျောင်းသူများတက်ရောက်နိုင်ရန် Hostel များစီစဉ်ထားပါသည်။)



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၈၇/ခ)၊ ဇမ္ဗူသီရိ ၆လမ်း၊ ၆/အနောက်ရပ်ကွက်၊ မြေကွက်အမှတ်(၁၈၇)၊ အကျယ်အဝန်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ခင်မြကြည် ၁၂/သကတ(နိုင်)၁၀၉၂၀၉ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်မြကြည်က ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောပြဝန်ခံ၍ ကျွန်ုပ်ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေပြီးဖြစ်ရာ ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်လင်းသူ(ခ)လင်းထိန်
၁၂/ကတတ(နိုင်)၀၂၇၁၅၉
အမှတ်(၁၅၂၂/အေ)၊ မြင်တော်သာလမ်း၊
၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၉၇၅၀၆၂၉၄၅၊ ၀၉-၂၅၀၅၀၇၅၃၅



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်)၊မြေကွက်အမှတ်၁၇၃/က၊ မြေကွက်တည်နေရာ အမှတ်၂(က)၊ (၁၆)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်(အထွေး)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် အထွေးထံမှ ၁၀-၁၂-၁၉၉၆ ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်ဥမ္မာဝင်း၁၂/တမန(နိုင်)၀၃၄၅၅၉ထံမှ ၁၅-၅-၂၀၁၂ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်သီရိနိုင်၁၂/မရက(နိုင်) ၁၄၉၇၆၇မှ ဝယ်ယူခဲ့ပြီး၊ ဒေါ်သီရိနိုင်၁၂/မရက(နိုင်)၁၄၉၇၆၇မှ (၁၉၉၇)ခုနှစ် ဒေါ်ဥမ္မာဝင်း ၁၂/တမန(နိုင်)၀၃၄၅၅၉၏ ဂရန်ပေးရေး စီမံချက်ကာလက မြေစည်ပင်စရိတ် ပေးသွင်းခဲ့သည့် ငွေသွင်းပြေစာမူရင်းနှင့် အရပ်ကတိအရောင်းအဝယ်စာချုပ်များတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈(ပဲမှီကုန်း)၊ မြေကွက်အမှတ်၁၈၊ ဧရိယာ ၀ဒသမ၈၄၉ဧက၊ မြေကွက်တည်နေရာအမှတ် ၈/၂၂၊ သီရိမင်္ဂလာလမ်းသွယ်(၁၅)၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ မဒိုဇာအမည်ပေါက် A ရွာမြေ လ၀ကရုံး ၂၀-၁၁-၆၃ရက်စွဲပါ စာအမှတ် ၂၆၉၀-၂၆၉၃/၂၂၀(၆၂-၆၃)အရ ၃(ခ)ပေးမြေအား အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၆/၁၅ဖြင့် ပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု၏ ၁၁-၁-၂၀၁၆ရက်စွဲပါ တရားရုံးအမိန့်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၁၁/၁၆အရ ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၂၃-၂-၂၀၁၆ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းများ၊ ၂၉-၂-၂၀၁၆ရက် ဘိလစ်ခန့်အပ်စာနှင့်အတူ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်စပ်များတင်ပြ၍ တရားရုံး(ဘိလစ်) ဒေါ်မိုးမိုးအေး ၁၂/အစန(နိုင်)၁၂၂၁၈၄မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ဇေယျာရွှေမြေ၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့ နိုင်ပွဲရရှိ

**နေပြည်တော် ဇွန် ၂၆**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ဇေယျာရွှေမြေ၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသောပွဲတွင် ဇေယျာရွှေမြေအသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နိုင်ပွဲဆက်နေသည့် အသင်းကြီးနှစ်သင်းတွေ့ဆုံသောပွဲ ဖြစ်သောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဇေယျာရွှေမြေအသင်းက ပွဲပြီးခါနီးတွင် သွင်းယူသည့်ဂိုးဖြင့် လေးပွဲဆက်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း မထင်မှတ်ဘဲရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် နိုင်ပွဲဆက်မှုရပ်တန့်ခဲ့ရသည်။ ဇေယျာရွှေမြေအသင်းသည် လေးပွဲဆက် အနိုင်ရလဒ်ကြောင့် စတုတ္ထနေရာအထိ တက်လှမ်းလာနိုင်သည်။

ရှမ်းယူနိုက်တက်အသင်းသည် နည်းပြ ဦးစိုးမြတ်မင်းလက်ထက်တွင် ပွဲထွက်ခွင့်ရနေသည့် ကစားသမားများဖြင့် ဇေယျာရွှေမြေကို ရင်ဆိုင်ခဲ့ပြီး ဇေယျာရွှေမြေအသင်းမှာလည်း ဇစ်တာ၊ မာစီယို၊ ဒီဒီ၊ ကောင်းစည်သူ၊ ရန်အောင်ဝင်းတို့ဖြင့် လူစုံခဲ့သည်။ ဒုတိယအကျော့တွင် သုံးပွဲဆက် အနိုင်ရထားသည့် အပြင် အသင်းကြီးနှစ်သင်းတွေ့ဆုံသောပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး ပွဲအစတွင် ထိန်းကစားခဲ့သည်။ ၁၀ မိနစ်နောက်ပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အပြန်အလှန်ဂိုးသွင်းခွင့်များ ရခဲ့သည်။ သို့သော် နှစ်သင်းစလုံး အသုံးမချနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။

ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် စိုးမင်းဦး၊ နေလင်းထွန်းတို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သလို ဇေယျာရွှေမြေအသင်းကလည်း အဝေးကွင်းတွင် အမှတ်ရယူနိုင်ရန် ခပ်မာမာ တုံ့ပြန်ကစားခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များ အပြန်အလှန်ရရှိခဲ့သည်။ ဇေယျာရွှေမြေအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၉၀ တွင် ဘရာဇီးလ်တိုက်စစ်မှူး မာစီယိုက သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်နှင့်ရောဝတီတို့ တစ်ဂိုးစီသရေကျနေသည်။ ရန်ကုန်အသင်းမှာ နည်းပြသစ် ဦးမျိုးမင်းထွန်းလက်ထက်တွင် အိမ်ကွင်းရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ပယ်နယ်တီဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ ၇၄ မိနစ်တွင် သိန်းဇော်က ရန်ကုန်အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ရောဝတီအတွက် ချေပဂိုးကို ပွဲပြီးခါနီးတွင် တာကူမူက ပယ်နယ်တီမှ သွင်းယူခဲ့သည်။

အခြားပွဲစဉ်များတွင် ဟံသာဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဇွဲကပင်အသင်းက Southern အသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ် (၁၅) အပြီးတွင် ရတနာပုံအသင်းက ၄၁ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေပြီး မကွေး၊ ဟံသာဝတီနှင့် ဇေယျာရွှေမြေအသင်းတို့က ၂၅ မှတ်စီ၊ ရန်ကုန်နှင့် ရောဝတီအသင်းတို့က ၂၃ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်းတို့က ၂၁ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ၁၈ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ Horizon အသင်းက ငါးမှတ်တို့ရရှိထားသည်။

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-ဖိုးသော်ဇင်**



ရှမ်းယူနိုက်တက်နှင့် ဇေယျာရွှေမြေအသင်းတို့ယှဉ်ပြိုင်နေစဉ်

# ယူရို ၂၀၁၆ ရှုံး/ထွက်အဆင့် ပြိုင်ပွဲ အိမ်ရှင်ပြင်သစ်နှင့် ပေါ်တူဂီတို့ အနိုင်ရရှိ

ယူရို ၂၀၁၆ ရှုံး/ထွက်အဆင့် ပြိုင်ပွဲအဖြစ် အိမ်ရှင် ပြင်သစ်နှင့် အိုင်ယာလန်တို့ ဇွန် ၂၆ ရက် ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲ၌ ပွဲစပြီး နှစ်မိနစ်အကြာတွင် အိုင်ယာလန် တိုက်စစ်မှူး ပြင်သစ်ဂိုးစည်းအတွင်း ဘောလုံးဆွဲယူလာသည်ကို ပြင်သစ်ကစားသမား ဟန့်တားဖျက်ထုတ်မှုကြောင့် ပယ်နယ်တီ အပေးခံရသည်။ ပယ်နယ်တီကို ရောဘတ်စ်ဘရာဒီက ကန်သွင်း၍ အိုင်ယာလန်တို့ ဦးဆောင်ဂိုးရခဲ့သည်။ ဒုတိယပိုင်း ၅၈ မိနစ်တွင် ပြင်သစ်အတွက် ချေပဂိုးကို တိုက်စစ်မှူး ဂရစ်မန်းက သွင်းယူ ပေးသည်။ ယင်းဂိုးသွင်းယူပြီး မကြာမီ ၆၁ မိနစ်တွင် ဂရစ်မန်းကပင် ဒုတိယ ဂိုးသွင်းယူပေးသည်။ **(ယာပုံ)** ၆၆ မိနစ်တွင် အိုင်ယာလန်မှ ရှိန်းဒတ်ဖီ တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။

ပွဲပြီးသည်အထိ အိုင်ယာလန်တို့ ချေပဂိုးမသွင်းနိုင်၍ အိမ်ရှင် ပြင်သစ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်သည် အင်္ဂလန်နှင့် အိုက်စလန်တို့ ရှုံး/ထွက်ပွဲစဉ်မှ အနိုင်ရသည့် အသင်းနှင့်ကွာတားဖိုင်နယ်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အခြားရှုံး/ထွက်အဆင့် ပွဲစဉ်ဖြစ်သည့် ခရိုအေးရှားနှင့် ပေါ်တူဂီတို့ ဇွန် ၂၆ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ခရိုအေးရှားနှင့် ပေါ်တူဂီတို့ပွဲတွင် ခရိုအေးရှားတို့ ဂိုးသွင်းခွင့် ပိုရသော်လည်း တိုက်စစ်မှူးများ ဂိုးသွင်းမှုမသေချာ၍ အခွင့်အရေးများ နစ်နာခဲ့သည်။ ပွဲချိန် မိနစ် ၉၀ အထိ ကစားသော်လည်း ဂိုးမရှိသရေဖြင့် ပွဲပြီးဆုံးခဲ့သည်။ အချိန်ပို ဆက်လက်ကစားရာ အချိန်ပို ဒုတိယပိုင်း ၁၂ မိနစ်တွင် ပေါ်တူဂီ တိုက်စစ်မှူးကွာရက်စ်မာ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ပေါ်တူဂီတို့ အနိုင် ရရှိခဲ့သည်။ ပေါ်တူဂီတို့ ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရှုံး/ထွက်ပွဲစဉ်များအဖြစ် ဇွန် ၂၇ ရက် ည ၁၀ နာရီခွဲတွင် အီတလီနှင့် စပိန်၊ ဇွန် ၂၈ ရက် နံနက် ၁ နာရီခွဲတွင် အင်္ဂလန်နှင့် အိုက်စလန်တို့ဆက်လက်ယှဉ်ပြိုင်မည် ဖြစ်သည်။

**သီဟ-ရေးသည်**



## ကိုပါအမေရိကဖလား ကိုလံဘီယာတို့ တတိယရရှိ

ကိုပါအမေရိကဖလား တတိယနေရာလုပွဲအဖြစ် အိမ်ရှင် အမေရိကန်နှင့် ကိုလံဘီယာတို့ ဇွန် ၂၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ ကိုလံဘီယာတို့က တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရသည်။

အမေရိကန်တို့က အိမ်ရှင် ပရိသတ်ရှေ့၌ အနိုင်ရရန် ကြိုးစားသော်လည်း ကိုလံဘီယာအတွက် အနိုင်ဂိုးကို ၃၁ မိနစ်တွင် တိုက်စစ်မှူး ကားလို့စ်ဘက်ကာက သွင်းယူပေးခဲ့သည်။

**သီဟ**

ခရီးသွားမယ်ဆို့၊ စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

### တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ( ၁၄/၁ ) ရပ်ကွက်၊ မြင်သာ ( ၅ ) လမ်း၊ အမှတ် (၁၂၉/၂) တွင် တည်ထောင်ဖွင့်လှစ်ထားသော ATM TEXTILE COMPANY LIMITED သည် အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၇၇၇၈/၂၀၁၆) ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

2 Angel

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားများဖြင့် အမျိုးသမီးဝတ်၊ အထည်အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တရားဝင်ချုပ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားများတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ATM TEXTILE COMPANY LIMITED ၏ ခွင့်ပြုချက်မရဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ပြုပြင်ပြီး အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ပါက ATM TEXTILE COMPANY LIMITED ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအရပ်ရပ်တို့အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာ အပ်ပါသည်။

ATM TEXTILE COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝင်းမာတင့် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၄)
အမှတ် (၇၇)၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၂၅၄၀၄၅၃၆၅ ၊ ၀၉၉၆၀၁၁၇၀၀၀

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ နဝရတ်လမ်း၊ မြေကွက်အမှတ် ၅၆၇ဟုခေါ်တွင်သော ပေ၄၀×ပေ၆၀ ၀ဒသမ၀၅၅၈ဧကအကျယ်အဝန်းရှိသောမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ်(၆၀) ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးဟန်ညွှန့်သွင်၏ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သားသမီးများဖြစ်ကြသော ဒေါ်ညိုမြနွယ်၊ ဒေါ်ချမ်းအေးငြိမ်း၊ ဦးအောင်သူတို့ထံမှ တရားဝင်ဝယ်ယူထားသော ဒေါ်မြင့်မြင့်မော် ၁၄/ဖပန(နိုင်)၀၄၂၄၆၃ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်တင်စုဝေ (စဉ်-၁၀၈၂၈)
LL.B, D.B.L, M.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ
Myanmar United Land Co.,Ltd. အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဥပဒေအကြံပေး
အမှတ် ၂၀၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၅၃၂၄၅၃၆၀၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၃၁၂၉၈၇၂၄

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ တိုက်(၂၆)၊ အခန်းအမှတ်(4/B)ဟု ခေါ်တွင်သော ခြောက်ထပ်တိုက်အဆောက်အအုံ၏ တတိယထပ်လေးလွှာ၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေခွဲ×ပေ၅၀)ရှိသော တိုက်ခန်းနှင့်တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဉာဏ်လင်း(ကန်ထရိုက်တာ) ၁၂/ဗဟန(နိုင်)၀၆၁၈၂၈ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်တင်စုဝေ (စဉ်-၁၀၈၂၈)
LL.B, D.B.L, M.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ
Myanmar United Land Co.,Ltd. အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဥပဒေအကြံပေး
အမှတ် ၂၀၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၅၃၂၄၅၃၆၀၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၃၁၂၉၈၇၂၄

### အများသိစေရန်ကြေညာခြင်း

ဒေါ်အေးသန္တာ(ဘ)ဦးဖရန်စစ် ၁၂/ကမန(နိုင်)၀၆၂၄၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၃၂၁As(ညောင်ကုန်း)၊ ဦးပိုင်အမှတ် ၉/၂၊ အကျယ်အဝန်း ၁၀ ဒသမ ၆၈ဧက ကျယ်ဝန်းသောမြေကို နိုင်ငံတော်မှ ၁-၁၁-၂၀၁၃ ရက်စွဲဖြင့် စာအမှတ် ၅၀၃/လယ-၄(လယ်/စီ) ၂၀၁၃/ပုံစံ-၁၀၅ ရရှိပြီးသောမြေကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာ၏အမည်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားပြီးဖြစ်ပါသည်။ ဒေါ်အေးသန္တာ၏ ခွင့်ပြုချက်အတိအလင်းတစ်စုံတစ်ရာ မရရှိဘဲ အဆိုပါမြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ နည်းအမျိုးမျိုးဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ယင်းကဲ့သို့ပြုလုပ်ပါက ပြုလုပ်သူကို တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အထူးအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မိုး(ကော့မှူး) — ဒေါ်သိမ့်သိမ့်ထွန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၇) — အထက်တန်းရှေ့နေ (စဉ်-၃၄၃၇၇)
အခန်း ၁၁/၁၂-အေ၊ ပထမထပ်၊ အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၇၁၀၀၂၊ ၀၉-၇၇၇၄၁၄၀၁၃

### အမှတ် ၃၅၊ ၁၃၃ လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ မအိဖြူနှင်းနှင့် မိခင်ဒေါ်ခင်အေးတို့သိစေရန်

ကျွန်ုပ်မိတ်ဆွေ ဦးကျော်မြင့် ၁၂/အစန(နိုင်)၁၃၄၅၇၂ အမည်ပေါက်ပိုင်သော မန္တလေးမြို့ရှိ မြေကွက်အငှားဂရန်စာချုပ်မူရင်းအား ဝယ်ယူသူတို့အားပြသရန်အကြောင်းပြ၍ အထက်အမည်ပါသူတို့က လွန်ခဲ့သော(၁)နှစ်က ခေတ္တရယူသွားပြီးနောက် ကျွန်ုပ်မိတ်ဆွေအား ပြန်လည်ပေးအပ်ခြင်းမရှိ၍ အကြိမ်ကြိမ်တောင်းခံသော်လည်း ယနေ့ထိပြန်လည်ပေးအပ်ခြင်းမရှိသည့်အပြင် ငွေညှစ်တောင်းခံနေ၍ ယင်းလုပ်ရပ်အတွက် ဥပဒေနှင့်အညီ တရားစွဲသွားရန် အစီအစဉ်ရှိသဖြင့် မစွဲဆိုမီ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဂရန်မူရင်းအား ကျွန်ုပ်မိတ်ဆွေထံ အပ်နှံပေးရန် သတိပေးတောင်းဆိုပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသွယ်တင်လတ် LL.B, DBL, DIL
အထက်တန်းရှေ့နေ (စဉ်-၃၃၄၁၄)
တိုက် ၃၁၊ ခြောက်လွှာ၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉

# အသစ်ပေါ်ထွန်းလာသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ပြည်သူ့အတွက် ရက် ၁၀၀ မှသည် အနာဂတ်မျှော်မှန်းချက်များ

[ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ရက် ၁၀၀ စီမံချက် ]

တွေ့ဆုံမေးမြန်း-ညီညီထွန်း၊ ဟန်နီဝင်း(သတင်းစဉ်)၊ ဓာတ်ပုံ-ကျော်ဇေယျ၊ ထိန်နန်နော်(သတင်းစဉ်)



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးကျင်းပစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို ယခုနှစ် ဧပြီ ၆ ရက်က ပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရသစ်တာဝန်ယူစဉ် "နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန" ဆိုသည့် ဝန်ကြီးဌာနသစ်တစ်ခုလည်း ပေါ်ထွက်လာခဲ့သည်။

နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံကျင်းပရေးစသည့် နိုင်ငံအတွက် အရေးကြီးသည့်ကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်လာကြောင်း တွေ့မြင်လာရသည်။

ထိုကဲ့သို့ နိုင်ငံတွင်အရေးပါသည့်လုပ်ငန်းများကို မည်ကဲ့သို့ဖွဲ့စည်းဆောင်ရွက်နေသည်ကို ပြည်သူများသိရှိနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တွေ့ဆုံမေးမြန်းမှုအား ဖော်ပြလိုက်ပါသည်။

**မေး ။ ။ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေနဲ့ ယခုအစိုးရသစ်တာဝန်ယူချိန်မှ ထူးထူးခြားခြား ပေါ်ပေါက်လာတာဖြစ်တဲ့အတွက် ဘယ်လို ဖွဲ့စည်းထားတယ်ဆိုတာ ပြည်သူတွေသိအောင် ပြောပြပေးပါ။**

ဖြေ ။ ။ ကျွန်တော်တို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနဟာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေအရ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို လိုအပ်တာတွေ ပံ့ပိုးကူညီပေးနိုင်ဖို့၊ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးတဲ့မူဝါဒတွေကို အကောင်အထည်ဖော်ရာမှာ တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းပေးဖို့ အထောက်အကူပြုဝန်ကြီးဌာနတစ်ခုအနေနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဖွဲ့စည်းပုံကတော့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးစားပေးဆောင်ရွက်လိုတဲ့ ရည်မှန်းချက်တွေကို အခြေခံပြီး ရေးဆွဲထားပါတယ်။

ဖွဲ့စည်းပုံအင်အားအရ အရာထမ်း ၁၀၁ ဦးနဲ့ အမှုထမ်း ၂၃၁ ဦး၊ စုစုပေါင်း ၃၃၂ ဦးနဲ့ ရေးဆွဲထားပါတယ်။ ဒါပေမယ့် သုံးပုံနှစ်ပုံ အင်အားထက်ကျော်လွန် ခန့်အပ်ခြင်းမပြုဖို့ မူဝါဒရှိထားတဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကျစ်ကျစ်လျစ်လျစ်နဲ့ လိုအပ်တဲ့အင်အားကို စတင်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဖွဲ့စည်းဆဲကာလဖြစ်ပါတယ်။

**မေး ။ ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကို ဧပြီလ ၆ ရက်မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုမူဝါဒတွေ ချမှတ်ထားပါသလဲ။ ရက် ၁၀၀ အတွင်း ဆောင်ရွက်မှာနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်တွေကိုလည်း သိပါရစေ။**

ဖြေ ။ ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကို ဧပြီလ ၆ ရက်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေရဲ့ပုဒ်မ (၃) အရ ကျွန်တော်တို့ ဝန်ကြီးဌာနဆောင်ရွက်ရမယ့် လုပ်ငန်းနယ်ပယ်ကတော့ အချုပ်အားဖြင့်တော့ (၄)ခု ရှိပါတယ်။ နံပါတ်(၁) ကတော့ "ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး"၊ နံပါတ်(၂)က "ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး"၊ နံပါတ်(၃) "ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေး"နဲ့ နံပါတ်(၄)အနေနဲ့ "ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး" တို့ပဲ ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်တွေက ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်ရမယ့် မူဝါဒတွေပဲဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ချမှတ်ပေးတဲ့ အခြားလုပ်ငန်းတာဝန်တွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရက် ၁၀၀အတွင်းမှာ ဘာတွေ ဆောင်ရွက်မလဲဆိုတာနဲ့ ပတ်သက်ပြီးပြောရရင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဆောင်ရွက်ချက်တွေနဲ့ ဆက်စပ်နေပါတယ်။

တိတိကျကျ ခွဲခြားပြီးပြောရရင်တော့ နိုင်ငံရေးအကျဉ်းသားတွေ၊ နိုင်ငံရေးနဲ့ဆက်နွယ်ပြီး အမှုရင်ဆိုင်နေရတဲ့ ကျောင်းသား ကျောင်းသူတွေ လွတ်မြောက်ဖို့၊ နိုင်ငံတော်သမ္မတရုံး ပြင်ဆင်ဖွဲ့စည်းဖို့နဲ့ ရုံးလုပ်ငန်းတွေ စနစ်တကျစီမံခန့်ခွဲဖို့၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းဖို့၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းဖို့နဲ့ ဖွံ့ဖြိုး တိုးတက်ဖို့၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံအကြိုပြင်ဆင်ဖို့ ဆောင်ရွက်သွားပါ့မယ်။

ပြီးတော့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တွေအကြား လိုအပ်တဲ့ပေါင်းစပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်ပေးဖို့၊ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ နိုင်ငံတကာအသိုင်းအဝိုင်းအကြား လိုအပ်တဲ့အခါတွေမှာ ကြားခံအဖြစ်ဆောင်ရွက်ပေးဖို့၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းဖို့နဲ့ လုပ်ငန်းတာဝန်တွေ ပုံမှန်ဆောင်ရွက်နိုင်ဖို့၊ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ပေးအပ်တဲ့ တာဝန်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ကိုလည်း လုပ်ဆောင်သွားမယ်။

ဒါတွေကို ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့တာ၊ လက်ရှိဆောင်ရွက်နေတာနဲ့ ဆက်ပြီးဆောင်ရွက်သွားမယ့် တာဝန်တွေဖြစ်ပါတယ်။ ရေရှည်ကာလမှာတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ ပုဒ်မ(၃)ပါ မူဝါဒတွေရယ်၊ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ပေးအပ်တဲ့ လုပ်ငန်းတာဝန်တွေရယ်ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ နိုင်ငံရေးအကျဉ်းသားတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ၊ နိုင်ငံရေးနဲ့ဆက်နွယ်ပြီး အမှုရင်ဆိုင်နေရတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ ပတ်သက်ပြီး လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ရတာနဲ့ ပတ်သက်ပြီးလည်း ရှင်းပြပေးပါ။**

ဖြေ ။ ။ နိုင်ငံရေးအကျဉ်းသားတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ၊ နိုင်ငံရေးနဲ့ဆက်နွယ်ပြီး အမှုရင်ဆိုင်နေရတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ပတ်သက်ပြီး လွတ်မြောက်ရေးအတွက် နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှုအရ ဒီနှစ် ဧပြီလဆန်းမှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။

တစ်နိုင်ငံလုံးမှာရှိတဲ့ စစ်ဆေးဆဲအမှုတွေ၊ မြို့နယ်တရားရုံးအသီးသီးမှာ တရားစွဲဆိုထားတဲ့ အမှုတွေ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းတွေ ဆောင်ရွက်ပေးခဲ့တဲ့အတွက် ပြန်လည်လွတ်ပေးနိုင်ခဲ့တဲ့အရေအတွက်ဟာ ပြီးခဲ့တဲ့ မေလကုန်ပိုင်းအထိ စုစုပေါင်း ၄၅၃ ဦး ရှိခဲ့ပြီဖြစ်ပါတယ်။

ဒီလိုအမှုတွေကို ပိတ်သိမ်းခြင်း၊ တရားစွဲဆိုထားတာတွေကို ရုပ်သိမ်းခြင်းပြုဖို့အတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လည်လွတ်မြောက်ရေးနဲ့ ပတ်သက်လို့တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊

*စာမျက်နှာ ၁၆ သို့*

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်းစသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှ စတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာန တစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့်လုပ်ငန်းများကို သတင်းရယူ စုစည်းဖော်ပြအပ်ပါသည်။



**ဦးကျော်တင့်ဆွေ**
**ပြည်ထောင်စုဝန်ကြီး**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

*စာမျက်နှာ ၁၅ မှ*

ပုဒ်မခွဲ (က)အရ နိုင်ငံတော်သမ္မတရဲ့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နဲ့ ဇွန် ၁၆ ရက်မှာ ဆောင်ရွက်ပေးခဲ့တာ စုစုပေါင်း ၈၃ ဦး ဖြစ်ပါတယ်။

ဒီမိုကရေစီအစိုးရလက်ထက်မှာ နိုင်ငံရေးအကျဉ်းသားမရှိစေရဆိုတဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ စိတ်ရင်းစေတနာ၊ မူဝါဒနဲ့ လမ်းညွှန်မှုကို ကျွန်တော်တို့က ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့တဲ့ သဘောပဲဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားဆိုတာနဲ့ပတ်သက်လို့တော့ ပြင်ပအဖွဲ့အစည်းတွေရဲ့ စာရင်းဇယားအရ အမျိုးမျိုးဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ကတော့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့မူဝါဒအရ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဥပဒေနဲ့အညီ လွတ်လပ်စွာဆန္ဒထုတ်ဖော်မှုတွေအပေါ်မှာ အရေးယူခံရတာတွေကိုပဲ နိုင်ငံရေးအကျဉ်းသားအဖြစ် လက်ခံပါတယ်။

**မေး ။ ။ ပြည်သူတွေရဲ့ ဒီမိုကရေစီအခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ချိန်ခွင်လျှာညီမျှအောင် စီမံဆောင်ရွက်ဖို့နဲ့ တရားမျှတခြင်းကို ကရုဏာနဲ့ ဖြေရှင်းဆောင်ရွက်ဖို့ဆိုပြီး နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ပြောခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုထိန်းညှိပြီး ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ ။ ။ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လမ်းညွှန်ထားတဲ့ ပြည်သူတွေရဲ့ဒီမိုကရေစီအခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေး ချိန်ခွင်လျှာညီမျှရေးဆိုတာက ရှင်းပါတယ်။ ပြည်သူတွေမှာ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ရှိပါတယ်။ ဒါတွေကလည်း မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေရှိပါတယ်။ နိုင်ငံသားတွေရဲ့ အခွင့်အရေးကို အပြည့်အဝရဖို့လိုအပ်သလို နိုင်ငံသားတွေရဲ့ တာဝန်ဖြစ်တဲ့ ဥပဒေကိုလိုက်နာဖို့လည်း လိုအပ်ပါတယ်။

အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ဒီနှစ်ခုအကြားမှာ ဘက်ညီမျှတအောင် ထိန်းသိမ်းဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဥပမာပြောရရင် လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်ဟာ ပြည်သူတွေရဲ့ ဒီမိုကရေစီအခွင့်အရေး ဖြစ်ပါတယ်။ ဒီလို ဆန္ဒဖော်ထုတ်ရာမှာ ဆန္ဒဖော်ထုတ်မှုနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ ရှိနေပါတယ်။ ဒီဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါတွေက တည်ဆဲဥပဒေ ဖြစ်ပါတယ်။

ဒီလိုမှ မလိုက်နာဘူးဆိုရင် တစ်ဖက်မှာ ဆောင်ရွက်နေကြတဲ့ တရားဥပဒေစိုးမိုးမှုဆိုတာ အလဟဿဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ တရားဥပဒေစိုးမိုးရေးဆိုတာက သိပ်ကို အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးမှု ကင်းမဲ့သွားပြီဆိုရင် ဒီမိုကရေစီဆိုတာ ကသောင်းကနင်းနဲ့ ဆိုးကျိုးတွေကို ဖြစ်ပေါ်လာစေမှာဖြစ်ပါတယ်။

နိုင်ငံသားတွေအနေနဲ့ ကိုယ်ရရှိမယ့်အခွင့်အရေးကိုလည်း ရယူကြရမှာဖြစ်သလို တစ်ဖက်မှာလည်း စောင့်ထိန်းလိုက်နာရမယ့် တာဝန်ကို ကျေပွန်ရမှာဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေအတွက် "အခွင့်အရေး"နဲ့ "တာဝန်" ယှဉ်တွဲနေတာဖြစ်ပါတယ်။ ဒါကို အုပ်ချုပ်ရေးအပိုင်းက ဘက်ညီမျှတအောင် ဆောင်ရွက်ကြဖို့ လမ်းညွှန်မှာကြားထားခြင်းဖြစ်ပါတယ်။ တစ်ဖက်မှာ ဒီမိုကရေစီအခွင့်အရေးဆိုတာရှိပါတယ်။ ကျန်တဲ့တစ်ဖက်မှာ တရားဥပဒေစိုးမိုးရေးရှိနေပါတယ်။ ဒါကို ချိန်ခွင်လျှာညီမျှအောင်ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ နောက်တစ်ခုက တရားမျှတခြင်းကို ကရုဏာနဲ့ ဖြေရှင်းဆောင်ရွက်ဖို့ လမ်းညွှန်မှုပြထားပါတယ်။

ဒါက အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူတွေအနေနဲ့ အမြဲနှလုံးသွင်းထားကြရမယ့် လမ်းညွှန်ချက်လည်း ဖြစ်ပါတယ်။ ဥပမာ မြေယာကိစ္စ အငြင်းပွားမှုတွေကို ကြည့်မယ်ဆိုရင် ပြည်သူတွေ အမှန်တကယ်နစ်နာမှုတွေ ရှိနေတယ်။ တစ်ဖက်ကလည်း ဥပဒေကြောင်းအရ ကြည့်လိုက်ရင် သူတို့က တကယ်ကို ဥပဒေသဘောကို နားမလည်တာတွေ ရှိနေပါတယ်။ ဥပမာပြောရရင် လိုအပ်တဲ့ စာရွက်စာတမ်းဆိုင်ရာ ပြုလုပ်ထားရှိမှုမှာ အားနည်းချက်တွေ ရှိနေမယ်။ လက်တွေ့မြေပြင်မှာတော့ ခါးမဦးချကနေ ဘိုးစဉ်ဘောင်ဆက် သူတို့ကိုယ်တိုင် လယ်ယာစိုက်ပျိုးရေးကို အစဉ်အဆက် လုပ်ကိုင်လာတယ်။ ဒီလိုကိစ္စရပ်မျိုးကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့ ဖြစ်စဉ်မျိုးဖြစ်ပါတယ်။

ဥပဒေမှာတော့ ဥပဒေကိုမသိလို့ဆိုပြီး ခြွင်းချက်ပေးတာမျိုး မရှိပါဘူး။ တရားသူကြီးတွေရဲ့ တရားရုံးစီရင်ချက်တွေကို ဥပမာကြည့်မယ်ဆိုရင် ဒီကိစ္စတွေ ပိုပြီးနားလည်နိုင်မှာ ဖြစ်ပါတယ်။ အရင်တုန်းက အလားတူ အမှုကိစ္စမျိုးတွေကို စဉ်းစားရမှာ နှိုင်းယှဉ်သုံးသပ်နိုင်ဖို့ စီရင်ထုံးဆိုတာရှိပါတယ်။ အရင်တုန်းက ဒီလိုကိစ္စမျိုးကို ဘယ်တရားသူကြီးတုန်းက ဘယ်လိုစီရင်ချက်ချခဲ့သလဲဆိုတာကို ပြန်ကြည့်တာ ဖြစ်ပါတယ်။ မှုခင်းဖြစ်စဉ်တစ်ခုတည်းမှာကိုပဲ တရားသူကြီးတွေရဲ့ ဆုံးဖြတ်ချက်တွေက မတူညီကြပါဘူး။ ဖြစ်စဉ်ကိုနောက်ကြောင်းထည့်ပြီး စဉ်းစားရတာ ရှိပါတယ်။ အခြေအနေကိုချုံပြီး ကြည့်ရပါတယ်။

တရားခံရဲ့အခြေအနေ၊ ဖြစ်စဉ်ရဲ့နောက်ခံ စသဖြင့် ထည့်သွင်းစဉ်းစားရတာတွေ ရှိပါတယ်။ ဒီလိုမျိုးပါပဲ။ အုပ်ချုပ်ရေးမဏ္ဍိုင်က တာဝန်ရှိသူတွေအနေနဲ့ ပြည်သူတွေရဲ့နစ်နာမှုတွေနဲ့ ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းကြရာမှာ တရားမျှတမှုလည်းရှိရမယ်၊ ကရုဏာနဲ့လည်း ယှဉ်ရမယ်ဆိုတဲ့မူဝါဒပဲ ဖြစ်ပါတယ်။

**မေး ။ ။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတွေက အဆင့်လိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ပြည်သူတွေသိအောင် ပြောပြပေးပါ။**

ဖြေ ။ ။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ဖွဲ့စည်းထားပါတယ်။ ဒုတိယဥက္ကဋ္ဌ (၂) ဦးအဖြစ် နယ်စပ်ရေးရာပြည်ထောင်စုဝန်ကြီးနဲ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့ ပါဝင်ပါတယ်။ အဖွဲ့ဝင်တွေကတော့ ပြည်ထောင်စုအစိုးရ တစ်ဖွဲ့လုံး ပါဝင်ပါတယ်။ ဆိုလိုတာက ရခိုင်ပြည်နယ်အရေးကိစ္စကို အထူးအလေးထားပြီး အစိုးရတစ်ဖွဲ့လုံး ဆောင်ရွက်ပေးကြမယ့် ရည်ရွယ်ချက်နဲ့ ဒီလိုဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဒီဗဟိုကော်မတီအောက်မှာမှ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ (၄)ခု ဖွဲ့စည်းထားပါတယ်။

ရခိုင်ပြည်နယ်ဟာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေအရ ထိလွယ်ရှလွယ်တဲ့ အနေအထားမှာရှိနေတာကို အားလုံးသိရှိကြပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ စိတ်ရင်းစေတနာနဲ့ ရည်ရွယ်ချက်က ဘယ်လောက်စေတနာထားတယ်ဆိုတာကို အတိုင်းသား သိမြင်နိုင်မှာပါ။ ကျန်တဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေကိုကျတော့ ဂရုမစိုက်ဘူးလားမေးရင် မဟုတ်ပါဘူး။ ရခိုင်ပြည်နယ်က ထူးခြားတဲ့ သဘောသဘာဝ ရှိနေသလို အချိန်မရွေး စိုးရိမ်ဖွယ်ရာအခြေအနေကို ချက်ချင်းရောက်ရှိလာနိုင်တဲ့ ပြည်နယ်လည်းဖြစ်တဲ့အတွက် အခုလို အလေးထားပြီးဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီမှာ ပါဝင်နေကြတဲ့ ရခိုင်ပြည်နယ်ကို သွားရောက်လေ့လာပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ရခိုင်ပြည်နယ်ကို ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းပြီး အခြေအနေမှန်တွေကို သိရှိအောင်၊ လိုအပ်တာတွေ ဦးစားပေးအလိုက် ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ လတ်တလောမှာတော့ တည်ငြိမ်အေးချမ်းရေးနဲ့ သက်သေခံအထောက်အထားလက်မှတ်ရရှိရေးကို ဦးစားပေး လုပ်ကိုင်နေကြတာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်မှုတွေကို ဆက်လက်ပြီး လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အခြေခံအဆောက်အအုံတွေ တိုးတက်ဖွံ့ဖြိုးလာဖို့၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းတွေ မြင့်မားလာဖို့၊ ဒီနောက်မှာတော့ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးမြှင့်ပေါ်ပေါက်လာဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးမြင့်တက်လာဖို့ အလေးထားပြီး ဆောင်ရွက်နေပါတယ်။ အမုန်းတရားတွေ လျော့နည်းသွားစေဖို့ ဘက်ညီမျှတတဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အချုပ်ပြောရရင်တော့ ရေတိုကာလမှာ တည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ပထမဆုံး အလေးထားဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ်မှာ နေထိုင်ကြသူအားလုံးအတွက် ဒီနိုင်ငံမှာ နေထိုင်ကြောင်း သက်သေခံလက်မှတ်တွေ ရရှိဖို့လုပ်နေပါတယ်။ ပြီးရင်တော့ နိုင်ငံသားစိစစ်မှုလုပ်ငန်းတွေကို ဆက်တိုက်လုပ်နေပါတယ်။ နိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်လာပြီဆိုရင် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိလာကြမှာဖြစ်ပါတယ်။

**မေး ။ ။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ပြင်ဆင်ဖွဲ့စည်းဖို့ လတ်တလောဆောင်ရွက်နေတဲ့ အခြေအနေတွေကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ပြင်ဆင်ဖွဲ့စည်းရေးကို ကျွန်တော်တို့ ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ရည်မှန်းချက်က ဒီ NRPC ကို ပြည်တွင်းငြိမ်းချမ်းရေး နယ်ပယ်တစ်ခုတည်းမဟုတ်ဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပါ ခြုံငုံပြီး ထူထောင်ဆောင်ရွက်သွားစေလိုတဲ့ သဘောဖြစ်ပါတယ်။ ဌာနအမည်ကို လိုက်လျောညီထွေဖြစ်အောင် ပေးထားခြင်းဖြစ်ပါတယ်။ NRPC ကို ဘယ်လိုဖွဲ့စည်းမလဲဆိုတာကို အတိုချုပ်ပြီး ရှင်းပြချင်ပါတယ်။ နေပြည်တော်မှာ NRPC ပင်မရုံးကိုထားရှိပြီး အရင်တုန်းက MPC ကိုတော့ NRPC ရဲ့ရန်ကုန်ရုံးခွဲအဖြစ် ပြင်ဆင်ဖွဲ့စည်းမှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ကျွန်တော်တို့ဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ရှိသူတွေရဲ့အကူအညီ ရယူပြီး MPC ကို လွှဲပြောင်းလက်ခံထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းထားပါတယ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ မြေပုံမြို့ ရခိုင်ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စုဝင်များနှင့် တွေ့ဆုံအားပေးစဉ်

**"အတိုင်ပင်ခံရုံးဝန်ကြီးဌာနဟာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေအရ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို လိုအပ်တာတွေ ပံ့ပိုးကူညီပေးနိုင်ဖို့၊ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးတဲ့ မူဝါဒတွေကို အကောင်အထည်ဖော်ရာမှာ တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းပေးဖို့ အထောက်အကူပြုဝန်ကြီးဌာနတစ်ခုအနေနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဖွဲ့စည်းပုံကတော့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးစားပေးဆောင်ရွက်လိုတဲ့ ရည်မှန်းချက်တွေကို အခြေခံပြီး ရေးဆွဲထားပါတယ်။"**

**အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာက အလွန်ကျယ်ပြန့်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော် ပဋိပက္ခတွေနဲ့ တင်းမာမှုတွေ ပြင်းထန်ခဲ့တဲ့ အစဉ်အလာတွေလည်း ရှိပါတယ်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးရရှိဖို့လိုပါတယ်။ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ငြိမ်းချမ်းရေးမရသေးသရွေ့ မဖြစ်နိုင်ပါဘူး။ နိုင်ငံတကာကလည်း လက်ခံထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးက အပြန်အလှန်ဖြစ်ပြီး တစ်ခုနဲ့တစ်ခုလည်း ဆက်စပ်လျက်ရှိနေပါတယ်။ ဒီငါးနှစ်တာကာလအတွင်းမှာ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးတဲ့မူဝါဒတွေ အောင်မြင်ဖို့၊ လမ်းညွှန်ချက်တွေ အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာဖို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်**

တစ်ချိန်တည်းမှာပဲ နေပြည်တော်မှာ NRPC ရုံးချုပ် ဖွင့်လှစ်နိုင်ဖို့ ဖွဲ့စည်းပုံ၊ လူအင်အား၊ ရုံးအဆောက်အအုံ ဒါတွေကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အရေးကြီးတာက NRPC ဖွဲ့စည်းပေးလိုက်ရုံသာမဟုတ်ဘဲ လက်ရှိအချိန်မှာကိုပဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စတင်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်တွေ ရပ်တန့်မသွားဘဲ ချောချောမွေ့မွေ့ ကူးပြောင်းသွားနိုင်အောင်လည်း ရှိတဲ့လူနည်းနည်းနဲ့ ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်တိုင်းမှာ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်ခွင့်ရရှိရေး ဦးတည်ဆောင်ရွက်သွားဖို့ ပြောထားတာရှိပါတယ်။ NCA မှာ မပါဝင်သေးတဲ့ အဖွဲ့အစည်းတွေ ပါဝင်လာနိုင်ဖို့ ဘယ်လိုဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ ။ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်တိုင်းမှာ ပါဝင်သင့်ပါဝင်ထိုက်သူတွေ ပါဝင်ခွင့်ရရှိရေးဟာ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့မူဝါဒဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထူးပဲအရေးကြီးလှပါတယ်။ မိမိတို့ကိုယ်တိုင်ပါဝင်ပြီး လုပ်ကိုင်နေတယ်ဆိုတဲ့ ခံယူချက်ဖြစ်ပေါ်လာမှသာ ဘုံလုပ်ငန်းစဉ်ဖြစ်လာမှာ ဖြစ်ပါတယ်။ သူတို့ကိုလည်း အသိမပေးဘူး။ သူတို့ကိုလည်း မခေါ်ဘူး။ သူ့ဘာသာ ဆွေးနွေးညှိနှိုင်းပြီး သဘောတူလိုက်တာ ငါတို့နဲ့မဆိုင်ဘူးဆိုတဲ့ စိတ်သဘောထားမျိုး ဖြစ်ပေါ်လာမယ်ဆိုရင် ကျွန်တော်တို့မျှော်မှန်းတဲ့ ငြိမ်းချမ်းရေးဟာ အလှမ်းဝေးသွားနိုင်ပါတယ်။

ဒါကြောင့် အဆင့်တိုင်းမှာ ပါဝင်သင့်ပါဝင်ထိုက်သူတွေ ပါဝင်အောင်လုပ်ဖို့ ဒေါ်အောင်ဆန်းစုကြည်က လမ်းညွှန်ထားတာ ဖြစ်ပါတယ်။

NCA မှာ မပါဝင်သေးတဲ့ အဖွဲ့အစည်းတွေ ပါဝင်လာဖို့ အကြိုပြင်ဆင်ရေးကော်မတီက တာဝန်ယူပြီး ဆောင်ရွက်နေပါတယ်။ မကြာသေးခင်ကပဲ ထိုင်းနိုင်ငံ ချင်းမိုင်မှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ ရက်ပိုင်းအတွင်းမှာပဲ မိုင်းလားမှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ အားလုံးပါဝင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေကြတာဖြစ်ပါတယ်။ သူတို့ပါဝင်နိုင်အောင်လည်း လမ်းဖွင့်ထားပါတယ်။ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဒေါက်တာ တင်မျိုးဝင်းကိုယ်တိုင် ဖိတ်ခေါ်စာပေးပို့ထားပြီး ဖြစ်ပါတယ်။

လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်လာနိုင်အောင်လည်း နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆွေးနွေးမှု ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းကို လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ နိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်မယ်၊ ပြင်ဆင်ဖို့ အကြံပြုချက်တွေ ဖော်ထုတ်မယ်၊ ပြီးရင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee -UPDJC) မှာ ပြင်ဆင်ပါမယ်။ ဒီအဆင့်တွေမှာ ပါဝင်နိုင်အောင် ဆွေးနွေးညှိနှိုင်းနေတာဖြစ်ပါတယ်။ ဘယ်လိုအဆင့်မှာ ဘယ်လိုပုံစံနဲ့ ပါဝင်နိုင်မလဲဆိုတာကို ညှိနှိုင်းနေကြတာဖြစ်ပါတယ်။ ဒီတစ်လ၊ နှစ်လအတွင်းမှာ အရှိန်မြှင့်တင်ပြီး လုပ်ဆောင်နေတာ တွေ့ရမှာဖြစ်ပါတယ်။ ပြီးရင်တော့ (၂၁)ရာစု ပင်လုံညီလာခံကြီး အမြန်ဆုံး စတင်နိုင်အောင် ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစု ပင်လုံအတွက် အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၁)ဟာ ပြန်လည်ပြင်ဆင်ရမယ့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွေနဲ့ ပတ်သက်ပြီး အောင်မြင်စွာဆွေးနွေးနိုင်တယ်လို့ ကြားသိရပါတယ်။ ညီလာခံကျင်းပမယ့် အခြေအနေကို သိချင်ပါတယ်။**

ဖြေ ။ ။ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၁)အနေနဲ့တော့ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးဆွေးနွေးမှု မူဘောင် ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေပါတယ်။ အရင်က ဖွဲ့စည်းထားတဲ့အတိုင်း ဖွဲ့စည်းထားပြီး လက်နက်ကိုင်အဖွဲ့အစည်းတွေလည်းပါပါတယ်။ နိုင်ငံရေးဆွေးနွေးမှု မူဘောင်မှာ ပါဝင်တဲ့ကဏ္ဍတွေက အများကြီးကျယ်ပြန့်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ လူမှုရေးကဏ္ဍတွေ၊ သယံဇာတခွဲဝေမှုတွေ၊ စီးပွားရေးကိစ္စတွေ ပါဝင်နေတဲ့အပေါ် ပြန်လည်သုံးသပ်ဖို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ခဲ့ပါတယ်။ တချို့ကဏ္ဍတွေဆိုရင် CSO Forum ကို ဆွေးနွေးစေတာက သင့်တော်မယ်လို့လည်း ယူဆခဲ့ပါတယ်။

ဒီလမ်းညွှန်ချက်ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကလည်း လက်ခံသဘောတူပါတယ်။ CSO Forum ဘယ်လိုပုံစံနဲ့ ကျင်းပမလဲဆိုတာကိုလည်း ဆပ်ကော်မတီ(၁) က ဆွေးနွေးလျက်ရှိပါတယ်။ ဆွေးနွေးပြီးသမျှ အခြေအနေတွေ အရတော့ အတော်လေးကို အားတက်စရာအနေအထားမှာ ရှိပါတယ်။ ဒီကြားကာလမှာ အချိန်ရရှိမှု နည်းပါတယ်။ တစ်ဖက်က လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေ ပါဝင်နိုင်မယ့် အခြေအနေတွေ ရရှိလာပြီဆိုရင် (၂၁)ရာစု ပင်လုံညီလာခံဟာ နိုင်ငံသားအားလုံး မျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးအတွက် အရေးကြီးဆုံးအဆင့်တစ်ဆင့် ဖြစ်လာပါလိမ့်မယ်။

**မေး ။ ။ ဝန်ကြီးဌာနဟာ နိုင်ငံရေးအကျဉ်းသားအရေး၊ ရခိုင်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွေအပြင် နိုင်ငံဖွံ့ဖြိုးရေးအတွက် ဘယ်လိုကဏ္ဍတွေ ဦးစားပေးဆောင်ရွက်သွားဖို့ စီစဉ်ထားပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ စောစောပိုင်းက ရှင်းလင်းပြောကြားခဲ့သလိုပါပဲ။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ပံ့ပိုးကူညီဖို့ ဖွဲ့စည်းပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် တာဝန်ပေးအပ်လာတာတွေကို ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ နောက်နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပါ ရည်ရွယ်ချက် (၄)ရပ်ကိုလည်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက် (၄)ရပ်ကလည်း နည်းနည်းလေးဆိုပေမယ့် အများကြီးကျယ်ပြန့်ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေဖြစ်တဲ့အပြင် နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့လည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားရမယ့် လုပ်ငန်းတွေလည်း ပါဝင်နေပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာက အလွန်ကျယ်ပြန့်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော် ပဋိပက္ခတွေနဲ့ တင်းမာမှုတွေ ပြင်းထန်ခဲ့တဲ့ အစဉ်အလာတွေလည်း ရှိပါတယ်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးရရှိဖို့လိုပါတယ်။ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ငြိမ်းချမ်းရေးမရသေးသရွေ့ မဖြစ်နိုင် ပါဘူး။ နိုင်ငံတကာကလည်း လက်ခံထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးက အပြန်အလှန်ဖြစ်ပြီး တစ်ခုနဲ့တစ်ခုလည်း ဆက်စပ်လျက်ရှိနေပါတယ်။ ဒီငါးနှစ်တာကာလအတွင်းမှာ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးတဲ့မူဝါဒတွေ အောင်မြင်ဖို့၊ လမ်းညွှန်ချက်တွေ အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာဖို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**




တောင်ငူအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာစဉ်

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## မင်းတပ်မြို့နယ်၌ ပြည်ထဲရေးဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံချက်အရ ကျေးရွာမြေပုံဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်



**မင်းတပ် ဇွန် ၂၆**

ပြည်ထဲရေးဝန်ကြီးဌာနမှ ရက်(၁၀၀)စီမံချက်အဖြစ် ဆောင်ရွက်သည့် ၁၀ နှစ်အာမခံမြေပုံဂရန် ထုတ်ပေးနိုင်ရေးအတွက် မင်းတပ်မြို့နယ် လာလောင်းထွီးအုပ်စု ထင်းချောင်းကျေးရွာသို့ အသိပညာပေးခြင်းနှင့် ကျေးရွာမြေများတိုင်းတာခြင်းတို့ကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက ထင်းချောင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါမြေပုံဂရန်ထုတ်ပေးနိုင်ရေးအတွက် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် မြို့နယ်မြေပုံဂရန်ထုတ်ပေးရေးအဖွဲ့သည် ထင်းချောင်းကျေးရွာသို့ ကွင်းဆင်း၍ မြေပုံဂရန်နှင့်ပတ်သက်သည့် အသိပညာပေးခြင်းနှင့် ကျေးရွာမြေတိုင်းတာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထင်းချောင်းကျေးရွာသည် အိမ်ခြေ ၄၈ အိမ်ရှိပြီး မြေပုံဂရန်ထုတ်ပေးနိုင်သည့်အချက်များနှင့် ပြည့်စုံသည့်အတွက် ရွေးချယ်ရခြင်းဖြစ်ကြောင်းနှင့် မြေပုံဂရန်ထုတ်ပေးခြင်းဖြင့် ကျေးရွာပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများရရှိပြီး မြေပုံဂရန်ပိုင်ဆိုင်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**

## ရက် (၁၀၀) စီမံချက် ကျေးလက်လမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဇွန် ၂၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက်(၁၀၀) စီမံချက်ပါ လုပ်ငန်းများဖြစ်သော ကျေးလက်လမ်းလေးလမ်း၊ ကျေးလက်တံတားသုံးစင်းနှင့် ရေပေးရေးလုပ်ငန်းတစ်ခုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။




အဆိုပါ လုပ်ငန်းများအနက် လမ်းကူး-ခေါလဲကျေးရွာချင်းဆက် သဲကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာသို့ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့်ရုံးအဖွဲ့သည် ဇွန် ၉ ရက် နံနက် ၉ နာရီက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကွင်းဆင်းစစ်ဆေးကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## ကွမ်းစားခြင်းကြောင့် ဖြစ်တတ်သောရောဂါများ ကင်းဝေးစေရေး ပညာပေးဟောပြော

**ရန်ကုန် ဇွန် ၂၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်း မြို့နယ်အတွင်း နေထိုင်သည့်ပြည်သူများ၊ လူငယ်လူရွယ်များ ကွမ်းစားခြင်းကြောင့် ရရှိသောရောဂါများအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဇွန် ၂၄ ရက် နံနက် ၉ နာရီက ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကွမ်းစားခြင်းကြောင့် ဖြစ်တတ်သောရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနိုင်လင်းက ကွမ်းစားခြင်းကြောင့် ရရှိလာသော ရောဂါများအကြောင်းနှင့် ကွမ်းစားဆေးအမျိုးမျိုးတို့၏ အန္တရာယ်များအကြောင်းကို ပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထို့နောက် တက်ရောက်လာသောပြည်သူများက သိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရီခေါဒါရ်မြို့တွင်း သန့်ရှင်းသာယာလှပရေး အမှိုက်စွန့်ပစ်ခြင်း စနစ်တကျဆောင်ရွက်

**ရီခေါဒါရ် ဇွန် ၂၆**

ချင်းပြည်နယ် ရီခေါဒါရ်မြို့ရှိ စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများပူးပေါင်း၍ မြို့တွင်းသန့်ရှင်းသာယာလှပရေးအတွက် ရပ်ကွက်အတွင်းရှိ အမှိုက်သရိုက်များ စွန့်ပစ်ခြင်းကို အပတ်စဉ် စနစ်တကျဆောင်ရွက်ခဲ့ကြောင်း သိရသည်။




"အရင်က မြို့တွင်းအမှိုက်စွန့်ပစ်မှု စနစ်တကျမရှိတော့ ရပ်ကွက်ပြည်သူတွေအနေနဲ့ အမှိုက်စွန့်တဲ့နေရာမှာ အခက်အခဲကြုံတွေ့နေပါတယ်။ အဲဒီတော့ ကြုံရာနေရာတကာမှာ အမှိုက်တွေစွန့်ပစ်လိုက်တော့ မြို့အင်္ဂါရပ်နဲ့မညီဘဲ မြို့တွင်းအင်္ဂါရပ်အလှအပကို ပျက်စီးစေတာရယ်၊ ဒီမြို့ဟာ အိန္ဒိယ-မြန်မာနယ်စပ်မြို့ကလေးဆိုတော့ နိုင်ငံရဲ့ မျက်နှာစာတစ်ခုဖြစ်တာရယ်တို့ကြောင့် မြို့သန့်ရှင်းသာယာလှပရေးကို အထူးအလေး ထားဆောင်ရွက်ဖို့လိုပါတယ်။ နယ်စပ်ချောင်းဖြစ်တဲ့ တီအိုချောင်းအတွင်းမှာရော၊ ချောင်းနံဘေးမှာရော အမှိုက်တွေပုံလာတော့ ကြည့်မကောင်းတော့ပါဘူး။ မြို့ရဲ့အလှကိုပျက်စေတာကြောင့် သက်ဆိုင်ရာဌာနတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ရပ်ကွက်နေပြည်သူတွေပူးပေါင်းပြီး အခုလိုမျိုး အမှိုက်စွန့်ပစ်ခြင်းကို စနစ်တကျဆောင်ရွက်သွားတာဖြစ်ပါတယ်" ဟု ရီခေါဒါရ်မြို့ စည်ပင်သာယာရေးမှူး ဦးဟောက်ခုပ်က ပြောသည်။

အဆိုပါရပ်ကွက်အတွင်း အမှိုက်စွန့်ပစ်ခြင်းကို တစ်ပတ်လျှင် နှစ်ကြိမ်ဆောင်ရွက်ပြီး ရပ်ကွက်နှင့်အလှမ်းဝေးသည့် နေရာတစ်ခုကို အမှိုက်စွန့်ပစ်သည့်နေရာအဖြစ် ယာယီသတ်မှတ်ကာ စည်ပင်သာယာရေးဌာနပိုင် SKAT ယာဉ်တစ်စီးဖြင့် အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ယင်းသို့ဆောင်ရွက်မှုကြောင့် အမှိုက်စွန့်ပစ်မည့်နေရာ အခက်အခဲကြုံတွေ့နေသည့် ပြည်သူများ၏ ပြဿနာကို ဖြေရှင်းပေးနိုင်သည့်အပြင် မြို့တွင်းသန့်ရှင်းသာယာ လှပရေးကိုလည်း များစွာအထောက်အကူဖြစ်စေကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## မံသဲ - ဟန်ထက်ကျေးရွာချင်းဆက်လမ်း ရေတိုက်စားမှု ကွင်းဆင်းစစ်ဆေး

**မံစီ ဇွန် ၂၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ မိုးယုချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်၍ မံသဲ-ဟန်ထက် ကျေးရွာချင်းဆက်တာပေါင်ရိုးလမ်း ရေတိုက်စားခဲ့ပြီး လမ်းပြတ်တောက်မှုနှင့် ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ရာ ဇွန်လတတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများနှင့်အတူ ရေတိုက်စားပျက်စီးသည့်နေရာများကို အသေးစိတ်မှတ်တမ်းတင်ခဲ့ပြီး စာရင်းအင်းအချက်အလက်များ ကောက်ယူ၍ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် လမ်းဖြစ်ပြီး ကျေးရွာသူ ကျေးရွာသားများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို များစွာအထောက်အကူပြုသည့် ကျေးရွာချင်းဆက်လမ်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေစီးရေလာကောင်းမွန်ရေး ပြည်မြို့၌ ဆောင်ရွက်

**ပြည် ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အုတ်ခုံခံကွန်ကရစ်တံတား၊ ကွန်ကရစ်ရေကျော်နှင့် အုတ်ရေမြောင်းများ အသစ်တည်ဆောက်ခြင်း၊ အဓိကရေဆိုးထုတ်မြောင်းများဖြစ်သည့် ဘူးခါးမြောင်းနှင့် နဝင်းရေဆိုးထုတ်မြောင်းများအတွင်းရှိ ရွှံ့နွံများအား အဖွဲ့ပိုင်ယန္တရားများဖြင့် ဆယ်ယူစွန့်ပစ်ခြင်းများကို ဇွန် ၂၄ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်

**လားရှိုး ဇွန် ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အထက (၈)နှင့်အထက(၄)ကျောင်းများမှ ကျောင်းသား ကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိနိုင်ရေးအတွက် လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဝန်ထမ်းများသည် ရက်(၁၀၀) သစ္စာစီမံချက်အရ ဇွန်လဒုတိယပတ်က ကွင်းဆင်းဆောင်ရွက် ပေးခဲ့သည်။ အဆိုပါကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၂၃ ရက်က အထက(၈) သဇင်ခန်းမဆောင်၌ပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူး ဦးစောနိုင်က ကျောင်းအုပ်ဆရာကြီး ဦးစိုင်းစိန်အောင်နှင့် ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၉ ကတ် ပေးအပ်ခဲ့သည်။

အလားတူ လားရှိုးမြို့ အထက(၄) ငွေရတုခန်းမဆောင်တွင် ဆက်လက်ပြုလုပ်ခဲ့ရာ ပြည်နယ်ဒုတိယဦးစီးမှူးက ကျောင်းအုပ်ဆရာကြီး ဦးစိုင်းဝင်းမောင်နှင့် ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

# ကျွန်တော်နဲ့ မြိတ်



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ထားဝယ်မြို့မှာ ဟောပြောပွဲပြုလုပ်ပြီး မြိတ်မြို့မှာ လုပ်ဖို့ လေယာဉ်နဲ့သွားဖို့စီစဉ်ခဲ့တယ်။ ဒါပေမယ့် လေယာဉ်ခရီးစဉ်ပျက်သွားတာနဲ့ ကျွန်တော်တို့အဖွဲ့ ကုန်းလမ်းကတစ်ဆင့် ခရီးထွက်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ အစကတော့ ထားဝယ်မြို့မှာ ဟောပြောပွဲပြီးပြီးချင်း သွားဖို့စဉ်းစားခဲ့တယ်။ ဒါပေမယ့် ညဘက်ခရီးသွားရင် ပတ်ဝန်းကျင်ကို မြင်ရမှာမဟုတ်ဘူးလို့ အကြံပြုခဲ့တာနဲ့ နံနက်အစောကြီး ခရီးထွက်ဖို့ စီစဉ်ခဲ့တယ်။ ၅ နာရီခွဲထွက်ရင် ခရီးက ခြောက်နာရီကြာမှာမို့ ဟောပြောပွဲပြုလုပ်မယ့် နေ့လယ် ၁ နာရီမီမယ်ဆိုပြီး စဉ်းစားခဲ့ကြတာ။ ခရီးရောက်မဆိုက် ဟောရမယ့်ဒုက္ခတော့ ရှိတာပေါ့။ ဒါပေမယ့် ရွေးချယ်စရာအခြားနည်းလမ်းမရှိလို့ အခုလိုလုပ်ခဲ့တာ။ ထားဝယ်ကတစ်ဆင့် ပလောက်မြို့ ပြီး ပုလောမြို့ကို ဖြတ်ခဲ့တယ်။ နံနက်စာကို လမ်းခရီးတစ်နေရာမှာ ဝင်စားဖြစ်တယ်။ ပုလောအလွန်မှာ လမ်းနံဘေးမှာ ဆီအုန်းခြံတွေကအများကြီး။ ယာဉ်မောင်းလုပ်သူကရှင်းပြတယ်။ ဒီဆီအုန်းခြံတွေဟာ ဟန်ပြခြံတွေတဲ့။ လမ်းခရီးမှာ လူမြင်အောင်လုပ်ထားတာတဲ့။ အတွင်းမှာတော့ ဘာမှမရှိဘူး။ ဆီအုန်းတွေ စိုက်ထားပေမယ့် ဆီကအကြီးအကျယ်လည်း မထွက်လှဘူး။ ပုလောမြို့ကထွက်ပြီး မြိတ်မြို့အဝင်မှာ တံတားအရှည်ကြီးကို ဖြတ်ခဲ့ရတယ်။ တံတားကြီးရဲ့ အဝင်ထိပ်နံရံမှာ ရေးထားတဲ့စာတန်းကိုဖတ်ပြီး ကျွန်တော် အံ့သြသွားတာပဲ။ စာတန်းရဲ့ အရွယ်က အကြီးကြီးနံရံအပြည့်။ မြန်မာလိုကတော့ မြိတ်မြို့က လှိုက်လှဲပျူငှာစွာကြိုဆိုပါတယ်တဲ့။ မြို့အဝင်တိုင်းမှာလိုလိုမြင်နေကျ စာတန်းဖြစ်တယ်။ ဒါပေမယ့် မြန်မာလိုတင်မက အင်္ဂလိပ်စာတန်းကိုလည်း နံရံမှာထွင်းပြီး ရေးထားတာ ရုတ်တရက်ဖတ်ပြီး ကျွန်တော်မျက်စိမှားလို့လားလို့ထင်ပါတယ်။ ကားဆရာကို ခဏရပ်ဖို့ ပြောပြီးရေးထားတဲ့စာတန်းကို အသေအချာဖတ်ကြည့်တယ်။ ပထမစာလုံးက Warm အဓိပ္ပာယ်က နွေးထွေးမှုဖြစ်တယ်။ ဒုတိယစာလုံးကိုတော့ ကျွန်တော်အဓိပ္ပာယ်မဖွင့်နိုင်ဘူး။ ရေးထားတာက Lgordia အင်္ဂလိပ်အဘိဓာန်ထဲမှာတွေ့ရတဲ့ စကားလုံးမဟုတ်ဘူး။ အချိန်အနည်းငယ်စဉ်းစားပြီးမှ အဓိပ္ပာယ်ပေါ်တယ်။ ဖြစ်ရမယ့်စာလုံးက Cordial ပျူငှာစွာ။ ဒါပေမယ့် စာလုံးအထားအသိုမှားပြီး နောက်ဆုံးရှိရမယ့် L ကို အရှေ့ဆုံးမှာထားပြီး C အစား G ကို သုံးထားတော့ အခုလို ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတာ။ ကျွန်တော်က မနေနိုင်လို့ မြိတ်မြို့ရောက်တော့ မေးမိတယ်။ ဒီတံတားကြီးက အခုလောက် ကြီးကျယ်တာမို့ တံတားဖွင့်တဲ့နေ့မှာ ဖဲကြိုးဖြတ်ပြီး အခမ်းအနားလုပ်ခဲ့သလားမေးတော့ လုပ်ခဲ့ကြောင်း မြို့ခံတစ်ဦးက ပြောပါတယ်။ နိုင်ငံတော် အခမ်းအနားတစ်ခုမှာ အခုလိုဖြစ်တာကို ဘယ်သူမှ မမြင်တာ မသိတာကိုတော့ အံ့သြစရာပဲ။ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ အင်္ဂလိပ်စာလုံးဝမတတ်တဲ့ စာလုံးကိုဖော်တဲ့ ပန်းရန်မှာလား။ ဒီကိစ္စဟာ အသေးအမွှားဖြစ်တာ အရေးမကြီးဘူးလို့ မှတ်ယူလို့မရပါဘူး။ တာဝန်ယူမှုဆိုတာက ကြီးမှုသေးမှုနဲ့ မဆိုင်ပါဘူး။

ဒီအဖြစ်မျိုးကို ကျွန်တော်မကြာခဏ ကြုံရတယ်။ ကြုံတိုင်းလည်း မနေတတ်မနေနိုင်လို့ပြောမိတယ်။ ကျွန်တော့်ကို ဝေဖန်ကြလိမ့်မယ်။ မနှစ်က ကျွန်တော်တို့မိသားစု ရှမ်းပြည်တောင်ပိုင်း ရောက်ခဲ့တယ်။ အင်းလေးမှာရှိတဲ့ ခေါင်တိုင်ရေပူစခန်းရောက်တော့ ကြော်ငြာသင်ပုန်းမှာ အင်္ဂလိပ်လို ရေးထားတာအပြည့်ပဲ။ နိုင်ငံခြားသားတွေ အလာများတဲ့နေရာ။ ဒါပေမယ့် ကြော်ငြာသင်ပုန်းမှာ စာလုံးပေါင်းအမှားတွေကအပြည့်။ ဒါကြောင့် ကျွန်တော်က မနေနိုင်မထိုင်နိုင်နဲ့ တာဝန်ရှိတဲ့ မန်နေဂျာကိုခေါ် ပြီးပြောမိတယ်။ အဆိုးဆုံးကတော့ ပုဂံမြို့မှာရှိတဲ့ အမျိုးသားပြတိုက်။ ပုဂံသမိုင်းကို ရောင်စုံပန်းချီကားချပ်တွေနဲ့ သရုပ်ဖော်ထားတာ သိပ်ပြီးအသက်ဝင်တာပဲ။ ဒီပန်းချီတွေကို ရှင်းပြတဲ့ အင်္ဂလိပ်စာနဲ့ရေးထားတာတွေကို ဖတ်တဲ့အခါ စာလုံးပေါင်းတွေမှားနေတာတွေ့ရတယ်။ ဝမ်းနည်းစရာကြီး ဘယ်သူ့မှာတာဝန်ရှိသလဲ ကမ္ဘည်းထိုးတဲ့ ပန်းချီဆရာလေးမှာလား။ တံတားကြီးဖြတ်ပြီး တည်းခိုတဲ့ဟိုတယ်ကိုရောက်တယ်။ အဝတ်အစားမလဲမီ စားသောက်ခန်းကိုသွားပြီး နေ့လယ်စာစားကြတယ်။ စားပြီး အခန်းမှာအဝတ်လဲပြီး ဟောပြောပွဲလုပ်မယ့် ခန်းမကို ထွက်ခဲ့တယ်။ ခန်းမရောက်တော့ ဆိုင်ကယ်တွေနဲ့ ပိတ်နေလို့ ကားပေါ်ကဆင်းပြီး ခန်းမထဲလမ်းလျှောက်ဝင်ခဲ့ကြတယ်။ ပွဲကိုဦးစီးပြီး တာဝန်ယူကြသူတွေက စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်တယ်။ အစိုးရဌာန အကြီးအကဲတွေ မပါကြဘူး။ မြိတ်မြို့ဟာ အမှန်စင်စစ် စီးပွားရေးမြို့တစ်မြို့ဖြစ်တယ်။ မြိတ်သူမြိတ်သားတွေဟာ စီးပွားရေးလောကမှာ ထင်ရှားကြတယ်။ ထိုင်းနိုင်ငံနဲ့နီးလို့ နယ်စပ်ကုန်သွယ်မှုမှာလည်း ထဲထဲဝင်ဝင်ရှိကြတယ်။ ဒါကြောင့်လည်း ကျွန်တော်က "ယှဉ်ပြိုင်မှုအားသာချက်" ခေါင်းစဉ်ကိုရွေးပြီး ဟောခဲ့တာ။ စီးပွားရေးဟာ အမှန်တော့ ယှဉ်ပြိုင်ခြင်းပဲဖြစ်တယ်။ ယှဉ်ပြိုင်တဲ့နေရာမှာ ကိုယ်က ပြိုင်ဘက်တွေထက်သာရမယ်။ သာမှလည်း ကိုယ်ကအောင်မြင်မှာ။ "နွားတစ်ဖျားသာ" ဖို့ အရေးကြီးတယ်။ ယှဉ်ပြိုင်မှုနဲ့ ပတ်သက်လာရင် ဟားဗတ်တက္ကသိုလ်က ပါမောက္ခမိုက်ကယ်ပေါ်တာကို ရည်ညွှန်းရမယ်။ ဆရာကြီးဟာ ယှဉ်ပြိုင်မှုနဲ့ ပတ်သက်ပြီး လက်တွေ့အခြေအနေတွေကို သုတေသနလုပ်သုံးသပ်ဆန်းစစ်ပြီး သီအိုရီအသစ်တွေထုတ်ခဲ့တယ်။ သူက လုပ်ငန်းအဖွဲ့အစည်းအဆင့်မှာသာမက၊ နိုင်ငံတွေအနေနဲ့လည်း ဘယ်လိုအားသာချက်ရအောင် ယှဉ်ပြိုင်သင့်သလဲဆိုတာရေးခဲ့တယ်။ ပြောခဲ့တယ်။ စီးပွားရေးပညာနဲ့ ပတ်သက်ပြီး လွဲမှားတဲ့အယူအဆတစ်ခုရှိနေတာ တွေ့ရတယ်။ သူဟာ သီအိုရီပဲသိတယ်။ လက်တွေ့အကြောင်း ဘာမှမသိပါဘူးလို့ ဝေဖန်ကြတယ်။ ဒီလိုလုပ်တာဟာ သီအိုရီနဲ့ လက်တွေ့ဆက်စပ်မှုကို မသိနားမလည်လို့ဖြစ်တယ်။ သီအိုရီဆိုတာလက်တွေ့ အခြေအနေတွေကို စနစ်တကျ သုတေသနတွေဆောင်ရွက်ပြီး ဖော်ထုတ်ခြင်းဖြစ်တယ်။ လေထဲက လာတာမဟုတ်ပါဘူး။ လက်တွေ့ကိုအခြေပြုထားတဲ့ သီအိုရီဖြစ်တယ်။ လက်တွေ့နဲ့ သီအိုရီဟာ အပြန်အလှန်ဆက်စပ်နေတယ်။ သီအိုရီကိုအခြေခံပြီး လက်တွေ့ပြဿနာတွေကို ဖြေရှင်းရင် ပိုမိုထိရောက်ကြောင်း တွေ့ရတယ်။ သီအိုရီမသိဘဲ လက်တွေ့အလုပ်တွေလုပ်နေရင် "ဆင်ကန်းတောတိုး" သလိုဖြစ်တတ်တယ်။ ယှဉ်ပြိုင်မှုအားသာချက်ကို စဉ်းစားရင် လုပ်ငန်းအဖွဲ့အစည်းများဟာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်ထဲမှာအားပြိုင်ရတယ်။ ဒါကြောင့် မိမိရဲ့ ကုန်စည်ဟာ ပြိုင်ဘက်ကုန်စည်ထက် အရည်အသွေးပိုကောင်းရမယ်၊ ထူးရမယ်၊ သာရမယ်။ ဒီလိုပဲ မိမိပေးတဲ့ ဝန်ဆောင်မှုဟာ သူများတွေမလုပ်နိုင်တာကို လုပ်ပေးနိုင်ရမယ်။ ပြိုင်တဲ့နေရာမှာ သာတာကိုပြိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယှဉ်ပြိုင်မှုနဲ့ပတ်သက်တဲ့ အကြောင်းတင်ပြပြီး အခြေခံအကြောင်းအချက်တစ်ခုကို တင်ပြခဲ့ပါတယ်။ ဒီအချက်ကို သာမန်အားဖြင့် သတိမပြုကြဘူး။ ဒါကတော့ လုပ်ငန်းအဖွဲ့အစည်းတွေ ယှဉ်ပြိုင်တဲ့နေရာမှာ မိမိဝန်ထမ်းရဲ့အရည်အသွေးဟာ သော့ချက်ဖြစ်နေတာကို သတိပြုရမယ်။ မိမိဝန်ထမ်းတွေရဲ့ လုပ်ရည်ကိုင်ရည် စွမ်းဆောင်မှုဟာ အခြေခံယှဉ်ပြိုင်မှုအားသာချက်ဖြစ်တယ်။ ဝန်ထမ်းတွေရဲ့ အရည်အသွေးကို ဂရုထားပြီး မြှင့်တင်ပေးဖို့ဟာ လုပ်ငန်းရှင်တွေရဲ့ တာဝန်ဖြစ်တယ်။

ကျွန်တော်ဟောပြီးတဲ့အခါ မေးခွန်းတွေမေးကြတယ်။ စိတ်ဝင်စားစရာမေးခွန်းတွေဖြစ်တယ်။ သိချင်လို့မေးကြတာမို့ ကျေနပ်တယ်။ ရိုးရိုးသားသားသိချင်လို့ မေးခွန်းထုတ်ကြတာ။ ကျွန်တော်ကလည်း ကြိုးစားပြီးဖြေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အဖြေတွေဟာ လုံလောက်မှုရှိချင်မှရှိမှာ။ ဒါပေမယ့် ကျွန်တော် တတ်စွမ်းသမျှ ကြိုးစားပြီး ဖြေကြားခဲ့ပါတယ်။

ဟောပြောပွဲအပြီး ဟိုတယ်မှာနား ညစာကို အင်မတန်တမ်းတနေတဲ့ မြိတ်ကတ်ကြေးကိုက်သွားစားကြတယ်။ မြို့ခံတွေ စီစဉ်ထားတဲ့ အခမ်းအနားကို မသွားနိုင်ခဲ့ဘူး။ ခရီးကလည်း ပန်းနေတာမို့ ဟိုတယ်အနီးမှာရှိတဲ့ဆိုင်ကို သွားခဲ့တာ။ ဒါပေမယ့် ဒီဆိုင်က မြိတ်မြို့မှာ နာမည်ကြီး။ ကြိုတင်ပြီး စီစဉ်ရတယ်။ မဟုတ်ရင် အကြာကြီးစောင့်ရတာ။ ဆိုင်မှာ စားဖို့မှုးကြီးချက်နေတာကို စိတ်ဝင်တစားကြည့်မိတယ်။ သူက တစ်ပွဲချင်းကြော်တယ်။ ပုံမှန်ဆိုင်တွေမှာလို မဟုတ်ဘူး။ တစ်ပွဲချင်းကြော်တာမို့ အချိန်အကြာကြီးစောင့်ရတာ။ အရသာကတော့ ထူးခြားတယ်။ တော်တော်ကောင်းတယ်။ မြို့ခံတွေကလည်း ဒူးရင်းသီးတွေ၊ မြိတ်အာပုံမုန့်တွေ၊ အချိုတွေမျိုးစုံနဲ့ ဧည့်ခံတယ်။

နောက်တစ်နေ့ ကျွန်တော်တို့အဖွဲ့ မြိတ်မြို့နဲ့ အနီးဆုံးကျွန်းတွေဖြစ်တဲ့ ပထော်ပထက်ကျွန်းကို စက်လှေနဲ့သွားခဲ့တယ်။ စက်လှေဆိုက်ကပ်ထားတဲ့ ဆိပ်ကမ်းရောက်တော့ ကြော်ငြာသင်ပုန်းတစ်ခုကို သတိပြုမိတယ်။ "တနင်္သာရီတိုင်းသည် နိုင်ငံတော်ရဲ့ ဆီအိုးဖြစ်ရမယ်"တဲ့။ ရုတ်တရက်ကြောင်သွားတယ်။ တနင်္သာရီတိုင်းဟာ ကမ်းရိုးတန်းဒေသ ပင်လယ်ကမ်းစပ်မှာ ရှိတယ်။ ပင်လယ်ထွက်ပစ္စည်းတွေ ပေါတယ်။ ဒါကြောင့် ငါးပိ၊ ငါးခြောက် အကြီးအကျယ်ထွက်တယ်။ "မြန်မာနိုင်ငံရဲ့ ငါးပိအိုး ဖြစ်ရမယ်"ဆိုရင် ယုတ္တိရှိမှာ။ အခုတော့ ဆီအိုးဆိုတော့ နည်းနည်းများ လွဲလေမလားလို့။ ဒါပေမယ့် ဆီအုန်းစိုက်ပျိုးမှုကို အခြေခံပြီးပြောတာနဲ့ တူပါရဲ့။ ဆီအုန်းကိုလည်း ထိထိရောက်ရောက် စိုက်ပျိုးပြီး စာအုန်းဆီတွေ အလျှံအပယ်ထွက်နေရင်တော့ တစ်မျိုးဖြစ်မှာ။ အခုတော့ ဆီအုန်းတွေ ဘယ်လောက်အောင်မြင်မှုရှိမလဲ ပြန်စဉ်းစားသင့်တယ်။ ဆီအုန်းစိုက်ပျိုးမှုအောင်မြင်မှုရှိ မရှိကိုတော့ အတပ်မပြောနိုင်ပေမယ့် ဆီအုန်းတွေ စိုက်ပျိုးဖို့ရှိနေတဲ့ သစ်တောတွေတော့ မရှိတော့တာတော့ သေချာတယ်။

ပထော်ပထက်ကျွန်းရောက်တော့ ရွှေသာလျောင်းဘုရားကြီးကို အရင်ဖူးခဲ့တယ်။ ပြီးတော့မှ ကျွန်းပေါ်မှာရှိတဲ့ လုပ်ငန်းတွေကို လိုက်ပြတယ်။ ဒီလုပ်ငန်းတွေကို ဦးလှသန်းက တာဝန်ယူဆောင်ရွက်နေတာမို့ တချို့က ကျွန်းကို ဦးလှသန်းကျွန်းလို့ ခေါ်ကြတယ်။ ကျွန်းပေါ်မှာ ကဏန်းပျော့တွေမွေးပြီး နိုင်ငံခြားကို တင်ပို့နေတယ်။ ကဏန်းပျော့မွေးရုံမက သစ်စက်ရှိပြီး သစ်ပေါင်းလုပ်ငန်းတွေကိုလည်း လုပ်နေတာတွေ့ရတယ်။ ကျွန်းပေါ်မှာနေတဲ့ လူငယ်တွေအတွက် အထက်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ထားတယ်။ မန်နေဂျာဖြစ်တဲ့ မနီက ကျွန်တော်တို့အဖွဲ့ကို အအေးခန်းစက်ရုံတွေကို လည်းကောင်း၊ ကဏန်းပျော့လုပ်ငန်းတွေကိုလည်းကောင်း လိုက်ပြတယ်။ စိတ်ဝင်စားစရာပဲ။ ပထော်ပထက်ကပြန်ပြီး နောက်တစ်ကျွန်းကို ခရီးထွက်ပြန်တယ်။ ဒီကျွန်းမှာလည်း ကဏန်းတွေမွေးပြီး နိုင်ငံခြားတင်ပို့နေတာ။

နေ့လယ်စာစားပြီး ကျွန်တော်နဲ့ ဆရာဦးတင်ဇံကျော်တို့နှစ်ယောက် လူငယ်တွေဖွဲ့စည်းထားတဲ့ အများပိုင်ကုမ္ပဏီတစ်ခုကိုသွားပြီး တာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့တယ်။ သူတို့နဲ့တွေ့ပြီး အမှန်တော့ ညနေပိုင်းမှာ ရန်ကုန်ကိုပြန်ဖို့။ ဒါပေမယ့် အဖွဲ့ဝင်တွေကို တစ်ရက်ဆက်နေဖို့ တောင်းခံခဲ့တာမို့ မြိတ်မှာ တစ်ရက်ပိုနေခဲ့တယ်။ နောက်တစ်နေ့ နံနက်အစောကြီး ရှပ်ပြေးသင်္ဘောနဲ့ မြိတ်မြို့နဲ့ နှစ်နာရီကျော်သွားရတဲ့ ကျွန်းတစ်ကျွန်းကို ခရီးထွက်ခဲ့တယ်။ ရေကလည်း ကြည်လင်လိုက်တာ။ ရေထဲမှာ ကူးနေတဲ့ ငါးတွေကို မြင်နိုင်တယ်။ ပင်လယ်ကြိုက်တဲ့ ကျွန်တော့်အဖို့ နိဗ္ဗာန်ပဲ၊ ကျွန်းပေါ်မှာ မိသားစုတစ်စုပဲရှိတယ်။ အစားအသောက်တွေရောင်းချပြီး မိသားစု ခုနစ်ယောက်နေထိုင်ကြတယ်။ သူတို့ရဲ့အိမ်အရှေ့မှာ သစ်သားနဲ့ထွင်းထားတဲ့ ဆလုံလူမျိုးတွေ ပြည်ကြီးငါးဖမ်းရာမှာသုံးတဲ့ လှေတစ်စင်း။ တွေ့တဲ့ သစ်တစ်ပင်ကိုထွင်းပြီး လုပ်ထားတာ။ ကျွန်တော်က လိုချင်လွန်းလို့ ရောင်းပါလို့ပန်ကြားခဲ့တယ်။ နောက်ဆုံးဈေးတည့်ပြီး ယူလာခဲ့တယ်။ ရန်ကုန်ကို ဘယ်လို ပို့မလဲဆိုတာကိုတော့ မစဉ်းစားဖြစ်ဘူး။ လိုချင်တာပဲသိတာ။ ကျွန်းပေါ်မှာ သုံးနာရီလောက်နေပြီး နောက်တစ်ကျွန်းကို သွားခဲ့ပြန်တယ်။ ဒီကျွန်းမှာတော့ ငါးလုပ်ငန်းလုပ်နေတာမို့ သန့်ရှင်းမှုအားနည်းတယ်။ ရေတွေကလည်း သိပ်မကြည်လင်လှဘူး။ အခုလို မြိတ်အနီးမှာ ကျွန်းလေးကျွန်းပဲ ရောက်ခဲ့တာ။ မြိတ်ကျွန်းစုမှာ စုစုပေါင်း ကျွန်းပေါင်း ၈၀၀ ကျော်ရှိတယ်တဲ့။ ချမ်းသာတဲ့သူတွေက အခုဆို ကျွန်းတွေကို လိုက်ဝယ်နေကြောင်း ကြားသိရတယ်။ ကျွန်တော့်သဘောကတော့ ဒီကျွန်းတွေဟာ (public good) အများနဲ့ သက်ဆိုင်တဲ့ သယံဇာတပစ္စည်းတွေဖြစ်တယ်။ ဒီ public good ကို နိုင်ငံတော်အစိုးရ တိုင်းဒေသကြီးအစိုးရကသာ တာဝန်ယူသင့်တယ်။ private good အသွင်အပြင် မပြောင်းသင့်ပါဘူး။ မြိတ်ကျွန်းစုဟာ ကျွန်တော်တို့နိုင်ငံရဲ့ ထူးခြားတဲ့ သယံဇာတပစ္စည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီသယံဇာတပစ္စည်းကို နိုင်ငံတော်ကသာ ထိန်းသိမ်းစောင့်ရှောက်ရမှာသာဖြစ်ပါတယ်။ ။

> "တနင်္သာရီတိုင်းသည် နိုင်ငံတော်ရဲ့ ဆီအိုးဖြစ်ရမယ်" တဲ့။ ရုတ်တရက် ကြောင်သွားတယ်။ တနင်္သာရီတိုင်းဟာ ကမ်းရိုးတန်းဒေသ ပင်လယ်ကမ်းစပ်မှာရှိတယ်။ ပင်လယ်ထွက် ပစ္စည်းတွေ ပေါတယ်။ ဒါကြောင့် ငါးပိ၊ ငါးခြောက်အကြီးအကျယ်ထွက်တယ်။ "မြန်မာ နိုင်ငံရဲ့ ငါးပိအိုး ဖြစ်ရမယ်" ဆိုရင် ယုတ္တိရှိမှာ။ အခုတော့ ဆီအိုးဆိုတော့ နည်းနည်းများ လွဲလေ မလားလို့

# သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း**

**(၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**

**၁၃၇၈ခုနှစ်၊ လ ရက်**

**(၂၀၁၆ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **သက်ကြီးရွယ်အို**ဆိုသည်မှာ အသက် ၆၀ နှစ်နှင့်အထက်ရှိပြီး မြန်မာနိုင်ငံသား ဥပဒေအရမြန်မာနိုင်ငံသားအားလုံးကို ဆိုသည်။

(ခ) **အိုမင်းမစွမ်းသူ** ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင်ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အိုကို ဆိုသည်။

(ဂ) **စရိတ်ထောက်ပံ့မှု လိုအပ်သောမိဘဘိုးဘွား** ဆိုသည်မှာ သားသမီးနှင့် မြေးများ မရှိခြင်းကြောင့်ဖြစ်စေ၊ သားသမီးနှင့် မြေးများရှိသော်လည်း ၎င်းတို့က စွန့်ပစ်ထားခြင်း၊ လျစ်လျူရှုပြီး မထောက်ပံ့ခြင်း သို့မဟုတ် ထောက်ပံ့နိုင်မှုမရှိခြင်းကြောင့်ဖြစ်စေ ဆင်းရဲချို့တဲ့သော သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်း မရှိသော သက်ကြီးရွယ်အို မိဘ ဘိုးဘွားကို ဆိုသည်။ ယင်းစကားရပ်တွင် မိဘမဲ့ သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့်သွေးရင်း ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေး တို့လည်း ပါဝင်သည်။

(ဃ) **စရိတ်ထောက်ပံ့မှု** ဆိုရာတွင် သက်ကြီးရွယ်အို၏ လိုအပ်သော စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုတို့အတွက် ထောက်ပံ့ဖြည့်ဆည်းပေးရသော စရိတ်တို့ပါဝင်သည်။

(င) **မိဘ** ဆိုသည်မှာ မိရင်း၊ ဖရင်းနှင့် မွေးစားမိဘတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် လင်ပါ၊ မယားပါသားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် မိထွေး၊ ပထွေးများလည်း ပါဝင်သည်။

(စ) **သားသမီး** ဆိုသည်မှာ သားရင်း သမီးရင်းနှင့် မွေးစားသားနှင့် မွေးစားသမီးတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် မိထွေး၊ ပထွေးက ကြည့်ရှုစောင့်ရှောက်ခဲ့သည့် လင်ပါ၊ မယားပါ သားသမီးများလည်း ပါဝင်သည်။

(ဆ) **သက်ကြီးရွယ်အို သက်သေခံကတ်ပြား** ဆိုသည်မှာ ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန် ဤဥပဒေအရ သက်ကြီးရွယ်အိုအား သက်သေခံအထောက်အထားအဖြစ် ထုတ်ပေးထားသော ကတ်ပြားကို ဆိုသည်။

(ဇ) **မိသားစုစောင့်ရှောက်မှု** ဆိုသည်မှာ သက်ကြီးရွယ်အို မိဘဘိုးဘွားများအား ၎င်းတို့၏ မိသားစုဝင်များက ကြည့်ရှုစောင့်ရှောက်မှုကို ဆိုသည်။

(ဈ) **အိမ်အခြေပြု၊ရပ်ရွာအခြေပြုစောင့်ရှောက်မှု** ဆိုသည်မှာ သက်ကြီး ရွယ်အိုများ အချင်းချင်းဖြစ်စေ၊ မိသားစုမှဖြစ်စေ၊ စေတနာ့ဝန်ထမ်း သို့မဟုတ် အခပေး ဝန်ဆောင်မှုပေးသူများအပါအဝင် မိသားစုဝင်မဟုတ်သော အခြားစောင့်ရှောက်သူများမှ ဖြစ်စေ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးခြင်း သို့မဟုတ် ရပ်ရွာပြည်သူလူထုအတွင်း စောင့်ရှောက်မှုပေးခြင်းကို ဆိုသည်။

(ည) **လူမှုရေးစောင့်ရှောက်မှု** ဆိုသည်မှာ စိတ်ခံစားမှုဆိုင်ရာ အကျိုးကျေးဇူးများနှင့် လူမှုရေးနယ်ပယ်ရှိ အပြန်အလှန်ဆက်ဆံမှုတို့ကို ပိုမိုတိုးမြှင့်ရန်အလို့ငှာ တစ်ကိုယ်ရေစောင့်ရှောက်မှုအတွက် လိုအပ်သောအစားအသောက်၊ အသုံးအဆောင်ပစ္စည်းကိရိယာများနှင့် နေ့စဉ်လှုပ်ရှားမှုများအတွက် လိုအပ်ချက်များကို လူမှုရေးအထောက်အပံ့များနှင့်တကွ ဖြည့်ဆည်းစောင့်ရှောက်ပေးခြင်းကို ဆိုသည်။

(ဋ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်း၊ ကုသခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ကို ဆိုသည်။

(ဌ) **ဘိုးဘွားရိပ်သာ** ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ ဝန်ထမ်း ပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား နားခိုရာရိပ်သာ စားသောက်နေထိုင်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ထောက်ပံ့ပေးလျက်ရှိသော ဂေဟာကို ဆိုသည်။

(ဍ) **တည်ထောင်ခွင့်ပြုမိန့်** ဆိုသည်မှာ ဘိုးဘွားရိပ်သာ တည်ထောင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဎ) **သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း** ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ဝန်ထမ်းပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု များအား ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများက ဆောင်ရွက်သော လုပ်ငန်းကို ဆိုသည်။

(ဏ) **လုပ်ငန်းလုပ်ကိုင်ခွင့်** ဆိုသည်မှာ သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(တ) **ရန်ပုံငွေ** ဆိုသည်မှာ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ဤဥပဒေအရ တည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

(ထ) **မတရားပြုကျင့်ခြင်း(Abuse)** ဆိုရာတွင် သက်ကြီးရွယ်အိုအား အစားအသောက် သို့မဟုတ် ဆေးဝါးကို လုံလောက်စွာမပေးခြင်း၊ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့် စော်ကားခြင်း၊ တောင်းရမ်းခိုင်းခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းအပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် မလျော်မကန်ပြုလုပ်ခြင်း ပါဝင်သည်။

(ဒ) **လျစ်လျူရှုခြင်း** ဆိုသည်မှာ သက်ကြီးရွယ်အိုအား ထိုက်သင့်အားလျော်စွာ တွေ့ဆုံမှုမပြုခြင်း၊ လိုအပ်သော အစားအသောက်များ လုံလောက်စွာ ဖြည့်ဆည်းမပေးခြင်း သို့မဟုတ် တစ်သီးတခြားခွဲထားခြင်းဖြစ်သည်။

(ဓ) **မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖွဲ့စည်းသော အမျိုးသားအဆင့် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ဆိုသည်။

(န) **ဒေသဆိုင်ရာကော်မတီများ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ဆိုသည်။

(ပ) **ဝန်ကြီးဌာန** ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဖ) လူမှုဝန်ထမ်းအရာရှိ ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်း အရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ခြင်း ခံရသော လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းကိုသော် လည်းကောင်း၊ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် တာဝန်ပေးအပ်ခြင်းခံရ သော နိုင်ငံ့ဝန်ထမ်း သို့မဟုတ် အခြားသင့်လျော်သော နိုင်ငံသားကိုသော်လည်းကောင်း ဆိုသည်။

(ဗ) **ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်** ဆိုသည်မှာ ဘိုးဘွားရိပ်သာကို ပိုင်ဆိုင်သူ၊ တည်ထောင်သူ သို့မဟုတ် တာဝန်ယူ၍ စီမံခန့်ခွဲသူကိုဆိုသည်။ ယင်းစကားရပ်တွင် ထိုသူတစ်ဦးဦးက လွှဲအပ်တာဝန်ပေးထားခြင်းခံရသောပုဂ္ဂိုလ်လည်း ပါဝင်သည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ကြီးရွယ်အိုများကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ မြန်မာမှု ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်နိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှု၊လူမှုရေးစောင့်ရှောက်မှုမြှင့်တင်ရန်နှင့် လိုအပ်သည့်နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊

(ခ) နိုင်ငံတော်နှင့် စေတနာရှင်များက သက်ကြီးရွယ်အိုများအား ထောက်ပံ့ပေးအပ်ခြင်းဖြင့် လည်းကောင်း၊ သက်ကြီးရွယ်အိုများဆောင်ရွက်နေသောဝင်ငွေရလုပ်ငန်းများကို တိုက်တွန်းအားပေးခြင်းဖြင့် လည်းကောင်း သက်ကြီးရွယ်အိုများ၏ဝင်ငွေလုံခြုံမှုကို ဆောင်ရွက်ပေးရန်၊

(ဂ) သက်ကြီးရွယ်အိုများသည် မိမိကိုယ်မိမိစောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုများအား လုံလောက်စွာ ရရှိစေရန်၊

(ဃ) စောင့်ရှောက်မည့်သူမရှိသည့် ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူ များအတွက် ဘိုးဘွားရိပ်သာများတွင် နားခိုစောင့်ရှောက်မှု ပေးနိုင်ရန်၊

(င) အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုအဖွဲ့များကို တိုးမြှင့်ဖွဲ့စည်းခြင်းဖြင့် လူမှုရေးနှင့်ရပ်ရေးရွာရေးများတွင် သက်ကြီးရွယ်အိုများ ပါဝင်ဆောင်ရွက်ရေးကို တိုးမြှင့်နိုင်ရန်၊

(စ) အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်များတွင် သက်ကြီးရွယ်အိုများ လွယ်ကူစွာရရှိနိုင်သော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရန်၊

(ဆ) လှုပ်ရှားသွားလာ နေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် ဈေးနှုန်းသက်သာ၍ လွယ်ကူစွာအသုံးပြုနိုင်သော အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးနိုင်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်များနှင့် နောက်ဆက်တွဲကာလများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေကြေးအထောက်အပံ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကယ်ဆယ်ရေးစခန်းများ စီစဉ်ပံ့ပိုးရာတွင် သက်ကြီးရွယ်အိုများအတွက် အထူးအလေးထားဆောင်ရွက်ရန်၊

(ဈ) သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ရရှိနိုင်စေရန်၊

(ည) မြန်မာနိုင်ငံသားတိုင်းရရှိနိုင်မည့်အခွင့်အရေးနှင့် ဤဥပဒေအရ ပြဋ္ဌာန်းထားသော အခွင့်အရေးအားလုံးကို သက်ကြီးရွယ်အိုများရရှိနိုင်စေရန်။

**အခန်း(၃)**

**မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် လည်းကောင်း၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ကာကွယ်ရေးနှင့် သက်ကြီးရွယ်အိုများအား ကြည့်ရှုစောင့်ရှောက်ရေးအတွက် လည်းကောင်းမူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ခြင်းများပြုနိုင်ရေးအတွက်သော်လည်းကောင်း အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) ဒုတိယဝန်ကြီး (သို့မဟုတ်)အမြဲတမ်းအတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ဒုတိယဝန်ကြီး (သို့မဟုတ်)အမြဲတမ်းအတွင်းဝန် ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ဒုတိယဝန်ကြီး (သို့မဟုတ်)အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ဒုတိယဝန်ကြီး (သို့မဟုတ်)အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ဒုတိယဝန်ကြီး (သို့မဟုတ်)အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ဒုတိယဝန်ကြီး (သို့မဟုတ်)အမြဲတမ်းအတွင်းဝန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(၉) ဒုတိယဝန်ကြီး (သို့မဟုတ်)အမြဲတမ်းအတွင်းဝန် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၀) ဒုတိယဝန်ကြီး (သို့မဟုတ်)အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၁) ဒုတိယဝန်ကြီး (သို့မဟုတ်)အမြဲတမ်းအတွင်းဝန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၂) သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများမှ ၃ ဦးထက် မပိုသော ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၁၃) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် — အဖွဲ့ဝင်

(၁၄) ဥက္ကဋ္ဌ၊မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း — အဖွဲ့ဝင်

(၁၅) ပြည်တွင်းရှိ အစိုးရမဟုတ်သောသက်ကြီးရွယ်အိုဆိုင်ရာ အဖွဲ့အစည်းများမှ ၅ ဦးထက်မပိုသောသင့်လျော်သည့် ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၁၆) ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန — အတွင်းရေးမှူး

(၁၇) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ခ) လိုအပ်ပါက မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများ ဆိုင်ရာကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုအပ်သော မူဝါဒများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) သက်ကြီးရွယ်အိုများ၊ အထူးသဖြင့် အိုမင်းမစွမ်းသူများအား ထိရောက်စွာ ထောက်ပံ့ကူညီရေးနှင့် စောင့်ရှောက်ရေးတို့အတွက် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်း၊ စီမံချက်နှင့် အစီအစဉ်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုအပ်သော လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် အကြံပေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဃ) သက်ကြီးရွယ်အိုများအတွက် မိသားစုစောင့်ရှောက်မှု၊ အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုလည်းကောင်း၊ထောက်ပံ့ရန်လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ကူညီထောက်ပံ့မှုတို့ကိုလည်းကောင်း လုပ်ငန်းအစီအစဉ်များချမှတ်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြန်မာ့ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များအပေါ် အခြေခံတည်ဆောက်ထားသော မိသားစုပုံစံကိုပိုမိုခိုင်မာစေရန် အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်ကသဘောတူလက်ခံထားသော သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာကြေညာစာတမ်းများ၊ သဘောတူစာချုပ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ကြီးရွယ်အိုများ ကြုံတွေ့ရသည့်ပြဿနာများ၏ အခြေခံအကြောင်းအရင်းများ၊ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ဖော်ထုတ်နိုင်မည့်လေ့လာမှုများ၊ သုတေသနပြုခြင်းများ တိုးမြှင့်ဆောင်ရွက်ပြီး ထိရောက်သောလုပ်ငန်း လမ်းညွှန်ချက်များချမှတ်ပေးခြင်း၊

(ဈ) သက်ကြီးရွယ်အိုများ၏ပြဿနာများ၊ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ပြည်သူများနားလည်သဘောပေါက်စေရန် အသိပညာပေးခြင်း၊

(ည) စောင့်ရှောက်ရေးဌာနများ၊ အပန်းဖြေနားနေရန်နေရာများ၊ သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာနများနှင့် ဘိုးဘွားရိပ်သာများ တည်ထောင်ဖွင့်လှစ်ခြင်း၊ လမ်းညွှန်ချက်များနှင့် စည်းကမ်းချက်များချမှတ်ခြင်း၊ လိုအပ်သော ပံ့ပိုးမှုများပေးခြင်း၊

(ဋ) သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရေးသည် မျိုးဆက်သစ်လူငယ်များတွင် တာဝန်ရှိသည်ဟူသော ခံယူချက်တိုးပွားလာစေရန် ကျောင်းများနှင့် အခြားသင့်လျော်သောနေရာများတွင် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားအစီအစဉ်များ ပြုလုပ်ပေးခြင်း၊

(ဌ) သက်ကြီးရွယ်အိုများခံစားခွင့်ရှိသော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များပေးခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ မန္တလေး
# သူနာပြုဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ မန္တလေး၌ ဖွင့်လှစ်မည့်သူနာပြု မဟာသိပ္ပံဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ ဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**သူနာပြုမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုမဟာသိပ္ပံ(လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ခ) | သူနာပြုမဟာသိပ္ပံ(မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဂ) | သူနာပြုမဟာသိပ္ပံ (ကလေးကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဃ) | သူနာပြုမဟာသိပ္ပံ(စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (င) | သူနာပြုမဟာသိပ္ပံ(ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (စ) | သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုပညာ) | ၂ နှစ် |
| (ဆ) | သူနာပြုမဟာသိပ္ပံ (အရိုးအထူးပြုသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဇ) | သူနာပြုမဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ) | ၂ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) သူနာပြုသိပ္ပံဘွဲ့(သို့မဟုတ်)မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၅၀)ထက်မကြီးသူဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဖေယျ)(သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်)အခြေခံဝန်ထမ်းလောင်း အငယ်တန်းသင်တန်း(သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်း တက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၇-၂၀၁၆ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို သူနာပြုတက္ကသိုလ်၊ မန္တလေးသို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်မှာ ၂၁-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)ကို သူနာပြုတက္ကသိုလ်၊ မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD -၀၁၂၈၇၆သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) မန္တလေးမြို့ရှိသူနာပြုတက္ကသိုလ်၊ မန္တလေး၊ ငွေစာရင်းအမှတ် MD -၀၁၂၈၇၆သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ မန္တလေး၏ ကျောင်းသားရေးရာဌာနစိတ် ဖုန်း-၀၂-၈၀၄၀၅၊ လိုင်းခွဲ (၁၂၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်)သူနာပြုတက္ကသိုလ်၊ မန္တလေး၏ Website:www.uonmdy.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ မန္တလေး**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါ အမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၄၄/မမ/CE | **တိုင်းအမှတ်(၇)ရန်ကုန်**<br>- ပြည်လမ်းဘူတာ အမှတ်(၃၆)(၂)ခန်းတွဲနေအိမ်(၁)လုံး မီးဘေးသင့်၍ ပြန်လည်ဆောက်လုပ်ခြင်း |
| ၂ | ၄၅/မမ/CE<br>၄၆/မမ/CE | **မြစ်ငယ် Dry Port စီမံကိန်း**<br>- မြစ်ငယ်တွင် ရထားရဲတပ်ခွဲရုံးဆောက်လုပ်ခြင်း (လျှပ်စစ်မီး အပါအဝင်) ( 50' x 21'6" x 12' )HT (အုတ်တိုက်၊သွပ်မိုး)<br>- မြစ်ငယ်တွင် ဘောလုံးကွင်းသစ် တည်ဆောက်ခြင်း (၆)လက်မထု မြေဖို့ခြင်း၊ သွပ်ဆူးကြိုးကာရံခြင်း (၁၄၀၀ ပေ) ပွဲကြည့်စင်အဟောင်း ဖျက်သိမ်းခြင်းနှင့် (70' x 30') ပွဲကြည့်စင်အသစ် တည်ဆောက်ခြင်း |
| ၃ | ၄၇/မမ/CE | **နေပြည်တော်ဘူတာ တည်ဆောက်ရေးစီမံကိန်း**<br>- နေပြည်တော်ဘူတာ တည်ဆောက်ရေးစီမံကိန်းမှ စက်ခေါင်းရုံအဝင်လမ်း Step Berm မြေဖို့ခြင်းလုပ်ငန်း |
| ၄ | ၃၀/မမ/CME | - အမှတ်(၃၃/၃၄၊၅၅/၅၆၊၅၇/၅၈) အဆန်/အစုန် ရထားတွဲဆိုင်းများအား တွဲထိန်းနှင့် တွဲသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရန်<br>- အမှတ် (၆၁/၆၂)အဆန်/အစုန် ရထားတွဲဆိုင်းများအား တွဲထိန်း၊ တွဲသန့်ရှင်းရေးလုပ်ငန်းနှင့် တွဲအတွင်းပိုင်း ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် |
| ၅ | ၃၁/မမ/CE<br>၃၂/မမ/CE<br>၃၃/မမ/CE<br>၃၄/မမ/CE | - Chain Saw (3'6")(22)Nos ဝယ်ယူရန်<br>- Safety Long Boot (၅၉၂)ရံနှင့် တောစီးအဝတ်ဖိနပ် (၂၁၃၉)ရံ ဝယ်ယူရန်<br>- မီးသတ်ဆေးဘူး(5 Kg) (၄၈၉)လုံး ဝယ်ယူရန်<br>- Steel Wire (၃)မျိုးနှင့် Chain Block (၂)မျိုး ဝယ်ယူရန် |
| ၆ | 15(T)2/MR(E)<br>15(T)3/MR(E)<br>15(T)4/MR(E) | - BS 75R Fish Bolts & Nuts with one spring washer and one flat washer (50000)Sets ဝယ်ယူရန်<br>- 60lb Fish Bolts & Nuts with two nos of spring washer (20000)Sets ဝယ်ယူရန်<br>- High Tension Bolts & Nuts (၆)မျိုး (5000)Sets ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁)မှ(၄)အထိ ၂၅.၇.၂၀၁၆ ( တနင်္လာနေ့ ) (၁၄ . ၃၀)နာရီ
အမှတ်စဉ် (၅)မှ(၆)အထိ ၂၇.၇.၂၀၁၆ ( ဗုဒ္ဓဟူးနေ့ ) (၁၄ . ၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၇.၆.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291985,291994

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၅/၂၀၁၆-၂၀၁၇ ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား
# ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၀/၂၁-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့/ကြာသပတေးနေ့) နံနက် ၀၉း၃၀နာရီ

(ခ) **ရောင်းချမည့်အမျိုးစားနှင့်တန်** - ကျွန်းသစ်လုံး(၁၀၈၃)တန်ခန့်
သစ်မာသစ်လုံး(၂၃၆၃၅)တန်ခန့်
ကျွန်းခွဲသား(၁၂၇)တန်ခန့်
သစ်မာခွဲသား(၂၅၆)တန်ခန့်
(ပိတောက်/တမလန်း သစ်များပါဝင်ပါသည်။)

(ဂ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/ စက်ဌာန(ရုံးချုပ်)မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၇၂/၇၄)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ် သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈တို့တွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်း ရောင်း/စက်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှတာဝန်ယူဆောင်ရွက်နေသည့် လမ်းမကြီးများ၏ လမ်းနယ်နိမိတ်သတ်မှတ်ချက်အား အသိပေးကြေညာခြင်း

မြန်မာနိုင်ငံသည် World Road Association အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံများနည်းတူ လမ်းအဆင့်အတန်းများ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် လမ်းနယ်နိမိတ်များအား ASIAN, ASEAN & GMS Road Standard and Class များနှင့်အညီ အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | လမ်းအဆင့်အတန်း | လမ်းနယ်နိမိတ်အကျယ် | မှတ်ချက် |
|---|---|---|---|
| 1 | အမြန်လမ်းမကြီး(Expressway) | 122m (400') | 4 or more Lanes |
| 2 | အထူးသတ်မှတ်လမ်းများ/အထူးမြို့ပတ်လမ်း ဥပမာ-Special Ring Roads | 91.44m(300') | 4 or more Lanes |
| 3 | နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး (International Highway) (i.e ASIAN Highway, ASEAN Highway, GMS Highway) | 70m(230') | 4 or more Lanes |
| 4 | ပြည်ထောင်စုလမ်းမကြီး(National Highway) | 45.75m(150') | Up to4 Lanes |
| 5 | တိုင်းဒေသကြီး/ပြည်နယ်များဆက်သွယ်သည့်လမ်း (Regions/States Collector Road) | 45.75m(150') | From 2 Lanes To 4 Lanes |
| 6 | ခရိုင်/မြို့နယ်များဆက်သွယ်သည့်လမ်း (Districts/ Townships Collector Road) | 45.75m(150') | 2 Lanes |
| 7 | မြို့နယ်-ကျေးရွာများဆက်သွယ်သည့်လမ်း (Townships-Villages Collector Road) | 30.5m(100') | 1 Lane |

အထက်ပါသတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက အမြန်လမ်းမကြီးဥပဒေနှင့် လမ်းမကြီးများဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လမ်းဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မှတ်ချက်**။ အဆိုပါသတ်မှတ်ချက်သည် မူလ(၁၀၀)ပေ အကျယ်ရှိသည့် မြို့တွင်း၊ ရွာတွင်းလမ်းများအတွက် ယခင်ရှိပြီးဖြစ်သော မြို့/ရွာ လမ်းမဘေးနေအိမ်ဝင်းခြံများနှင့် သက်ဆိုင်ခြင်းမရှိပါ။ လမ်းမကြီးများ ဥပဒေအသစ် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ၂၄-၇-၂၀၁၄ ရက်နောက်ပိုင်း ကျူးကျော်ဆောက်လုပ်မှုများနှင့်သာ သက်ဆိုင်ပါသည်။

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)
## မုံရွာတက္ကသိုလ်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် မုံရွာတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူလိုပါသည်-

(က) Laboratory Equipment - (၅၂) မျိုး
(ခ) Machinery and Equipment - (၁) မျိုး
(ဂ) Furniture - (၈) မျိုး
(ဃ) Educational Books - 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ဘဏ္ဍာဌာန၊ မုံရွာတက္ကသိုလ်၊ မုံရွာမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၁၂၆၁၊ ၀၉-၇၉၀၄၈၄၀၀၆တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**မုံရွာတက္ကသိုလ်**

## အများသိစေရန်ကြော်ငြာအပ်ပါသည်

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ မင်္ဂလာရပ်ကွက်အတွင်း မြေငှားဂရန်အမည်ပေါက် ရရှိပိုင်ဆိုင်ထားပြီး နေထိုင်မှုမရှိသူများအနေဖြင့် မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်သွယ်ဆောင်ရွက်၍ မြို့မြေခွန် ပေးဆောင်ရန် အသိပေးကြော်ငြာအပ်ပါသည်။ လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြို့မြေငှားခွန် ပေးဆောင်ခြင်းမရှိသည့် မြေငှားဂရန်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်တင်ပြသွားမည်ဖြစ်ကြောင်း ကာယကံရှင်များ သိရှိစေရန် ကြော်ငြာအပ်ပါသည်။

**မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး**
**ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၄၀၉၀၁၁၁၊**
**၀၉-၃၆၀၅၁၇၄၂**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၅၅၀၇၁ Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၈/ငဖန(နိုင်) ၀၀၃၂၆၈က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး) သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၄ယ/၅၈၅၅၁ Yundi-110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွန်း ၈/မသန(နိုင်) ၀၀၉၉၉၉က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ စမ်းသပ်စက်ရုံစု(မှော်ဘီ)အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(တင်သွင်းသည့်ဈေးနှုန်းတွင် ရောင်းချသူမှ ရောင်းချရငွေအတွက် ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းရမည့်ကုန်သွယ်လုပ်ငန်းခွန် ၅%အား ထည့်သွင်းတွက်ချက်ပြီးသား အဆိုပြုဈေးနှုန်းဖြစ်ရမည်။)

(က) စက္ကူကုန်ကြမ်း(ဝကြီး) ၆၈၈၅၀ ပိဿာ

**အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၂၇-၆-၂၀၁၆ရက်မှ ၈-၇-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း)

**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန အမှတ်(၆)၊ ကမ္ဘာအေး ဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို စက်ရုံမှူး၊ စမ်းသပ်စက်ရုံစု(မှော်ဘီ)၊ ဖုန်း-၀၁-၉၄၃၇၀၄၂၊ ၀၁-၉၄၃၇၀၄၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## သူနာပြုဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ပညာသင်နှစ် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်းများနှင့် အရေးပေါ်သူနာပြုစုမှု ပညာဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ | ၁၅လ |

**သူနာပြုမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုမဟာသိပ္ပံ(လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ခ) | သူနာပြုမဟာသိပ္ပံ(မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဂ) | သူနာပြုမဟာသိပ္ပံ(ကလေးကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဃ) | သူနာပြုမဟာသိပ္ပံ(စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (င) | သူနာပြုမဟာသိပ္ပံ(ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (စ) | သူနာပြုမဟာသိပ္ပံ(အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ) | ၂ နှစ် |
| (ဆ) | သူနာပြုမဟာသိပ္ပံ(အရိုးအထူးပြုသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဇ) | သူနာပြုမဟာသိပ္ပံ(အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ) | ၂ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) သူနာပြုသိပ္ပံဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ခ) အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်းအတွက် သူနာပြုသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက်နှင့် ဆေးလက်တွေ့အတွေ့အကြုံ (၂)နှစ်ရှိရမည့်အပြင် လွန်ခဲ့သည့် (၂)နှစ်အတွင်း ဆေးလက်တွေ့အတွေ့အကြုံအနည်းဆုံး (၁) နှစ်ရှိပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(ဂ) သူနာပြုမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက် (၁)နှစ်ပြည့်ပြီးသူအမြဲတမ်းဝန်ထမ်း ဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် မဟာသိပ္ပံဘွဲ့အတွက် အသက် (၅၀)ထက်မကြီးသူနှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာအတွက် အသက်(၄၅)နှစ် မကျော်လွန်သူဖြစ်ရမည်။

(င) ရေးဖြေဖြေဆိုသည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်း(သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်းတက်ပြီးသူဖြစ်ရမည်။ အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာအတွက် ၎င်းလိုအပ်ချက်ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။

(**ခြွင်းချက်။** လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်းတက်ရောက်နေသူဖြစ်ပါက ရေးဖြေဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်။)

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၇-၂၀၁၆ ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက်မှာ ၂၁-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀သို့ ပေးသွင်းရမည်။

(**မှတ်ချက်** ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ ၅၊ ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန်ငွေစာရင်းအမှတ် MD -၀၁၁၈၉၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းကောင်း ပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ်၊ ဖုန်း-၀၁-၂၂၂၈၈၃၊၀၁-၂၂၂၈၈၄၊၀၁-၂၂၂၈၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ Website (www.uonygn.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဖြိုးဝေဦး ၁၀/ခဆန(နိုင်)၁၁၉၅၆၀၏ Passport (No.မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## ပထမနှစ်ဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc)၊ (၅)နှစ် သင်တန်းအတွက် ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ (၂၀၀)နှင့် အမျိုးသမီးဦးရေ (၂၀၀) စုစုပေါင်း (၄၀၀) လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၆၀)နှင့်အထက် ရရှိသူဖြစ်ရမည်။

(ဃ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ပါဝင် လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်ပါသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကျန်းမာရေး(က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။

၄။ ပထမနှစ်ဝင်ခွင့် လျှောက်လွှာပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A4-Size)ကွန်ပျူတာရိုက်၍ လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲတင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မူရင်း)

(ခ) အမှတ်စာရင်း(မူရင်း)

(ဂ) လျှောက်ထားသူနှင့်မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ထောက်ခံချက်(မူရင်း)

(င) လိုင်စင်ဓာတ်ပုံ (၃)ပုံ

၆။ လျှောက်လွှာကို ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်းလိပ်မူ၍ ၁၉-၈-၂၀၁၆ရက် (သောကြာနေ့)နောက်ဆုံးထား၍ ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဖုန်း-၀၆၇- ၄၁၆၅၁၂နှင့် ၀၆၇-၄၁၆၅၁၃တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာနမူနာပုံစံ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**ပထမနှစ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)**

ဓာတ်ပုံကပ်ရန်

၁။ အမည်(အပြည့်အစုံ)------ နိုင်ငံသားစိစစ်ရေးကတ်အမှတ်------
၂။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)----------------------
၃။ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ်---ခုနှစ်----စာစစ်ဌာန--------
၄။ လူမျိုး------ ကိုးကွယ်သည့်ဘာသာ------------------
၅။ အမြဲနေထိုင်သောလိပ်စာ/ဖုန်းနံပါတ် ------------------
------------------------------------------
၆။ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် --------------------
------------------------------------------
၇။ ဖခင်အမည်--------- နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------
အလုပ်အကိုင်-------------------------------
မိခင်အမည် -------နိုင်ငံသားစိစစ်ရေးကတ်အမှတ်----------
အလုပ်အကိုင် ------------------------------
၈။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။ - - ၂၀၁၆

------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါကြောင်း လက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။ - - ၂၀၁၆

------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

---

## မြို့တော်ဂေါက်ကွင်းရှိ အသင်းသားများ အသင်းသားလစဉ်ကြေး ပေးသွင်းနိုင်ရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းတွင် အသင်းဝင်ထားသော အသင်းသား(မြန်မာ/နိုင်ငံခြား)အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် လစဉ်ကြေးများပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသည်။ သို့ဖြစ်ပါသောကြောင့် မြို့တော်ဂေါက်ကွင်း၏ စည်းမျဉ်းဥပဒေအပိုဒ် (၉) တွင် တစ်နှစ်နှင့်အထက် ပျက်ကွက်သော အသင်းသား(မြန်မာ/နိုင်ငံခြားသား)များအား အသင်းသားအဖြစ်မှ ရပ်စဲမည်ဟုပါရှိပါသဖြင့် ၃၁-၇-၂၀၁၆ ရက် နောက်ဆုံးထားပြီး အသင်းသားလစဉ်ကြေးများကို လာရောက်ပေးသွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**အထွေထွေမန်နေဂျာ**
**မြို့တော်ဂေါက်ကွင်း**

---

**စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါစက်ရုံများအတွက် ဆောက်လုပ်ရေး၊ စက်ပစ္စည်းများနှင့် အခြားလုပ်ငန်းများအား (CIF, YGN) နိုင်ငံခြားငွေ (US$)(သို့မဟုတ်)မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တည်နေရာ/အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | **ဆောက်လုပ်ရေး** | **(၁၈)မျိုး** |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်) | (၇)မျိုး |
| | (၂) မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ) | (၅)မျိုး |
| | (၃) ဆေးဝါးစက်ရုံ(အင်းရောင်း) | (၅)မျိုး |
| | (၄) သုတေသနဌာန(ရန်ကုန်) | (၁)မျိုး |
| (ခ) | **စက်ပစ္စည်း** | **(၅၁)မျိုး** |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်) | (၁၄)မျိုး |
| | (၂) ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) | (၁၂)မျိုး |
| | (၃) ဆေးဝါးစက်ရုံ(အင်းရောင်း) | (၁၂)မျိုး |
| | (၄) သုတေသနဌာန(ရန်ကုန်) | (၁၃)မျိုး |
| (ဂ) | **အခြားလုပ်ငန်းများ** | **(၃)မျိုး** |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်) | (၂)မျိုး |
| | (၂) သုတေသနဌာန(ရန်ကုန်) | (၁)မျိုး |

**တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၇-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

**တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၀)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)၊ စီမံရေး**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပညာရေးဝန်ကြီးဌာန**
**စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း**
**Singapore- Myanmar Vocational Training Institute**
(SMVTI)

## သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက် (၁၆)နှစ်နှင့်အထက် ရှိသော ကျောင်းသားကျောင်းသူများ လျှောက်ထားနိုင်သည်။

(၂) သင်တန်းကာလ(၆)လတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုအောင်လက်မှတ် (Certificate)ရရှိပါမည်။

(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပါမည်။

(၄) Engineering နှင့် Hospitalit yand Tourism ဘာသာရပ်များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

(၅) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ၊ အမှတ်စာရင်းမူရင်းနှင့်မိတ္တူ၊ ကျောင်းသားနှင့်မိဘ၏ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်တကွ ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။

(၆) ပဏာမရွေးချယ်ခံရပြီး အောင်မြင်သူများ Interview ဖြေဆိုရန် လိုအပ်ပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

**Courses for Hospitality & Tourism**

1. Front Office Operations
2. Housekeeping Operations
3. Restaurant Operations
4. Retail Operations

**Courses for Engineering**

1. Electronics (computer & Networking)
2. Electrical Technology (Electrical Appliances and Special Installations)
3. Residential Air-Conditioning
4. Building Fixtures and Equipment
5. General Welding
6. Mechatronics (Basic Servicing)

**သင်တန်းဖွင့်လှစ်မည့်ရက်**

နိုဝင်ဘာ ၇ရက် ၂၀၁၆ ခုနှစ်

သင်တန်းနေရာ

SMVTI အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်စုံစမ်းရန်ဖုန်း - ၀၉-၇၈၁၀၀၂၅၇၁ (Engineering)
၀၉-၇၈၁၀၀၂၅၇၂ (General Office)
၀၉-၇၈၁၀၀၂၅၇၃(Hospitality and Tourism)

လျှောက်လွှာများကို ၂၇-၆-၂၀၁၆ ရက်မှ ၈-၇-၂၀၁၆ ရက်အထိ နံနက် ၉နာရီမှ ညနေ ၄း၀၀ နာရီအထိ ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးတင်ရမည့်ရက်မှာ ၁၃-၇-၂၀၁၆ ရက်ဖြစ်ပါသည်။

**မှတ်ချက်။ ။ အစိုးရရုံးပိတ်ရက်များ ပိတ်မည်ဖြစ်ပါသည်။**

---

**ဖခင်အမည်မှန်**

ကချင်ပြည်နယ်၊ ပူတာအိုမြို့၊ အထက(ခွဲ)လေယာဉ်ကွင်း၊ အဋ္ဌမတန်း(A)မှ မောင်ဒချီးဂျုံး၏ အမည်မှန်မှာ မောင်ဒချီးဂျုံးရမ် ဖြစ်ပါသည်။

---

**အမည်ပြောင်း**

ဟိုပင်မြို့၊ အလက(ခွဲ)အနောက်၊ အဋ္ဌမတန်းမှ မောင်ဉာဏ်လင်းထွန်းအား မောင်သားညီညီဟု ပြောင်းလဲခေါ်ပါရန်။

---

**ပတ်စ်ပို့ပျောက်**

ကျွန်မဒေါ်ဆာရင်း (ခ) ယုန်ချင်း ၁/မကန(ဧည့်)၀၀၁၄၄၀၏ ပတ်စ်ပို့ အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၇၀၂၂၈၂၃**

---

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း($C_1$) မှ မမွန်းမိုင်ထွယ်ဂိန်၏ ဖခင်အမည်မှန်မှာ ဦးအင်ဆင်းနော်အောင် ဖြစ်ပါသည်။
**ဖုန်း-၀၉-၂၅၇၅၆၈၂၅၂**

---

**အမည်မှန်**

ဦးစိုင်းကျော်၏သမီးကျိုင်းတုံမြို့၊ အထက (၁) သတ္တမတန်း(ခ)မှ မနန်းစံဟွမ် ၏ အမည်မှန်မှာ နန်းစမ်ဟွမ် ၁၃/ကတန(နိုင်)၁၈၉၇၃၀ဖြစ်ပါကြောင်း။ **နန်းစမ်ဟွမ်**

---

**ပျောက်ဆုံးကြောင်း**

မောင်ညီညီအောင် ၁၃/မပတ(နိုင်) ၀၃၁၅၆၈ (ဘ)ဦးပေါ်လ်လီထူ၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၉၅၃၃၁၁၆**

---

**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(က)မှ ခွန်ဆုထွန်း၏ ဖခင်အမည်မှန်မှာ ဦးခွန်သန့်ဇင် ၁၃/တကန(နိုင်)၁၈၇၈၀၅ ဖြစ်ပါကြောင်း။ **ဦးခွန်သန့်ဇင်**

---

**အမည်ပြောင်း**

တောင်ကြီးမြို့၊ အထက (၂)၊ နဝမတန်း (ခ) မှ ခွန်တမျိုးအား ယနေ့မှစ၍ ခွန်အောင်မျိုးဟု ပြောင်းလဲခေါ်ပါရန်။ **ခွန်အောင်မျိုး**

---

**အမည်ပြောင်း**

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ နယ်မြေ(၂)နေ ဦးခွန်သိန်းမောင်အား ယနေ့မှစ၍ ဦးကြိုင် ၁၃/တကန(နိုင်)၁၃၆၁၆၄ ဟု ပြောင်းလဲခေါ်ပါရန်။ **ဦးကြိုင်**

---

**အမည်မှန်**

ဦးအောင်မြင့်၏သမီး တောင်ကြီးမြို့ အထက(၅)၊ စတုတ္ထတန်း(ခ)မှ မစုရတနာ၏ အမည်မှန်မှာ မဆုရတနာ ဖြစ်ပါကြောင်း။ **မဆုရတနာ**

---

**အမည်ပြောင်း**

တောင်ကြီးမြို့၊ အထက (၉)၊ နဝမတန်း(C)မှ ခွန်နေထွန်းအား ယနေ့မှစ၍ ခွန်နေဝင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **ခွန်နေဝင်းထွန်း**

---

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက (၁) ပြွန်တန်ဆာမှ တက္ကသိုလ်ဝင်တန်း(ဂ)တွင် တက်ရောက်ပညာသင်ယူနေသော မဖြူဖြူထွေး၏ ဖခင်အမည်မှန်မှာ ဦးသိန်းလွင် ဖြစ်ပါကြောင်း။

---

**မိဘအမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အထက (၆) တက္ကသိုလ်ဝင်တန်း(A)မှ မနော်ဖောဖော၏ မိဘအမည်မှန်မှာ ဦးအောင်သိန်းထွန်း ၁၂/မဂဒ(နိုင်)၀၄၇၂၉၅ နှင့် ဒေါ်ခင်မြင့်အေး ၁၂/မဂဒ(နိုင်)၁၈၂၃၄၂ ဖြစ်ပါကြောင်း။

## ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ (၃၄)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၃ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသား သွေးဌာန၌ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်လှူဒါန်းနိုင်ပါသည်။

သွေးလှူဒါန်းသူများ အဆင်ပြေစေရန် ၂၇-၆-၂၀၁၆ရက်မှစတင်၍ ဖုန်း-၀၁-၃၇၂၇၅၃ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

## မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၈ ခုနှစ် ဝါဆိုလဆန်း (၁)ရက်မှ လဆန်း (၇) ရက်အထိ ၅-၇-၂၀၁၆ရက်မှ ၁၁-၇-၂၀၁၆ ရက်အထိ တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများစာရင်းပေးသွင်းနိုင်ကြပါသည်။

**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌**
**၂၀၁၅ ခုနှစ် ဇာရီမှုအမှတ် ၂၃**

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက် (၎င်း၏ကိုယ်စား လက်ထောက် အထွေထွေမန်နေဂျာဒေါ်သက်သက်မာ) | **နှင့်** | ၁။ ဒေါ်စုစုလှိုင် ၂။ ဦးဇော်မျိုးအောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၁၉၅/၂၀၁၃ အမှုတွင် အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၆၄၄၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဒေါ်စုစုလှိုင်(ခ) ဒေါ်ငြိမ်းငြိမ်းငွေး အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့် အကျိုးခံစားခွင့်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀၀(ကျပ်တစ်ထောင့်ငါးရာတိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရသမျှဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခဲ့ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှ ကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည်ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်နိုင်ခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ ခုနှစ် ဇွန် ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(တင့်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**ရန်ကုန်မြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သာကေတမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၇ နှင့်ဆက်နွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၂၁**

| | | |
|---|---|---|
| ဒေါ်အေးမေ(၎င်း၏အခွင့်ရ ကိုယ်စားလှယ် မပိုးဝါဖြူ) | **နှင့်** | ဒေါ်မြစိန် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အမှတ် ၆၆၁ (ခ)၊ မင်းဘူးလမ်း၊(၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မြစိန် သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၅ ရက် (၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဇွန် ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ရန်ကုန်မြို့၊ မေခအိမ်ရာနေ ဦးဝင်းနိုင် (Mectronic) ဇနီး ဒေါ်တင်ထွေးရီတို့၏ သမီးလတ် မအိသဥ္ဇာမိုးသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၂၀၁၅-၂၀၁၆ခုနှစ်တွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**မုဒ့်မှုကြီးမေများ-ဒေါ်နီလာကျော်**
**ဒေါ်မဥ္ဇူကျော်**
**ဒေါ်သိင်္ဂီကျော်**
**ဒေါ်သီတာကျော်**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ
ဦးမျိုးတင့်(လက်ထောက် အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-
ဒေါ်ယဉ်ယဉ်ထွေးတို့၏သားကြီး

**မောင်ကျော်လင်းဦး**

**B.A.(International Relations), Webster University Thailand**
**M.A. (Political Science), Ramkhamhaeng University Thailand**
**Associate Director (Center for Peace and Reconciliation)**
**ရုံးအဖွဲ့တာဝန်ခံ (ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ)**

**နှင့်**

တောင်ကြီးမြို့နေ ဦးမောင်မောင်မြင့် (ဒုတိယထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း -ငြိမ်း)-ဒေါ်ခင်ဝင်းမော်တို့၏သမီးငယ်

**မခင်သူသူမြင့်**

**B.PHARM, University of Pharmacy (Mandalay)**

တို့သည် ၂၁-၆-၂၀၁၆ ရက် (အင်္ဂါနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်လင်းဦး-မခင်သူသူမြင့်**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
(ဦးစိုးမြင့်ဝင်း)-ဒေါ်သန်းသန်းအေးတို့၏
တစ်ဦးတည်းသောသား

**မောင်မျိုးသန့်ခိုင်**

**(Final Part 2, MBBS ဆေးတက္ကသိုလ်-၁)**

**နှင့်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးထင်အောင်ကြည်-ဒေါ်ခင်သန္တာဦးတို့၏သမီးလတ်

**မမေမှူးထင်**

**(Final Part 2, MBBS ဆေးတက္ကသိုလ် -၁)**

တို့သည် ၂၆-၆-၂၀၁၆ရက် Western Park Royal Restaurant ၌ နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မျိုးသန့်ခိုင်-မမေမှူးထင်**

### ဖခင်အမည်မှန်

နေပြည်တော်၊ အထက (၅) အေလာဆဋ္ဌမတန်း(B)တွင် ပညာသင်ကြားနေသော မသန္တာကျော်ဇင်၏ ဖခင်အမည်မှန်မှာ ဦးယုလွင်(အစား) ဦးစန်းယုလွင် ၉/လဝန(နိုင်)၁၂၃၃၉၈ ဖြစ်ပါကြောင်း။

**ဦးစန်းယုလွင်**

### အမည်မှန်

မင်းပြားမြို့၊ ဥက္ကာပုံရပ်ကွက်နေ ဦးစံသာဦး၏သမီး မစုမြတ်နိုင် ၁၁/မပန(နိုင်)၀၉၃၅၃၅ ၏ အမည်မှန်မှာ အိမ်ထောင်စာရင်းအရ မစုမြတ်မွန် ဖြစ်ပါကြောင်း။ **မစုမြတ်မွန်**

### ဖခင်အမည်မှန်

နေပြည်တော်၊ အထက(၅)အေလာ တက္ကသိုလ်ဝင်တန်းအောင် မရီရီမြင့်၏ ဖခင်အမည်မှန်မှာ ဦးဖိုးစန်း(အစား) ဦးဘိုဆန်း ၉/လဝန(နိုင်)၀၁၀၈၄၃ ဖြစ်ပါကြောင်း။

**ဦးဘိုဆန်း**

### တစ်ဦးတည်းဖြစ်ကြောင်း

မင်းပြားမြို့၊ ပုလဲတောင်ကျေးရွာနေ ဦးသန်းမောင်၏သမီး မဂေါက်ချေ ၁၁/မပန(နိုင်) ၁၂၀၃၉၆နှင့် ခင်မာနွယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးခရိုင်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၃**

| | | |
|---|---|---|
| ဇရာရွှေဝါကုမ္ပဏီလီမိတက် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်) | **နှင့်** | ဦးသိန်းဟန် |
| **တရားနိုင်** | | **တရားရှုံး** |

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ဘူတာပတ်လမ်း(သီတာလမ်း)၊ အမှတ် ၆၃ နေ ဦးသိန်းဟန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်သို့ လွှဲပြောင်းပေးပို့သောအမှု၌ တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ ခုနှစ် ဇွန် ၂၈ ရက် (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ် ဇွန် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဝင်းယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ကြီးခရိုင်တရားရုံး**

## (၄၁)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲကျင်းပမည်

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင် ဝါကပ်တော်မူကြမည့် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ၊ ရွှေပြည်သာမြို့ဦး၊ သာစုကန်စေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့များ၏ သြဝါဒစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်တွင်းပြည်ပ ပရိယတ်၊ပဋိပတ်သာသနာပြုအကျော် သက်တော်ရှည်ကျေးဇူးရှင်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်ကို ဦးထိပ်ထားလျက် ဂန္ထဓူရ၊ ဝိပဿနာဓူရနှစ်ပါးကို အားထုတ်လျက်ရှိကြသော သံဃာတော်အရှင်သူမြတ်အပါး (၄၅၀)ကျော်နှင့် သာသနာ့နွယ်ဝင်သီလရှင်အပါး (၂၅၀)ကျော်တို့အား ဓူရနှစ်ပါးကို ကျန်းမာချမ်းသာစွာ အားထုတ်နိုင်ပါစေခြင်းအကျိုးငှာ ၁၃၇၈ခု ဝါဆိုလပြည့်နေ့ ၁၉-၇-၂၀၁၆ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂း၀၀ နာရီတွင် ဘ၀ဘောဂတောင်းတကင်းကွာ အဝိဇ္ဇာနှင့်တဏှာတို့ ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ စိတ်ရည်သန်လျက်စုပေါင်း ကြည်ညိုလမြတ်ဝါဆိုမှာ ထူးမြတ်လှသည့် ဝါဆိုသင်္ကန်းနှင့် ဝတ်စုံတို့ကို ဆက်ကပ်လှူဒါန်းကုသိုလ်ထူးကိုပြုလုပ်နိုင်ရန် ဖြူစင်သောမေတ္တာစိတ်ထားဖြင့် ပါရမီရှင်များအား ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်**
**တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံ**
**ဖုန်း-၀၉-၂၅၀၃၆၅၁၁၅၊၀၉-၈၆၃၀၃၁၃**

## ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

သမီးလေး မထက်ယမင်းအောင်ကို ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ်ပေါင်း ၅၆၂ မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမရရှိအောင် သင်ကြားပြသပေးခဲ့ပါသော **အထက(၂)ဗဟန်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်းနှင့်တကွ ဆရာ၊ ဆရာမများ**အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျောင်းဂုဏ်ဆောင်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဖေဖေ-ဦးစိန်သောင်း**
**မေမေ-ဒေါ်လွင်လွင်အောင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း အထကကျောင်းတွင် ပညာသင်ကြားနေသော မစုလှိုင်ငွေး တက္ကသိုလ်ဝင်တန်း၏ ဖခင်မှာ စုတည်ကျေးရွာနေ ဦးဝင်းမြိုင်(ခ) ဦးဝင်းလှိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဝင်းမြိုင်(ခ)ဦးဝင်းလှိုင်**
**၁၂/လမန(နိုင်)၀၈၅၆၀၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ မြောက်ပိုင်း၊ စီဖိန်းကျေးရွာအုပ်စု၊ ပင်ကြိမ်(သစ်)ကျေးရွာနေ မနန်းရတနာထွေး၏ မိခင်မှာ ဒေါ်ထွေးယုံ(ခ)ဒေါ်နန်းထွေးထွေးယုံ ၁၃/ရစန(နိုင်) ၀၄၃၂၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်ထွေးယုံ(ခ)ဒေါ်နန်းထွေးထွေးယုံ**

### ဒဂုံမြို့သစ်

**ဆိပ်ကမ်း၊**
**တောင်ပိုင်းမြေကွက်**
**ဝယ်လိုသည်။**
**ဖုန်း-၀၉-၄၃၀၈၃၈၇၉**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ အထက၊ အုန်းတောမှ ခုံအမှတ်/တမ-၄၇၀၁ ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မောင်ဇင်ကိုဦး၏ ဖခင်ဦးသိန်းလွင်နှင့် ဦးသိန်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးသိန်းလွင်(ခ)ဦးသိန်းထွန်း**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ် အထက (မုတ္တမ)၊ န၀မတန်းမှ မခိုင်ယမုံ၏ ဖခင်အမည်မှန်မှာ ဦးမင်းရန်အောင် ၁၀/ပမန(နိုင်)၀၈၃၆၆၈ ဖြစ်ပါကြောင်း။
**ဦးမင်းရန်အောင်**

### ငှားမည်

မ/ဒဂုံမြို့နယ် အောင်ဆန်းသူရိယလှသောင်းလမ်း၊ ဗိုလ်မှူးဗထူးအိမ်ရာအနီး BN တစ်ထပ် ၄၀'×၆၀'
**ဖုန်း-၀၉-၄၅၀၀၁၄၀၆၈**
**၀၉-၇၃၁၉၀၁၁၉**

### ကွန်ဒိုအခန်းငှားမည်။

**1500Sqft,1MBR,2BR, 4AC, Lift, 3 SideOpen ၊ ပါကေး၊ ဖုန်း၊ အင်တာနက်၊ ကားပါကင်**
**အလုံတာဝါ၊ကမ်းနားလမ်း၊အလုံမြို့နယ်**
**09-5640374**

### ငှားမည်

စမ်းချောင်းမြို့နယ်တွင်း လမ်းထိပ်တွင် ဈေးရှိ ၁၂½ပေ×၅၀ပေမြေညီတိုက်ခန်း (၃သိန်း)
**ဖုန်း-၀၉-၇၉၉၈၅၆၀၄၄၊**
**၀၉-၄၂၂၄၈၁၄၆၈**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၄၀ယ/၁၄၁၆၅ Super Anbo ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင် ၁၃/ညရန(နိုင်) ၀၇၇၀၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ပြင်ဆင်မှုကို ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ ကြားသိစေသည့် အကြောင်းကြားစာ

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၆ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၇၇**

| | | |
|---|---|---|
| ၁။ ဒေါ်တင်လေးညွန့် ၂။ ဦးငွေးလှိုင် | **နှင့်** | ဦးခွန်အောင်အောင်မျိုးဦး |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူ** |

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၉၉၁/၂၀၁၁ အမိန့်ကိုပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသော အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်း သွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၆ခုနှစ် ဇူလိုင် ၂၅ရက် (၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်) တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင်တို့အတွက် ရှေ့ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ ခုနှစ် ဇွန် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(ခိုင်ခိုင်လေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃ဟ/၂၄၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်သန်း ၂/ဒမဆ(နိုင်)၀၃၁၄၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မြမြ ၁၃/တကန(နိုင်) ၀၉၄၁၆၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၁၄၆၆၇**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းကြွေ (သာပေါင်း)
**အသက်(၈၃)နှစ်**

ဇရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့၊ (၁)ရပ်ကွက်၊ ကညင်ချောင်းလမ်းနေ (ဦးအောင်ရင်-ဒေါ်သိန်းမယ်)တို့၏သမီး၊ (ဦးတာတီး)၏ဇနီး၊ (ဦးသန်းငွေ)-ဒေါ်လှသိန်း၊ (ဦးစံဘ)-ဒေါ်သန်းရင်၊ ဦးသံချောင်း-ဒေါ်စန်းရွှေ၊ ဒေါ်သန်းရှင်၊(ဦးစိန်ထူး)-ဒေါ်အေးမြင့်တို့၏အစ်မ၊ ဦးလှမြင့်-ဒေါ်အုန်းရီ၊ ဦးသိန်းလှိုင်-ဒေါ်ခင်အေးမူ၊ ဒေါ်ခင်ချို၊ ဦးသက်မြင့်-ဒေါ်တင်မေရီ၊ ဒေါ်ခင်မူမူဝင်း၊ ရဲမှူးကြီးခင်မောင်အေး-ဒေါ်ခင်မာလာအေး၊ ဦးသော်ဇင်-ဒေါ်စန်းကြည်၊ ဗိုလ်မှူးကြီးကျော်အောင်(ငြိမ်း)-ဒေါ်စန္ဒာလွင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပုသိမ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် (၁)ရပ်ကွက် ထန်းသုံးပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂-၇-၂၀၁၆ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းကြွေ
**အသက်(၈၃)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူခင်းရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်အေး၏မိခင် ဒေါ်သန်းကြွေသည် ၂၆-၆-၂၀၁၆ရက် နံနက် ၈နာရီတွင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့်တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းကြွေ
**အသက်(၈၃)နှစ်**

မူခင်းရဲတပ်ဖွဲ့၊ ဒုတိယမူခင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်အေး-ဒေါ်ခင်မာလာအေးတို့၏မိခင်၊ ဇရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့၊ (၁)ရပ်ကွက်၊ ကညင်ချောင်လမ်းနေ ဒေါ်သန်းကြွေသည် ၂၆-၆-၂၀၁၆ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မူခင်းရဲတပ်ဖွဲ့မှူး၊**
**မူခင်းရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ**

ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲလွင်
**အသက်(၅၆)နှစ်**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရာသက်ပန်အသင်းဝင်၊ တိုင်းဦးစီးမှူး(ဒုတိယတန်း)စီမံ ဂုဏ်ထူးဆောင်ကြက်ခြေနီတပ်ဖွဲ့ဝင်၊ ဂုဏ်ထူးဆောင် အမှုဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဟိုတယ်/ခရီး-ကမ်းနားလမ်းဟိုတယ်(ငြိမ်း)၊ နိုင်ငံခြားသင်္ဘောသားဟောင်းများအဖွဲ့၊ တိုင်းဦးစီးမှူး(ဒုတိယတန်း)စီမံ ဦးရဲလွင်သည် ၂၆-၆-၂၀၁၆ရက် နံနက် ၄း၀၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

# ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဥမ္မာမြင့်(ခ)မီးမီး
**B.A, MA (History)**
**ဒါရိုက်တာ၊ မြင့်မိသားစုကုမ္ပဏီလီမိတက်**
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ် ၆ လမ်း၊ အမှတ် ၁၇ နေ ဦးလှမြင့် (ဒါရိုက်တာ၊ အသေးစားနှင့် အလတ်စားစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ရီရီညွန့် (မြင့်မိသားစု ကုမ္ပဏီလီမိတက်)တို့၏သမီး၊ ဗိုလ်မှူးမင်းထွဋ်ဟန်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ စီမံဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ ဦးချိုမြင့် (MD မြင့်မိသားစုကုမ္ပဏီလီမိတက်)၊ မြတ်နန်းယုံ ငွေရေးကြေးရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်)-ဒေါ်စန္ဒာ(ဒါရိုက်တာ၊ မြတ်နန်းယုံဟိုတယ်၊ နေပြည်တော်)တို့၏ ချစ်လှစွာသောညီမ၊ မခင်စုယဉ်မင်း(ခ)ကိုးကိုး (အထက-၁၊ ဒဂုံ)၏ ချစ်လှစွာသောမိခင် ဒေါ်ဥမ္မာမြင့်(ခ)မီးမီးသည် ၂၄-၆-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဗိုလ်မှူးကြီးညိန်းမောင်(ငြိမ်း)-(ဒေါ်မေမေခင်)မိသားစု**

## ဦးမြင့်သိန်း
**CDC (4024)**
**Golden Eagle Co.,Ltd.**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ၁၆လမ်းနေ (ဦးဝင်းခင်-ဒေါ်တင်ဥ)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗာဒံပင်လမ်း၊ အမှတ် ၁၃နေ ဒေါ်လှလှဝင်း၏ခင်ပွန်း၊ ဦးမျိုးဝင်း-ဒေါ်သွယ်သွယ်မြင့်၊ကိုကျော်စွာမြင့်-မခင်စန္ဒာဝင့်တို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
## ချူဟုတ်ရီ(ခ)ဦးစိန်မြင့်
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၄လမ်း၊ အမှတ် ၂၇(လေးလွှာ)နေ ဒေါ်ချမ်း၏ခင်ပွန်း၊ ဒေါ်ဝင်းဝင်းရီ-ဦးအေးသိန်း၊ဒေါ်နိုင်နိုင်ဝင်း-ဦးလီချောင်ဟွမ်၊ဒေါ်မြတ်မြတ်အောင်၊ဦးထိန်လင်း-ဒေါ်အေးမွန်ခိုင်၊ ဦးမျိုးမင်းအောင်-ဒေါ်ခင်မီမီလတ်တို့၏ဖခင်၊ မဝင်းရတနာအေး၊ မောင်လီကျွတ်အန်း၊ မောင်လီဝေကျဲ၊ မခင်ရတနာမင်းတို့၏အဘိုးသည် ၂၅-၆-၂၀၁၆ရက်(စနေနေ့)ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်ဝင်းကြည်
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ ဦးညိုမြ-ဒေါ်ခင်မြတို့၏သမီး၊ ဦးအုန်းကျော်(ဂျပန်ခေတ်စစ်တက္ကသိုလ်၊ ပထမပတ်၊ ဗိုလ်သင်တန်းကျောင်းဆင်း၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်)၏ဇနီး၊ ဦးထိုက်အောင်-ဒေါ်စန္ဒာအုန်းကျော်၊ ဒေါ်နီလာအုန်းကျော်(TTC)ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ဒေါ်ဝင်းဝါအုန်းကျော်တို့၏ချစ်လှစွာသောမိခင်၊ မောင်ထူးထိုက်အောင်(တတိယနှစ်၊ သွားဆေးတက္ကသိုလ်)၊ မောင်ထူးနောင်ဝင်း(Final၊ရတနာပုံဖိုက်ဘာစီးတီး)တို့၏ဘွားဘွားကြီးသည် ၂၆-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၅း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂-၇-၂၀၁၆ရက် (စနေနေ့) နံနက် ၉နာရီတွင် အမှတ် ၁၇၊ လေးလွှာ၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝင်းကြည်
**အသက်(၉၂)နှစ်**

ဦးအုန်းကျော် (ဂျပန်ခေတ် စစ်တက္ကသိုလ်၊ ပထမပတ် ဗိုလ်သင်တန်းဆင်း)(နိုင်ငံ့ဂုဏ်ရည် ပထမဆင့်)၏ဇနီး၊ ဒေါ်နီလာအုန်းကျော် (TTC ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၏ချစ်လှစွာသောမိခင် ဒေါ်ဝင်းကြည် အသက်(၉၂)နှစ်သည် ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှမြင့်-ဒေါ်သန်းနွဲ့မိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်သိန်း
**အသက်(၇၂)နှစ်**

ပေါင်းတည်မြို့၊ အရှေ့လမ်းနေ(ဦးချိန်စွမ်-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက် ၂၀၄၊ အခန်း ၂၆နေ ဦးခင်မောင်သောင်း၏ဇနီး၊ ဦးနိုင်ဝင်းဦး-ဒေါ်သီတာဦး၊ ဦးဇော်နေထွန်း-ဒေါ်စိုးစိုးခိုင်တို့၏မိခင်၊ မောင်မင်းနိုင်ဦး၊ မောင်ကျော်ရန်နိုင်၊ မမိုးမြင့်သဒ္ဒါ၊ မဖူးပွင့်သံသာ၊ မောင်အောင်ကောင်းခန့်ကျော်တို့၏အဘွားသည် ၂၅-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ဈာပနကိစ္စအတွက် အဆင်ပြေချောမွေ့အောင် အစစအရာရာကူညီဆောင်ရွက်ပေးကြသော ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုကူညီရေးအသင်းမှ ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ပန်းခြင်း၊ သက်န်းနှင့် လှူဖွယ်ဝတ္ထုပေးပို့ကြသူများ၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ၊ ဖေ့စ်ဘွတ်မှဖြစ်စေ နှစ်သိမ့်အားပေးကြသူများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁-၇-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တိုက် ၂၀၄၊ အခန်း ၂၆၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးငွေသိန်း (မော်လမြိုင်)
**(အဝေးပြေးစုပေါင်းမော်တော်ယာဉ် ဥက္ကဋ္ဌဟောင်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စည်ပင်အားကစားဝင်းနေ(ဝဏ္ဏကျော်ထင်ဦးဖိုးမျှင်၊သစ်တောအရေးပိုင်-ဒေါ်တင်)တို့၏သား၊ (ဦးစံလိတ်-ဒေါ်စောတင်)တို့၏သားသမက်၊ (ဒေါ်မေနှင်းကြည်)၏ခင်ပွန်း၊ မော်လမြိုင်မြို့နေ ဦးထင်ကျော်လွင်-ဒေါ်သန်းသန်းအေး၊ ဦးထင်ကျော်ဇင်-ဒေါ်လွင်လွင်မိုး၊ ဦးညွန့်စိန် (Black Hat) - ဒေါ်စုစုခိုင် (ရန်ကုန်မြို့တော်ဘဏ်လီမိတက်)တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၆-၆-၂၀၁၆ရက် နံနက် ၃း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၆ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဇော်မိုးသန်း
**ကထိက၊ သချာင်္ဌာန**
**ရွှေဘိုတက္ကသိုလ်**
**အသက်(၄၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊လင်းတကိုင်းကျေးရွာနေ (ဦးထွန်းမောင်-ဒေါ်ခင်သ)တို့၏သား၊ မြို့သစ် သ-၁၂နေ (ဦးတင်ပိုင်)-ဒေါ်မိုးတို့၏ သားသမက်၊ ကျောက်ပန်းတောင်းမြို့နေ (ဦးပေါ်ရွှေ)-ဒေါ်ပေါ်အေး၊ (ဦးချောရွှေ)-ဒေါ်သန်းသန်း၊ မြို့သစ် သ-၁၆ နေ ဦးအောင်ကြိုင်-ဒေါ်ရင်ကြည်တို့၏ ညီ၊ အမှတ် ၆၅၂နေ (ဦးငွေးမြိုင်)-ဒေါ်ကြင်စော၊ ဦးဝင်းကြိုင်-ဒေါ်ခိုင်ခိုင်ဦး၊ (ဦးရွှေဝင်း) - ဒေါ်တင်အေးကြည်တို့၏ မောင်၊ သ-၁၂နေ ဦးစိုးညွှန့်ဝင်း-ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ၊ မသန်းသန်းဝင်း၊ ကိုထွန်းမင်းလတ်-မငယ်တို့၏ မောင်၊ ကိုမောင်ကျော်-မချိုသဲတို့၏ အစ်ကို၊ မောင်ထွန်းထွန်းဇော်၊ မမိုးပြည့်ပြည့်ဇော်တို့၏ဖခင်၊ ဒေါ်တိုးတိုးအောင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၆-၂၀၁၆ရက်(စနေနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် အမှတ် ၆၅၂ နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်သိန်း (ဘေဘီ)
**(မအူပင်)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊မင်းလမ်း ၂၉/၄၈နေ(ဦးသိန်း-ဒေါ်မမ)တို့၏သမီး၊(ဦးချန်ထွန်းအောင်) ထွေ/ဂျာ(ငြိမ်း)၊ စစ်ဆေးရေး (မြန်မာ့မီးရထား)၏ဇနီး၊ ဒေါ်ခင်ဆွေထွန်း (လ/ထ မန်နေဂျာ၊ ဆေးဝါးစက်ရုံ၊ အင်းစိန်)၊ ဒေါ်ခင်မြင့်ထွန်း၊ ဦးအောင်မြင့်(ဒုကျောင်းအုပ်ကြီး၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း၊ မိတ္ထီလာ)-ဒေါ်ခင်မျိုးမြတ် (ညွှန်ကြားရေးမှူး၊ သင်ကြားရေး၊ မိတ္ထီလာ)၊ ဒေါ်မြတ်မြတ်ထွန်းတို့၏မိခင်၊ မောင်အောင်မျိုးထက်၊ မောင်ဉာဏ်လင်းထက်၊ မသန္တာစံတို့၏အဘွားသည် ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှခိုင်
**အသက်(၆၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၅၀၊ပထမထပ်၊ မဟာသုခလမ်းနေ (ဦးအောင်သိန်း-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးမှတ်-ဒေါ်မမ)တို့၏ ချွေးမ၊(ဦးကြွယ်စိုး)၏ဇနီး၊ကိုသန့်စင်-မမူမူဆွေ၊ မခင်မငြိမ်းတို့၏မိခင်၊ ဒေါ်တင်ရွှေ၊ ဦးထွန်းအေး၊ ဦးခင်မောင်မြင့်တို့၏ညီမ၊ ဦးသိန်းအောင်၊မဝင်းမာတို့၏အစ်မသည် ၂၅-၆-၂၀၁၆ရက် (စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၁-၇-၂၀၁၆ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## အာစီဂရေဂရီ(ခ)ဦးကိုကြီး
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သရဖီလမ်း၊ အမှတ် ၅နေ(ဦးစီစီဂရေဂရီ-ဒေါ်အယ်နီမမလေး)တို့၏သား၊ (ဦးဘထွန်း-ဒေါ်အယ်သယ်)တို့၏သားသမက်၊ (ဒေါ်စင်သီတာ)၊ ဒေါ်မာဂျရီ၊ ဒေါ်နီလင်း၊ (ဦးအော်ဘရေ)တို့၏အစ်ကို၊(ဒေါ်ဒိုရင်းညွန့်တင်)၏ခင်ပွန်း၊ ဦးဒေးဗစ်-ဒေါ်ဂျယ်ရဒင်း၊ ဦးလှမိုး-ဒေါ်လယ်လိုင်းတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ် သုံးယောက်တို့၏အဘိုးသည်၂၅-၆-၂၀၁၆ရက် (စနေနေ့) ညနေ ၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရှင်ယောဟန် ဘုရားရှိခိုးကျောင်း(လမ်းမတော်)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးဘွန်ကွန်း(ခ)ဦးမြင့်ထွန်း
**(တာမွေလေး)**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသီဂီလမ်း၊ အမှတ် ၅၀၈နေ ဒေါ်ပို(တာမွေလေး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မင်း (ဘူမိ ၇၄)-ဒါရိုက်တာ (ငွေပင်လယ်လှိုင်းတွန့်စက်ရုံ)-(ဒေါ်ခင်ခင်ဝင်း)၊ ဦးခင်မောင်တင့်-ဒေါ်ကျင်ဝေ၊ (ဦးအောင်ဝင်း)-ဒေါ်သန်းသန်းဆွေ၊ (ဒေါ်စန်းစန်းဝေ)၊ ဦးစိန်ဝင်း (ရတနာစိန်သရဖူကုမ္ပဏီ)-ဒေါ်နီနီဝင်း၊ ဦးတင်အောင်-ဒေါ်မိမိခိုင်၊ ဦးသိန်းဦး - ဒေါ်စိုးစိုးမာတို့၏ ဖခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၁ယောက်တို့၏ အဘိုးသည်၂၆-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂-၇-၂၀၁၆ရက် (စနေနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့် (ကြို့ပင်ကောက်)
**မြန်မာ့ဆက်သွယ်ရေး(အငြိမ်းစား)**
**အသက်(၈၄)နှစ်**

ကြို့ပင်ကောက်မြို့၊ ငှက်ကြီးသိုက်ကျေးရွာနေ ဦးဘိုးစံ-ဒေါ်နှင်းတို့၏သား၊ရန်ကုန်မြို့၊သုဝဏ္ဏ၊(၂၉)ရပ်ကွက်၊ တိုက် ၈၁၊ အခန်း ၆၊ ပေါ်ဆန်းမွှေးလမ်းနေ ဒေါ်ကြည်သန်း၏ခင်ပွန်း၊ (ဦးလှထွန်းဦး)-ဒေါ်လဲ့လဲ့မော်၊ ဦးနေစိုး-ဒေါ်စိုးစိုးနွယ်၊ ဦးအောင်သူ-ဒေါ်အေးအေးခိုင်၊ဦးမြင့်အောင်-ဒေါ်သူဇာနွယ်၊ဦးမင်းမျိုးအောင်၊ ဦးတင်ထူးနိုင်-ဒေါ်ဥမ္မာခိုင်တို့၏ဖခင်၊မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးမိုးကျော်ဇော(မိုးမုန့်တိုက်)
**(စမ်းချောင်း)**
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(7/B)နေ ဦးထင်ကျော်-ဒေါ်ခင်ညိုတို့၏သား၊ ထောက်ကြန့်မြို့နေ ဦးသောင်းထွန်း-ဒေါ်နှင်းရွှေတို့၏သားသမက်၊ ဦးတင်ထွန်းအောင်-ဒေါ်သီဂီကျော်(USA)တို့၏မောင်၊ဒေါ်အေးမာလာကျော်၏အစ်ကို၊ မောင်စစ်မှန်(ခ)တာတီဖိုး၏ဖခင်၊ ဒေါ်ငွေငွေဝင်း(ခ)မနိုင်နိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၉း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁-၇-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးမြင့်သိန်း (ငြိမ်း)
**ကြည်း-၁၆၃၁၇**
**စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၂၉၂၊ အခန်း ၈ (ပထမထပ်)နေ (ဒေါ်မြရွှေ)၏ခင်ပွန်း၊ ဒေါ်တင်တင်စိုး၊ မောင်ထွန်းထွန်းလွင်-မရီရီစိုးတို့၏ဖခင်သည် ၂၅-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
## ဦးသောင်း(ခ)ဖိုးသောင်း (ကျိုက်ထော်)
**ဌာနခွဲစာရေးကြီး(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံး**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(ခ)ရပ်ကွက်၊ သမာဓိ ၃လမ်း၊ အမှတ် ၁၈နေ (ဦးထွန်းဟံ-ဒေါ်သင်းစိန်)တို့၏သား၊ (ဦးနု-ဒေါ်တင်အေး)တို့၏သားသမက်၊(ဦးဘသာ-ဒေါ်မြဇင်)၊(ဦးချစ်သိန်း-ဒေါ်တင်မြ)၊ ဦးချစ်ငြိမ်း-(ဒေါ်မြရီ)တို့၏ညီ/မောင်၊ ဦးသန်းအေး-ဒေါ်ခင်ငွေးတို့၏အစ်ကို၊ ဒေါ်လှမြိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးမင်းသောင်း(SOE ELECTRONIC)-ဒေါ်အေးအေးခိုင်၊ ဦးဖြိုးမင်းသောင်း(ရဲအုပ်၊ မူခင်းအကူဌာနစိတ်၊ မန္တလေးတိုင်းဒေသကြီး)-ဒေါ်သဲသဲမြင့်ဇော်၊ ဦးဇင်မင်းသောင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၅-၆-၂၀၁၆ရက်(စနေနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးကျော်သိန်း (ထားဝယ်)
**ရွှေဝယ်သဇင်**
**အသက်(၆၄)နှစ်**

ထားဝယ်မြို့၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ရွာနေ (ဦးထွန်းခင်-ဒေါ်ချစ်ပို)တို့၏သား၊ ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ အမှတ် ၁၈၈၊ မင်္ဂလာလမ်းနှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၀၊ တရုတ်ကျောင်းလမ်းနေ ဒေါ်အေးသီ၏ချစ်လှစွာသောခင်ပွန်း၊ ကိုသက်မောင်ဦး၊ ကိုအာကာဦး၊ ကိုသန်းထွန်းဦး-မဇာခြည်ကျော်၊ ကိုသူရအောင်-မယမုံကျော်တို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၉း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
## ဦးရဲငွေး
**Fitter.C.D.C ၂၀၆၄၆**
**အသက်(၅၉)နှစ်**

၁၉-၆-၂၀၁၆ရက် မြန်မာစံတော်ချိန် ၄း၁၀နာရီတွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားခဲ့သော ဦးရဲငွေး(Fitter)အား ကွယ်လွန်ချိန်မှစ၍ ရက်လည်ပြီးသည်အထိ အစစအရာရာ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးခဲ့ကြသော (C.S.L) ကုမ္ပဏီမှ တာဝန်ရှိလူကြီးများနှင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းပေးကြပါကုန်သော (M.V. MANDALAY. STAR) သင်္ဘောပေါ်မှ သင်္ဘောအရာရှိကြီးများနှင့် သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်များ၊ (C.S.L) ကုမ္ပဏီမှဝန်ထမ်းများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ မိသားစုများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ဦးမြင့်ဝေ
**အထက(၆)ဗိုလ်တထောင်**
**စိန်ပေါလ်ကျောင်းသားဟောင်း**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း(အထက်)၊ အမှတ် ၂၂၆/၂၃၂၊ အခန်း ၂၀၁နေ (ဦးတော်ငါး-ဒေါ်ခင်ထွေး)တို့၏သား၊ ဒေါ်ခင်စန်းဝေ၊ ဦးတင့်ဝေ၊ ဒေါ်ငွေးငွေးဝင်း၊ ဦးအောင်ကြည်ဝေတို့၏အစ်ကိုသည် ၂၅-၆-၂၀၁၆ရက် မွန်းလွဲ ၁း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၆ရက်(သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရဲလွင် အသက်(၅၆)နှစ်
**မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရာသက်ပန်အသင်းဝင်**
**တိုင်းဦးစီးမှူး(ဒုတိယတန်း) စီမံ၊ ဂုဏ်ထူးဆောင်တပ်ဖွဲ့ဝင်၊**
**ဂုဏ်ထူးဆောင်အမှုဆောင်**
**ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့**
**ဟိုတယ်/ခရီး၊ ကမ်းနားလမ်းဟိုတယ်(ငြိမ်း)**
**နိုင်ငံခြားသင်္ဘောသားဟောင်းများအဖွဲ့ဝင်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ(ဦးသန်းအောင်)-ဒေါ်သန်းနုတို့၏သား၊ (ဦးတင်လှ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဦးစိုးဝင်း၊ ဦးထွန်းထွန်း-ဒေါ်နုနုအောင်၊ ဦးမျိုးမြင့်အောင်-ဒေါ်ဝင်းမာသန်း၊ ဦးဝင်းထိုက်-ဒေါ်ဝေဝေအောင်တို့၏အစ်ကို၊ ကိုဇေယျာလွင်-မလဲ့လဲ့ဝင်း၊ ကိုငြိမ်းချမ်းအောင်တို့၏ချစ်လှစွာသောဖခင်၊ မဖူးရွှေဇင်အောင်၏အဖေကြီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၉၂နေ ဒေါ်မော်လီ၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၄း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့ရုံးနှင့် အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရုံးနှင့် အထက်ပါနေအိမ်တို့တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစုနှင့်ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့

## မလေးရှားရောက် မြန်မာရွှေ့ပြောင်းလုပ်သားများအား အလုပ်လုပ်ခွင့် ရရှိအောင် လုပ်ဆောင်ပေး

**ရန်ကုန် ဇွန် ၂၆**

နှစ်နိုင်ငံသဘောတူညီချက်အရ မလေးရှားနိုင်ငံရောက်အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား G to G အစီအစဉ်အရ Work Permit လျှောက်ထားသူများအနက် လူဦးရေငါးထောင်နီးပါးအား Work Permit ရရှိအောင် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း၊ မြန်မာနှင့် မလေးရှား နှစ်နိုင်ငံအစိုးရ သဘောတူ တာဝန်ပေးအပ်ထားသည့် Service Provider ကုမ္ပဏီအဖြစ် လုပ်ကိုင်ခွင့်ရသော Diamond Palace Services ကုမ္ပဏီဥက္ကဋ္ဌ ဦးသိန်းဆန်းက ပြောသည်။ "ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နှစ်နိုင်ငံအစိုးရတာဝန်ပေးချက်အရ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား Work Permit ရရှိအောင်ဆောင်ရွက်ပေးနိုင်မှုမှာ လူဦးရေငါးထောင်နီးပါးရှိသွားပြီ ဖြစ်ပါတယ်"ဟု ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားတွင် ပြောသည်။

အဆိုပါ အစီအစဉ်အရ မြန်မာနိုင်ငံသားစိစစ်၍ လျှောက်ထားသူ ၂၂၇၂၉ ဦး၊ မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၉၄၀၂ ဦး၊ မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်ထုတ်ပေးပြီးသူ ၁၄၁၁၁ ဦး၊ Work Permit လျှောက်ထားသူ ၆၉၂၆ ဦး၊ Work Permit ရရှိသူ ၄၅၂၃ ဦး၊ ကာယကံရှင်ဆန္ဒအရ Check out Memo ပြုလုပ်၍

*စာမျက်နှာ ၈ ကော်လံ ၅* ✱



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ မုန်တိုင်းဒဏ်ခံအဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်

# မုန်တိုင်းဒဏ်ခံအဆောက်အအုံများ ရေရှည်တည်တံ့အောင် ထိန်းသိမ်း

**ရန်ကုန် ဇွန် ၂၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာရှိ မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် အရေးပေါ်သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ခိုလှုံနိုင်မည့်အခြေအနေ၊ စားနပ်ရိက္ခာများ သိုလှောင်ထားရှိနိုင်မည့်အခြေအနေနှင့် မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီက ဖွင့်လှစ်ထားသည့် ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဂျပန်နိုင်ငံအခြေစိုက် INGO အဖွဲ့ဖြစ်သည့် SEED ASIA ၏သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ နယ်လှည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးရာ စီမံကိန်းမန်နေဂျာ Mr.Shigehiro Shibata က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❍



## ရွှေခါးပတ်ချန်ပီယံ ကွာတားဖိုင်နယ်ပွဲစဉ် အထူးစိန်ခေါ်ပွဲတွင် စိုးလင်းဦး(မြန်မာ)က တာဝမ်ချိုင်(ထိုင်း)ကို အလဲထိုးဖြင့်နိုင်

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

**ရန်ကုန် ဇွန် ၂၆**

၂၀၁၆ ခုနှစ် ရွှေခါးပတ်ချန်ပီယံ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဝိတ်တန်းအလိုက် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ နိုင်ငံတကာအထူးစိန်ခေါ်ပွဲတွင် စိုးလင်းဦး(မြန်မာ)က တာဝမ် ချိုင်(ထိုင်း)ကို ဒုတိယအချီမှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်သည့် ၂၀၁၆ ခုနှစ် ရွှေခါးပတ်ချန်ပီယံ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များကို

*စာမျက်နှာ ၈ ကော်လံ ၁* ❁

တာဝမ်ချိုင်(ထိုင်း)ဘယ်ခြေကန်ချက်ကို စိုးလင်းဦး(မြန်မာ)ပိတ်ဆို့ကာကွယ်နေစဉ်

■ **အသစ်ပေါ်ထွန်းလာသည့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ပြည်သူ့အတွက် ရက် ၁၀၀ မှသည် အနာဂတ်မျှော်မှန်းချက်များ**
ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စာ-၁၅-၁၆-၁၇

■ **အဆိုတော် ပရင့်စ်၏ ဂစ်တာကို ဒေါ်လာ ၁၃၇၅၀၀ ဖြင့် လေလံပွဲ၌ ရောင်းချ** စာ-၁၀

■ **တစ်နေ့ရာတည်းကဝယ်ယူသော မုန့်ဖတ်မသန့်မှုကြောင့် ဘုတလင်မြို့နယ် ကျေးရွာနှစ်ရွာမှ လူ ၁၂၉ ဦး ဝမ်းပျက်ဝမ်းလျှောဖြစ်** စာ-၁၂

